www.burmeseclassic.com

ညွှန့်ဝင်းစာပေ

# ဆုလေးနှယ်

ဝိုင်နီမမ . . . သို့မဟုတ်

BURMESE CLASSIC .com

(အချစ်လုံးချင်းဝတ္ထု(သစ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ...... ၅၀၁၅၃၃၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက် ... ၅၀၀၁၇၂၀၂၁၀
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၀ ဇွန် လ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ -ယုဝ

စီစဉ်သူ -ဒေါ်ငွေးငွေးမော်

၇၉၅.၇၃

ဆုလေးနွယ်
ဝိုင်နီမမ.....သို့မဟုတ် / ဆုလေးနွယ်။ - ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၁၀။
၂၄၀ - စာ ၊ ၁၂. ၅ X ၁၇. ၅ စင်တီ။
(၁) ဝိုင်နီမမ.....သို့မဟုတ်

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ်၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပေါ်ပေါက်ရေး။
- ပြဋ္ဌာန်းလိုက်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပြည့်ပြည့်ဝဝဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံး ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ဆုလေးနှယ်

## ဝိုင်နီမမ

(သို့မဟုတ်)...

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသည် ရေသန့်စက်ထဲက ရေအေးအေးလေးကို တစ်ဖန်ခွက်လုံးကုန်အောင် မော့သောက်ပြီးမှ အလှူမီနီယံနှင့် ကန့်ထားတဲ့ အခန်းလေးဆီ တံခါးကို ဘေးသို့တွန်းကာ ဝင်လာခဲ့သည်။

သွယ်က သူမကို အိမ်တံခါး ဖွင့်ပေးပြီးတာနှင့် မီးဖိုခန်းက တည်ထားလက်စ ဟင်းအိုးဆီ ပြန်ပြေးသွားသည်မဟုတ်လား။

အေးအေးဆေးဆေး စကားပင် မပြောအားသေးပါ။

ဤတိုက်ခန်းကလေးထဲ၌ ဝိုင်းစိန်မနှင့် နုနုသွယ်တို့ နှစ်ဦးတည်းသာ နေထိုင်တာဖြစ်သလို ကုမ္ပဏီတစ်ခုတည်းမှာ အလုပ်လုပ်ကြသူချင်းလည်း ဖြစ်ကြပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သွယ်လေးက ရုံးမှာ ရိုးရိုးစတက်ဖ် (Staf) လေးသာ ဖြစ်ပြီး ဝိုင်းကတော့ ပိုင်ရှင်သူဌေးမရဲ့ အတွင်းရေးမှူးတစ်ယောက် ဖြစ်သည်။

အင်မတန် လှပကြော့ရှင်းသော၊ အဆင့်မြင့်သော သူဌေးမလေးရဲ့ ကိုယ်ရေးအတွင်းရေးမှူးဖြစ်သောကြောင့် ဝိုင်းစိန်မရဲ့ ပုံသဏ္ဌာန်ကလည်း မခေလှပါ။

ဝိုင်းသည် အရပ်ငါးပေလေးလက်မ မြင့်သူဖြစ်သလို ကိုယ်ခန္ဓာ အချိုးအဆစ်ကလည်း ပြေပြစ်သွယ်လှသည်။ အသားအရေလည်း ဖြူဝင်းစိုပြေသည်။ လမ်းလျှောက်ပုံလေးကလည်း နွဲ့နွဲ့နှောင်းနှောင်းနှင့် စတိုင်လ်ကျသည်။

ရန်ကုန်ရောက်ကာစတုန်းကတော့ သူမ ဒီလောက်ထိ ဝတ်စားပြင်ဆင်တတ်တာ မဟုတ်ပါ။

အခုမှ မမဝိုင်နီနဲ့ အနီးကပ်နေရတော့မှ မမဝိုင်နီရဲ့ အတုကို ခိုးကာ မိမိကိုယ်မိမိ သပ်ရပ်ကြော့မော့ အဆင့်မြင့်အောင် ပြင်ဆင်တတ်၊ နေထိုင်တတ်လာတာ။

မမဝိုင်နီရဲ့အမေ ဒေါ်ခင်မမဆိုတာ ဝိုင်းစိန်ရဲ့ အမေ ဒေါ်တင့်တင့်ရဲ့ နှစ်ဝမ်းကွဲအစ်မတော်စပ်သူပါ။



BURMESE CLASSIC .com



တကယ်တော့ ဝိုင်းဟာ မမဝိုင်နီနဲ့ အမျိုးတော်လို့သာ ဒီလိုနေရာကောင်းကောင်းကို ပေးကာဟု သွယ်လေးက ဆိုသည်။

ပဲခူးကနေ ရန်ကုန်ကို ထွက်လာကြတော့ အတူတူ။ ဘဝအခြေအနေချင်းလည်း သိပ်မခြားနားကြပါ။

သွယ်လေးကတော့ မောင်နှမ များသည်။

သူမက တစ်ဦးတည်းသော သမီး။

မေမေဆုံးပြီးတဲ့နောက် မေမေ့အစ်မရင်း ကြီးကြီးတို့အိမ်မှာ ဝိုင်းနေလိုက်သေးသည်။

နောက်တော့မှ ရန်ကုန်ကို အလုပ်ရှာဖို့ စွန့်စားပြီး ထွက်လာခဲ့တာ။ ဆွေမျိုးတွေက အဆက်အသွယ် ပြတ်နေကြပြီဆိုပေမယ့် မမဝိုင်နီတစ်ယောက် ကုမ္ပဏီ ထူထောင်ထားတာ သတင်းကြား၍ သူမက အလုပ်သွားလျှောက်ခဲ့တာပါ။

မမဝိုင်နီက မျှော်လင့်ထားသလိုပင် သူမကို ကူညီပေးခဲ့သည်။

အင်း . . . ကျေးဇူးတင်စရာ ကောင်းလေစွ။

ဝိုင်းက စိတ်ထဲက ကျေးဇူးတရားကို အောက်မေ့ရင်း မှန်ရှေ့သို့ လာရပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်က ပြန်လာတာနှင့် အမောပြေ ရေသောက်ပြီးတာနှင့် သူမက ကိုယ့်ကိုယ်ကိုယ် မှန်ထဲ ကြည့်နေကျ။

မနက်က ရုံးကို ထွက်သွားခဲ့တဲ့ ရုပ်နဲ့ အခု ပြန်လာတဲ့ ရုပ်ဟာ ဘာတွေ ကွာခြားသလဲ။

မျက်နှာမှာ ပင်ပန်းနွမ်းလျတဲ့ပုံတော့ ရှိတာပေါ့လေ။ ထုံးထားတဲ့ ဖန်စီဆံထုံးက မပွသေးပေမယ့် နဖူးစပ်မှာတော့ ချွေးစို့နေပြီ။

ဒါက အခုပဲ လေးလွှာပေါ် တက်ခဲ့ရတာကိုး. . .။

နှုတ်ခမ်းပေါ်က ကော်ဖီရောင် နှုတ်ခမ်းဆိုးဆေးလေးကလည်း အရောင်ဖျော့ ပျက်ပြယ်စပြုနေပြီ။

ကားပေါ် တက်ကာနီး ပြန်တစ်ထပ်ဆိုးခဲ့ရမှာ မေ့သွားလို့။

မေ့သွားတာက အခုတလော အလုပ်တွေ ရှုပ်နေသည်။

မမဝိုင်နီ စင်္ကာပူထွက်ရမှာမို့ ပြင်ဆင်နေတာ။

ဒါတိုင်းလည်း အနီးပတ်ဝန်းကျင် နိုင်ငံတွေကို အလည်အပတ်ထွက်၊ ဈေးဝယ်ထွက်နေကျဆိုပေမယ့် ဒီတစ်ခါကတော့ မတူပါ။





ဒီစင်္ကာပူခရီးဟာ မမဝိုင်နီဘဝရဲ့ တစ်ဆစ်ချိုး ခရီးဟု ဆိုရတော့မည်။

ခင်ပွန်းလောင်းဖြစ်သူ ဒေါက်တာ မင်းသီဟပါ အတူတူ လိုက်ပါသွားမှာမို့ မမဝိုင်နီကိုယ်တိုင်လည်း စိတ်လှုပ်ရှားနေခဲ့သည်။ သူမပင် ဘေးကနေ အတူရောပါ ရင်ခုန်သလို ဖြစ်နေရပါသည်။

ဝိုင်းက သူမရဲ့ ဆံပင်မှာ ထိုးစိုက်ထားတဲ့ ဆံညှပ်တွေ၊ ကလစ်တွေကို ဆွဲဖြုတ်၍ ဆံထုံးလေးကို အရင် ဖြေလိုက်သည်။

သရီးစတက် ဆံပင်အခွေလေးက ပြေကျလာရာ၊ သူမက ခေါင်းကလေးတစ်ချက် ယိမ်း၍ ဆံပင်တွေကို ခါပစ်လိုက်သည်။

မှန်ထဲက မျက်နှာလေးမှာ စိုစိုပြေပြေ၊ ဆံပင်ခွေလေးတွေ ကပိုကရို ကျလာတော့ ပို နုပျိုသွားသလို ထင်ရသည်။

ပြီးလျှင် ဝိုင်းက အင်္ကျီကြယ်သီးလေးတွေကို ပုလဲတစ်လုံးချင်း အသာအယာ ဖြုတ်၏။

ဒါ . . . မမဝိုင်နီ ချုပ်တဲ့ ဖက်ရှင်ဆိုင်မှာ အတူတူ လိုက်ချုပ်ထားတဲ့ အင်္ကျီ. . .။



www.burmeseclassic.com

www.burmeseclassic.com



ပိုးသားပျော့ပျော့ ကော်ဖီရောင် အဖျော့လေး. . .။

အသားကလေးက နူးညံ့သလို အရောင်ကလေးက လည်း ဆွဲဆောင်မှု ရှိသည်။

ချုပ်လုပ်ထားတဲ့ ပုံစံက လက်စက ရင်ဖုံးကလေးပါ။ ခါးပေါ်တင်ရုံကလေး အရှည်ချထားတာ။

ချုပ်ပုံက သေသပ်သလို ဝတ်ဆင်ထားတဲ့ သူကလည်း လှပကြော့ရှင်းတာမို့ အင်္ကျီရဲ့ ဆွဲဆောင်မှုက ပေါ်လွင်ချင်တိုင်း ပေါ်လွင်နေသည်။

ခေတ်မီဆန်းပြားတဲ့ အဝတ်အစားတွေကြားထဲ ဒီလို ပိုးထည်ရင်ဖုံးလေးတွေကို ပွဲထိုင် ရှိရှိ မရှိရှိ အမြဲလို ဝတ်ဆင်တတ်တာလည်း မမဝိုင်နီရဲ့ ချစ်စရာစတိုင်လ်လေးပေါ့။

မမဝိုင်လိုမျိုး သိပ်ဝတ်ချင်တာပဲဟု သူမက ရိုးရိုးသားသား ခွင့်တောင်းခဲ့၊ ပူဆာခဲ့တာ။

သဘောကောင်းသော မမဝိုင်နီက သူမကို ချစ်စနိုး ပြုံးကြည့်ရင်း ခွင့်ပြုခဲ့တာ ဖြစ်သည်။

တကယ်တော့ ကုမ္ပဏီပိုင်ရှင် သူဌေးမရဲ့ဟန်မန် ဒီဇိုင်းကို သူမ အတုခိုးသင့်ရဲ့လား မသေချာ။





ဒါပေမယ့် နောက်ပိုင်းဆိုရင် မမဝိုင်နီက စက္ကူပူမှာ အနေများတော့မှာပဲလေ။

သူမကလည်း ကိုယ် အထင်ကြီးအားကျတဲ့ မိန်းမသားတစ်ယောက်ရဲ့ ပုံစံမျိုး သိပ်ဖြစ်ချင်သည်။

လက်ကိုင်အိတ်ကိုတောင် မမဝိုင်နီ ကိုင်သလိုမျိုး ဟန်ပါပါနှင့် ရွရွကလေး ကိုင်တတ်ဖို့ လေ့ကျင့်ရတာ။

ဖိနပ်ဆိုလည်း ပင်န်ဆဲယ်ဟီး အမြင့်လေး။

လုံချည်ဆိုလည်း သိပ်အဖိုးမများတဲ့ ချိတ်ဆင်လေးတွေပေါ့။

အခုလည်း ဝိုင်းရဲ့ ခါးသိမ်သိမ်လေးမှာ ကော်ဖီရောင်ပေါ် အဖြူချိတ်သေးသေးလေးတွေ ရစ်ခွေထားတဲ့ အဆင်ကို ဝတ်ဆင်ထားတာပဲလေ။

ကော်ဖီရောင် ဖိနပ်အမြင့်လေးကိုတော့ တံခါးဝက ဖိနပ်စင်ပေါ် ချွတ်တင်ခဲ့ပြီ။

ဝိုင်းသည် သူမကိုယ်သူမ ကျေနပ်စွာ ကြည့်ရင်း အိမ်နေရင်း တီရှပ်ဖြူနှင့် ရှုံလုံချည်လေး လဲလှယ်ဝတ်ဆင်လိုက်သည်။

ခဏ နားမည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိုးလျှင် ရေချိုး၊ ထမင်းစား၊ တီဗွီကြည့်။

“ဝိုင်းရေ . . .”

“ဟေ”

“ဘယ်မှာလဲ”

“ဒီမှာပေါ့”

ဝိုင်းက အသံပြန်ပေးတာမို့ သွယ်လေးက မျက်မှောင်ကုပ်ရင်း . . .

“ဟင်တော့ . . . အခုထိ အခန်းထဲက မထွက်ရသေးဘူးလား၊ ဘာလုပ်နေတာလဲ ဝိုင်းရဲ့၊ ဒီမှာ ငါ့ဟင်း လာမြည်းပေးပါဦး”

ဝိုင်းက ခုမှ အခန်းထဲက ထွက်ကာ မီးဖိုချောင်ဖက် လျှောက်လာရင်း . . .

“နင်က ဘာဟင်းတွေများ လက်စွမ်းပြထားလို့လဲ”

“ညနေပိုင်းဆိုတော့လည်း ဆင်းရဲသားလိုပေါ့ဟာ”

“အမယ် . . .”

သွယ်လေးစကားကြောင့် ဝိုင်းက ခါးပေါ် လက်ထောက်၍ နှုတ်ခမ်းလေးတစ်ချက် မဲ့လိုက်ပါသည်။





“တကယ်ပြောတာ၊ လူတစ်ယောက်က ကိုယ့်ဝင်ငွေနဲ့ ကိုယ် တိုင်းထွာပြီး၊ မနက်ခင်း စောစောမှာ မင်းသားလေးတစ်ပါးလို၊ ဖွယ်ဖွယ်ရာရာလေး စုံအောင် စားရတယ်တဲ့၊ ငါတို့ဆိုရင်လည်း မင်းသမီးတစ်ပါးလိုပေါ့၊ ဥပမာဟာ ကိုယ်ကြိုက်တဲ့ မုန့်ဟင်းခါးရော၊ ဒွပေါက်ဆီရော၊ အကြော်ရော၊ ကောက်ညှင်းပေါင်းရော၊ ကော်ဖီပူပူလေးရော . . .”

“အင်း . . . မပြီးတော့ဘူးလား၊ ဒါကြောင့် နင် ဝတုတ်ဖြစ်လာပြီ၊ နာမည်ကသာ သွယ်လေး၊ လူကတော့ ဝက်ကလေး”

“ဟဲ . . . ဟဲ . . . ဒီလောက်တော့ ရှိမှာပေါ့”

“နေ့ခင်းပိုင်းကျ ဘာတဲ့လဲ၊ ဒံပေါက်လား၊ အုန်းထမင်းလား၊ ထောပတ်ထမင်းလား”

ဝိုင်းက ရွဲ့မေးလိုက်ပါသည်။

တစ်ပတ်တစ်ခါလောက်တော့ အုန်းထမင်းစားရမှ ကျေနပ်တတ်တဲ့ သွယ်လေးက ရယ်ကျဲကျဲနှင့် . . .

“နင်ပြောတာနဲ့ စားချင်လာပြီ၊ နေ့ခင်းပိုင်းမှာ အကောင်းဆုံးကို စားရတယ်တဲ့၊ ရှင်ဘုရင်တစ်ပါးလို၊ ဘုရင်မလုံးပေါ့ဟာ ပြည့်စုံတဲ့ ထမင်းပွဲမျိုးနဲ့ စုံစုံလင်လင် . . .”



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပိုင်းက ရုံးမှာ စားရတာလေ၊ မမဝိုင်နီက ကိုယ်ကြိုက်တာ မှာစားခွင့် ပေးထားတာပဲ၊ ဘာလိုသေးလို့လဲ"

"အေးလေ . . . အဲဒါကြောင့် တစ်မျိုးပြီးတစ်မျိုး လှည့်မှာစား နေတာပဲ၊ ဒီနေ့ တုန်ယန်းဟင်းချိုနဲ့ မလေးရှားခေါက်ဆွဲမှာတာ၊ မသူဇာက ဘဲပေါင်းဟင်းချိုနဲ့ ယိုးဒယား သင်္ဘောသီးထောင်းဆိုတော့ ငါတို့ဝိုင်းမှာ အပီပဲ၊ ရှုးရှုးရှဲရှဲနဲ့"

"ဟုတ်ပါပြီ . . . ဒါဖြင့် အခု ညစာကရော၊ ဆင်းရဲသားတစ်ယောက်လို ဘာများ စီစဉ်တာလဲ"

"ဒီမှာလေ . . . လမ်းထိပ်ကနေ တို့ဟူးနည်းနည်းဝယ်လာပြီး တို့ဟူးကြော်ချက်လေး လုပ်တယ်၊ ပြီးတော့ ပဲပင်ပေါက်ဟင်းချို . . ."

"သြော် . . . တော်တော် ခဲခဲယဉ်းယဉ်းပဲ၊ ဒါများ . . . ငါ့ကို မြည်းခိုင်းရသေးလား"

"နင်က အပေါ့ အငံ အချို အနေတော်မှ ကြိုက်တာကိုး . . ."

"ရတယ် . . . ရတယ်၊ ဆင်းရဲသားလေးလို စားမှာပဲ၊ ဘာပဲဖြစ်ဖြစ် ရတယ်"





"ဒီလိုမှန်းသိ ကန်စွန်းရွက်ကြော်နဲ့ ငါးပိရည်တို့စရာပဲ လုပ်လိုက်ပါတယ်"

"လုပ် . . . လုပ်၊ အကြောင်းမဟုတ်ဘူး"

တကယ်တော့လည်း ရုံးမှာ စားရတဲ့ နေ့လည်စာကလွှဲလျှင် ကျန်တာက ဖြစ်သလိုပါ။

သွယ်လေးက ကျစ်ကျစ်လစ်လစ်နှင့် ရတဲ့လစာ အကုန်စုတတ်တာမို့ လစာများတဲ့ ဝိုင်းကပဲ အိမ်စျေးဖိုး တာဝန်ယူထားရတော့ သူက အားနာပြီး ချွေတာရေး လုပ်ပေးတတ်သည်။

ညစာကို လက်ဖက်သုပ်လေး၊ အကြော်လေးနှင့်ပဲ ပြီးလိုက်တာက များသည်။

ဝိုင်းကသာ စိတ်ကူးပေါက်ရင် ကိုယ်တိုင် စျေးဝယ်ပြီး ရုံးပိတ်ရက်ဆို ကျကျနန ကိုယ်တိုင်ချက်ပြီး လက်စွမ်းပြတာ၊ ဒါမှမဟုတ်လည်း အပြင်ထွက် စားသောက်သည်။

ရုံးဖွင့်ရက် ငါးရက်စလုံးမှာတော့ သွယ်လေးရဲ့ ဆင်းရဲသား ဥပမာနှင့်ပဲ နှစ်ပါးသွားရသည်။

"ဝိုင်း . . . လာမြည်းပါဆို"

"တော်ပါပြီ . . . ငါ တအောင့်နားပြီး ရေချိုး[illegible]၊ နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေကို မြည်းခိုင်းမနေနဲ့ ကောင်းကောင်း မကောင်းကောင်း အားပေးရမယ့်ကိစ္စပဲ၊ ပြီးရင် ထမင်းသာ ခူးထားတော့”

“ရက်စ်”

သွယ်လေးက သူ့ဟာသူပဲ တစ်ဇွန်း ခပ်မြည်းကာ ဟော့ပလိတ် ခလုတ်ကို ပိတ်လိုက်တော့သည်။

ဝိုင်းစိန်မက တိုက်ခန်းလေးရဲ့ ရှေ့ဘက် ဧည့်ခန်းဆီ ပြန်ထွက်လာသည်။ တော်ကြာဆို ညနေမှောင်ရီပျိုးတော့မည်။

အခုပင် နေရောင် ပျောက်စပြုနေပြီ။

ဝိုင်းက ဝရံတာမှာ ချထားတဲ့ ပလပ်စတစ်ထိုင်ခုံလေးမှာ ထိုင်လိုက်သည်။

ဟိုးအဝေးမှာ အိပ်တန်းပြန် ငှက်ကလေးတွေ အုပ်စုဖွဲ့ကာ ပျံသန်းသွားနေကြသည်။

ဝိုင်းက လည်ပင်းလေးမော့ကာ ကောင်းကင်အမြင့်မှာ ပျံသန်းသွားနေကြတဲ့ ငှက်ကလေးတွေကို ငေးမောကြည့်နေမိသည်။

သူမ ငယ်ငယ်ကတည်းက ငှက်ကလေးတွေ တောင်ပံဖြန့်ပြီး ပျံသန်းတာကို သိပ်သဘောကျခဲ့သည်။





ပဲခူးအိမ်မှာလည်း ဒီလိုပဲ ဝရံတာလေးကနေ မော့ကြည့်ခဲ့ဖူးသည်။

မေမေ့ကိုလည်း သတိရသည်။

အသက်ငါးဆယ်စွန်းစွန်းလေးမှာပဲ မေမေ ကွယ်လွန်သွားခဲ့တာ။

ဝိုင်းက ပင့်သက်ငွေ့ငွေ့လေး ရှိုက်မိ၏။

သွယ်လေးက လက်ကို လက်သုတ်ပုဝါနှင့် သုတ်ရင်း ဝရံတာဆီ ထွက်လာသည်။ ဝိုင်းနံဘေးက ထိုင်ခုံမှာ သူလည်း ထိုင်လိုက်သည်။

“နင် ဘာတွေ စဉ်းစားနေတာလဲ ဝိုင်း”

“မေမေ့အကြောင်းပါ”

“ဪ . . .”

“မနက်ဖြန်ဆိုရင် မေမေ ဒီလောကကြီးက ထွက်သွားတာ ငါးနှစ်ပြည့်ပြီ”

“နင် မနက်ဖြန် ဘာလုပ်ချင်လို့လဲ”

“မနက်စောစော ဘုရားတက်မယ်လေ၊ ပြီးရင် မိဘမဲ့ ဂေဟာသွားပြီး ပိုက်ဆံလှူမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း လိုက်မယ်၊ မနက်ဖြန် စနေကျတာ အတော်ပဲ ပေါ့"

"ငါးကလေးတွေ၊ လိပ်ကလေးတွေ အစာကျွေးမယ်၊ ခို လေးတွေလည်း အများကြီး လွှတ်မယ်"

ဝိုင်းက သူ့စိတ်ကူးလေးတွေ နှုတ်က ရေရွတ်နေမိသည်။ နုနုသွယ်က ခေါင်းတဆတ်ဆတ် ညိတ်၏။

"သွယ်လေး . . ."

"ဟင်"

"နှင်ရော ပဲခူး မပြန်ဘူးလား"

"ဒီတစ်ပတ်တော့ မပြန်သေးပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ် နှင့်မှာက အမေ ရှိသေးတယ်နော်၊ နှင့် အမေကို ဒီခေါ်ထားချင် ခေါ်ထားပါလား၊ အနီးကပ် လုပ်ကျွေး ပြုစုရတာပေါ့၊ ငါဆိုရင် မေမေချက်တဲ့ စားကောင်းသောက်ဖွယ် တွေပဲ စားခဲ့ပေမယ့် မေမေ့ကို တပြန်တလဲ ဘာမှ မချက်ကျွေး လိုက်ရဘူး၊ ကျေးဇူး မဆပ်လိုက်ရဘူး၊ ငါ အခုလို သိန်းချီပြီး ဝင်ငွေရှိလာတဲ့အချိန်မှာ မေမေက မရှိတော့ဘူး"

"အဲလိုတော့ စိတ်မကောင်း မဖြစ်ပါနဲ့ ဝိုင်းရာ၊ နင့်အမေ





လည်း ဆင်းတောင့်ဆင်းရဲနေရတာမှ မဟုတ်တာ၊ သူ့ဟာနဲ့ သူ ပြည့်စုံခဲ့သားပဲ"

"ဒါပေမယ့် မတူဘူးလေဟာ၊ သမီးတစ်ယောက်အနေနဲ့ ငါမှ ကျေးဇူးဆပ်ခွင့် မရတာ"

"အဲဒီတုန်းက နင် ငယ်သေးတယ်လေ"

"အသက်နှစ်ဆယ်ထဲ ရောက်နေပြီဆိုတာ သိပ်မှ မငယ် ဘဲ၊ ဒါပေမယ့် ငါက မေမေ့ရင်ခွင်မှာ ခေါင်းတိုးဝှေ့ပြီး ချွဲလို့ ကောင်းတုန်း"

"နင်ရော . . . ပဲခူးပြန်မှာလား ဝိုင်း. . ."

"ဟင့်အင်း . . ."

ဝိုင်းက ခေါင်းယမ်းလိုက်သည်။

မေမေ ဆုံးပြီးကတည်းက ပဲခူးမှာ သူမ မပျော်။ ပြီးတော့ ကြီးကြီးဆင့်နှင့်လည်း သိပ်အစေးမကပ်လှဘူးလေ။

"ငါသွားရင် ကြီးဆင့်က နင့်ကို မေးတယ်"

"ငါ လက်ဆောင်လေးဘာလေး ဝယ်ပေးလိုက်မယ်၊ နင့် အမေအတွက် အားဆေးရော၊ မုန့်ရောပေါ့"

"ငါ့အမေအတွက်က သိပ်မလိုပါဘူး ဝိုင်းရာ၊ အမေက



www.burmeseclassic.com

www.burmeseclassic.com



ငါ့ခေါ်လည်း ရန်ကုန်မှာ လိုက်နေမှာ မဟုတ်ဘူး၊ ဟိုမှာ သူ့သား သမီးနဲ့ မြေးတွေနဲ့ပဲ လုံးထွေးပြီး ပျော်နေတာ"

သွယ်လေးက မောင်နှမ ကိုးယောက်ထဲမှာ နို့ညှာသမီး။ သူ့အောက်မှာ ညီမလေးတစ်ယောက် ရှိသည်။

ကျန်တဲ့ အစ်ကို၊ အစ်မတွေထဲ အိမ်ထောင်ကျ၊ ကလေး ရနေသူတွေ ရှိသလို၊ အပျိုကြီး၊ လူပျိုကြီးလည်း ကျန်သေးသည်။

သွယ်လေးအမေက အသက် ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်နားပင် ရောက်နေပါပြီ။

ဒါကြောင့်လည်း ဝိုင်းက တစ်ခါတစ်ခေါက် ပြန်ကြည့်ဖို့ သတိပေးရတာ။

"သူ့အရပ်၊ သူ့နေရာမှာ သူ ပျော်မွေ့တာလည်းကောင်း ပါတယ်၊ ဒါပေမယ့် နင့်ကိုလည်း သတိရမှာပဲ သွယ်လေးရဲ့"

"အင်းပါ . . . ငါလည်း ပြန်ဦးမှာပါ၊ သကြန်ပိတ်ရက်ရမှ ကြာကြာနေမယ်လို့ တွေးထားတာ၊ ရွှေ့လဆိုပဲ ပေရယ်ရောက်ပြီ"

"နင်က အခါတွင်း ဟိုကိုပြန်မယ်ဆိုတော့ ငါက ဒီမှာ တစ်ယောက်ထဲ . . ."

"နင်လည်း ပြန်ပေါ့"





"မပြန်ချင်ပါဘူး"

"ဒါဆိုလည်း အဖော်ရှာလိုက်"

"မိသွယ်နော် . . ."

"ဩော် . . . တကယ်ပြောတာ၊ နင်လည်း အသက် အစိတ်ထဲ ရောက်နေပြီဥစ္စာ"

သူမရဲ့ ရောက်ဆဲ အသက်အရွယ်ကို သတိပေးလိုက်တဲ့ သွယ်လေးကို ဝိုင်းက မျက်စောင်းရွယ်မိသည်။

ရုံးအသိုင်းအဝိုင်းထဲ သူမကို မျက်စိကျ စိတ်ဝင်စားနေသူတွေ ရှိပေမယ့် ဝိုင်းကတော့ အခုထိ ဘယ်ယောက်ျားကိုမှ ရင်မခုန်မိသေးပါ။

သို့သော် သူမ အတွေးအာရုံထဲမှာ ဖျပ်ကနဲ သတိရလိုက်မိကာ . . .

"သွယ်လေး . . . နင့်ကို ပြောပြရဦးမယ်"

သွယ်လေးက စိတ်ဝင်တစား မေးဆတ်သည်။

"မနေ့က ငါလေ (Capital) ဟိုက်ပါမတ်ကို ရောက်သွားတယ်၊ သိလား . . ."

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



သွယ်လေးက အင်းဟု စကားထောက်ပေးသည်။ ဝိုင်း မှတ်နှာလေးမှာ ဘာရယ်မဟုတ် ပြုံးစိစိလေး ဖြစ်လာကာ. . .

"စက်လှေကားပေါ်မှာ ဟိုဒီငေးရင်း ဆင်းဖို့ မေ့နေတာ၊ ငါ့ကို လူတစ်ယောက်က ပုခုံးကို လာဆုပ်ပြီး သတိပေးတယ်"

"ဘယ်လိုလူတစ်ယောက်လဲ . . . ချောလား"

ဝိုင်းက တစ်ချက်စဉ်းစားကာ . . .

"မျက်နှာကတော့ ချောမချော သိပ်မသိရဘူး၊ ဒါပေမယ့် သူ့ပုံစံက အရပ်မြင့်မြင့်၊ ဘော်ဒီချပ်ချပ်နဲ့ မော်ဒယ်လ်ဘွိုင်းလို ခပ်မိုက်မိုက်ပဲ"

"ဟုတ်လား . . ."

"ဒါပေမယ့် ဦးထုပ်ကြီးကို ငိုက်စိုက်စောင်းပြီး ရေဘင် မျက်မှန်နက်ကြီးနဲ့ဟာ၊ ဘာမှန်းလည်း မသိဘူး"

ဝိုင်းက ဖျပ်ကနဲပဲ တွေ့လိုက်ရပြီး သူ့မျက်နှာကို သေချာ ကြည့်ခွင့်မရလိုက်တာကို မကျေမနပ် ဖြစ်နေမိသည်။

"သူ့မျက်နှာကို မမြင်စေချင်လို့ ဖြစ်မှာပေါ့"

"ဘာလို့မမြင်စေချင်တာလဲ"

"အဆိုတော်တို့၊ မင်းသားတို့ ဖြစ်ချင် ဖြစ်နေမှာပေါ့"





ဝိုင်းက မျက်မှောင်လေး ကြုတ်သွားမိသည်။

ဟုတ်မလား. . .။ သူဟာ လူသိတဲ့ အနုပညာရှင် တစ်ယောက်မို့လို့များ ကာကာကွယ်ကွယ်၊ ပုန်းလျှိုးကွယ်လျှိုး သွားလာ လှုပ်ရှားနေတာလား။

"ဟုတ်ပါ့မလားဟဲ့. . .၊ ခုခေတ်မှာ မင်းသားတွေလည်း လူတွေကြားထဲ ပေါ်တင်သွားနေကြတာပဲ ဥစ္စာ"

"နင့်လူက ဘဝင်ခပ်မြင့်မြင့်လူမျိုး ဖြစ်မယ်"

"အံမယ် . . . ဘာ ငါ့လူလဲ"

"ကဲ . . . ပြောပါဦး၊ နောက်တော့ ဘာဆက်ဖြစ်လဲ"

"ဒီလောက်ပဲ . . . ပြီးပြီလေ"

"ဝိုင်းက ညံ့တယ်ဟာ၊ ကျေးဇူးတင်စကားလေးဘာလေး ပြောရင်း သိသွားအောင် မိတ်မဖွဲ့လိုက်ဘူးလား"

"မဖွဲ့ပါဘူး"

"နင်က အပျိုကြီး လုပ်သွားမယ်ပေါ့လေ၊ ဒီလောက် အထာကိုင်နေတာ၊ အခုကြည့် မမဝိုင်းနီတောင် စွံတော့မယ်"

"သူက ဝိုင်းနီမမလေဟာ၊ ငါက ဝိုင်းစိန်မ၊ ဘယ်တူပါ့ မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဟာ သူ့ထက်တောင် လှသေးတယ်"

"သူက ကုမ္ပဏီပိုင်ရှင်လေ"

"နှင်းလည်း မခေပါဘူး၊ သူ့စက္ကူထရိပဲဟာ"

"မမဝိုင်းရဲ့ စတိုင်လ်နဲ့ ပြောပုံဆိုပုံ၊ နေထိုင်တတ်ပုံလေးတွေကို ငါကြိုက်တယ်၊ သင်ကြီးတယ်"

"သိတယ် . . . သိတယ်၊ ဒါကြောင့် နှင့်စတိုင်လ်လည်း မမဝိုင်နီနဲ့ တစ်ထပ်တည်းလို တူလာနေပြီ"

"ငါ အခုလို ပိုးရင်ဖုံးလေးနဲ့ ချိတ်ဆင်လေးတွေ ဝတ်နေတာ လိုက်ရဲ့လားဟင်၊ သူများတွေကို လိုက်ကြည့်ရင်တော့ ပုံစံလေးတွေက ရှုပ်ယှက်ခတ်ပြီး ဆန်းပြားနေတာပဲ၊ မိန်းကလေးချင်းတောင် ငေးရတယ်ဟာ၊ တကယ် အသက်ရှူ မှားချင်စရာပဲ"

"မထင်နဲ့၊ အဆန်းအပြားတွေကြားထဲမှာ ရိုးရိုးလေးကမှ မျက်စိထဲ အေးပြီး ရင်ကို ထိတာဟ"

"သွယ်လေးရယ် . . . နင်ပဲ အပြောကောင်း"

"တကယ်ပြောတာ ဝိုင်းရဲ့၊ အခုဆိုရင် နှင့်ပုံလေးကတအား အဆင့်မြင့်လို့ ငါတောင် ငေးနေရတာ၊ အရင်ကနဲ့ လုံးဝတခြားစီပဲ"





"အေးပါ . . . မြောက် . . . မြောက်၊ ညဖက် အောက်ဆင်းရင် နှင့်ကို ဒိန်ချဉ်တိုက်ပါ့မယ်၊ သိပ် မချီးမွမ်းနဲ့တော့"

"ဟင်း . . . ဟင်း . . . ဟင်း"

သွယ်လေးက သဘောတကျ ရယ်လိုက်သည်။

"မြောက်တာမဟုတ်ဘူး၊ သွယ်လေးစိတ်ထဲကအတိုင်းပြောတာပါ"

မမဝိုင် ကိုယ်တိုင်ကလည်း ဝိုင်းစိန်မဟာ သူ့ဆွေမျိုးမို့ပိုပြီး မျက်နှာသာပေး၊ မြှောင်မြောက်ပေးတာကိုး။ အတွင်းရေးမှူး တန်းခန့်ပြီး၊ ပွဲတိုင်း ဝင်ဆန့်စေသည်။

ဒင်နာသွားလည်း ခေါ်၊ ဖောရိန်နာနှင့် အလုပ်ကိစ္စဆွေးနွေးတဲ့ ဟိုတယ်ကိုလည်း ခေါ်၊ လေဆိပ်သွားလည်း ခေါ်၊ ရှော့ပင်န် ထွက်လည်း ခေါ်ဆိုတော့ ဒီလေးငါးနှစ်မှာ ဝိုင်းစိန်မရဲ့ အရည်အသွေး၊ အတွေ့အကြုံတွေက တက်ကိုသထက် တက်လာပြီး မျက်စိပွင့်၊ နားပွင့်နှင့် သူဌေးမရဲ့ ဘော်ဒီဂတ်အဖြစ် ဂုဏ်ရှိန်ဝါတွေက တစ်စတစ်စ မြင့်မားလာပြီး သွယ်လေးတို့နှင့် ဘာမှပင် မဆိုင်တော့ပါ။

ပြီးတော့ ဝိုင်းက လစာငွေ ကောင်းတော့ ပိုပြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



သုံးနိုင်စွဲနိုင်သည်။ အဝတ်အစားကအစ ကောင်းတာညွှန့်တာဆော့ ဝယ်နိုင်တာပေါ့။

ပြီးတော့ ဝိုင်းဟာ ပဲခူးမှာရှိတဲ့ မိဘပိုင်အိမ်နှင့် ခြံကိုလည်း နှစ်ချုပ်နှင့် ငှားထားသေးသည်။

အဲဒီက ဝင်ငွေကလည်း သူ့အတွက် မနည်းလှပါ။

ဒါကြောင့် နုနုသွယ်က ဝိုင်းလို ငွေသိပ်မသုံးဘဲ ကြိတ်စုဆောင်းနေတာ ဖြစ်သည်။

ဝိုင်းကလည်း ကြည်ကြည်ဖြူဖြူ တိုက်တွန်းအားပေးသည်။

မျက်နှာလေး ချိုသလို၊ စိတ်ရင်းလည်း ကောင်းတဲ့ သူငယ်ချင်းမို့ နုနုသွယ်က သာတယ် နာတယ် မတွက်ဘဲ အိမ်မှုကိစ္စတွေ ဒိုင်ခံသိမ်းကျုံး လုပ်ပေးသည်။

အိမ်သန့်ရှင်းရေး၊ အဝတ်လျှော်ဖွပ်၊ မီးပူတိုက်တာရော သွယ်လေးပဲ တာဝန်ယူသည်။ ဝိုင်းရဲ့ အဝတ်အစားတွေကို တစ်ပတ်တစ်ကြိမ် လျှော်ဖွပ်မီးပူတိုက်ပေးရတာ မညည်းမညူ။

ပြီးခဲ့တဲ့ လကတော့ သွယ်လေး သက်သာအောင် အဝတ်လျှော်စက် ဝယ်ပေးခဲ့ပါသေးသည်။





သူတို့နေတဲ့ ဒီတိုက်ခန်းကတော့ မမဝိုင်နီ ပိုင်ဆိုင်တဲ့ အခန်းပါ။ အတော်လေး ပြင်ဆင်ထားပြီးသား၊ အဲယားကွန်းပါပါသည်။

ထို အဲကွန်းကို သူမတို့နှစ်ယောက်က ညပိုင်း အိပ်ရာဝင်ချိန်မှသာ များသောအားဖြင့် ဖွင့်ကြသည်။ ဒါကလည်း မီတာခ သိပ်မကုန်အောင် သွယ်လေးရဲ့ အစီအစဉ်နဲ့ ချွေတာရေး စနစ်ပဲလေ။

"ကဲ . . . ဝိုင်းရေ မီးချုပ်တော့မယ် . . . ရေချိုးမှာဆို"

"အေးပါ. . ."

"သွားချိုးချည်တော့လေ"

ကုလားထိုင်လေးမှာ တစ်ကိုယ်လုံး မှီလျော့လျော့ ထိုင်နေတဲ့ ဝိုင်းက သက်တောင့်သက်သာနှင့်မို့ တော်တော်နှင့် ပြန်မထချင်။

ခုတလော အေးအေးဆေးဆေးလေး စိတ်ကူးပင် မယဉ်နိုင်။

သူမနှင့် မတော်တဆ ဆုံခဲ့သော ဦးထုပ်ငို ကိစ္စကိုနှင့် လူဟာ ဘယ်လိုလူစားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်း သွက်လက်တာကတော့ သေချာသည်။

သူမရဲ့ပုခုံးကို ဖျပ်ကနဲ လာဆုပ်ကိုင်ပြီး ဟိတ်လို့ သတိပေးလိုက်တာကို ခုထက်ထိ မမေ့။

ပြန်စဉ်းစားလိုက်တိုင်း ဝိုင်းရဲ့ပုခုံးစွန်းလေးမှာ ပူနွေးသွားသလို ခံစားရသည်။

ဟွန်း . . . ပိုင်စိုးပိုင်နင်းနဲ့ . . . ။

ဝိုင်း နှုတ်ခမ်းလေးက စူထော်ထော်လေး။

"အံမယ်လေးဟယ်၊ ရေချိုးခိုင်းတာကိုပဲ စူပုတ်နေရသေးတယ်၊ ကဲ . . . ကဲ နင့်သဘော၊ ချိုးချင်တဲ့အချိန်မှသာ ချိုးပေတော့၊ မယ်မင်းကြီးမရေ . . . "

သွယ်လေး အပြောကြောင့် ဝိုင်း နှုတ်ခမ်းလေးမှာ ရယ်ချင်ပြုံးတဲ့ ဖြစ်လာရပြန်သည်။

ဘာမှမဟုတ်ပေမယ့်လည်း အကြိမ်ကြိမ် ပြန်တွေးလျက်ရင်ခုန်နေမိသည်။

ထိုလူစိမ်းကတော့ သူ့ရဲ့ အမှတ်မထင် အပြုအမူလေးတစ်ခုကို မေ့နေလောက်ပြီပေါ့နော်"

သူမဖက်ကသာ သတိတရ ပြန်တွေးနေမိတာ။





ထိုအကြောင်းအရာလေးကို လွယ်လွယ်မေ့မပစ်နိုင်ဘဲ မကြာခဏ ပြန်အမှတ်ရနေမိတာ ဘာအဓိပ္ပာယ်ပါလိမ့်ဟု ဝိုင်းကိုယ်တိုင် နားမလည်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မတ်လကုန်ပိုင်းရဲ့ နံနက်ခင်းလေးမှာ စောစီးစွာ အလင်းရောင် ပေါ်လာပါသည်။

ဝိုင်းစိန်မသည် ဒီမနက်မှာတော့ စောစောပင် အိပ်ရာမှ နိုးလာခဲ့သည်။

လွန်ခဲ့တဲ့ ငါးနှစ် ဒီလိုအချိန်ကတော့ သူမရင်ထဲမှာ သောက ပူဆွေးမှုနှင့် လောင်မြိုက်နေခဲ့ရသည်။

အခုနေသာ မေမေရှိသေးရင် သိပ်ကောင်းမှာပဲဟု သူမ တမ်းတမိသည်။





မဖြစ်နိုင်မှန်းသိလည်း တမ်းတမိတဲ့ စိတ်ကူးကတော့ ရှိသေးတာပဲ မေမေရယ်။

ဝိုင်းအာရုံမှာ မိခင် ဒေါ်တင့်တင့်က ပေါ်လာသည်။

အင်း . . . ငါ မေမေ့အတွက် ဒါန ပြုပေးမယ်၊ ကောင်းမှုလေးတွေ ပြုပေးမယ်။ အခုအချိန်မှာ သူမတတ်နိုင်တာက ဒါပဲ ရှိတာပဲလေ။

ဝိုင်းသည် အိပ်ရာ သိမ်း၍ အခန်းထဲမှ ထွက်လာ၏။

မျက်နှာသစ်ကာ ကော်ဖီသောက်ပြီးလျှင် သူမ ရေချိုးခန်း ဝင်သည်။

လန်းဆန်းအေးမြသွားအောင် ခေါင်းလျှော်ရေချိုးပစ်လိုက်၏။

ပြီးလျှင် အဝတ်အစားလဲကာ၊ ဘုရားစင်ရှေ့ ထိုင်သည်။ နှုတ်ခမ်းလေး တလှုပ်လှုပ်ဖြင့် ဘုရားရှိခိုးသည်။

သွယ်လေးလည်း နိုးနေပြီ။ ရွှေတိဂုံဘုရား တက်ကြဖို့ ပြင်ဆင်နေသည်။

သွယ်လေးက အောင်သပြေပန်းတွေ ရေစင်စင်ဆေးကာ အိတ်ထဲ ထည့်ဖို့ စီစဉ်သည်။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတာတော့ ဘုရားစောင်းတန်းရောက်မှပဲ စံပယ်ပန်းတွေ အများကြီးဝယ်ကာ ကပ်လှူပူဇော်ဖို့ တွေးထားသည်။

မေမေက စံပယ်ပန်း ကြိုက်သည်။ သူမလည်း စံပယ်ပန်းကို အတော်ကြီး နှစ်သက်သည်။

ထို့ကြောင့် စံပယ်ပန်းလှူဖို့ ခုကတည်းက ကြိုတင်စဉ်းစားထားတာ ဖြစ်သည်။

တအောင့်မျှကြာလျှင် ဝိုင်းသည် အင်္ကျီလက်ရှည်ဖြူလွလွလေးနှင့် ချိတ်အဆင် ယောဂီရောင် လုံချည်လေးကို ဝတ်ကာ၊ ဆံထုံးလေး ပုံ့ပုံ့ထုံးပြီးသွားလေပြီ။

အိမ်တံခါးကို သော့ခတ်၍ သွယ်လေးနှင့်အတူတူ အိမ်ပေါ်မှ ဆင်းလာသည်။

တိုက်အောက်ခြေမှာ ရပ်ထားတဲ့ ၁-က နံပါတ်နဲ့ စူပါဆလွန်း အဖြူလေးကို ဝိုင်းက တံခါးသော့ဖွင့်လိုက်၏။

ဒီကားလေးကို သူမသုံးဖို့ ပေးထားတာ သိပ်မကြာသေးပါ။

ပြောရမည်ဆိုလျှင် ဒါကလည်း မမဝိုင်းနီရဲ့ စေတနာနှင့် ရက်ရောမှု တစ်ခုပါပဲ။





ကား မမောင်းတတ်တဲ့ ဝိုင်းကို သိမ်ဖြူကွင်းမှာ ကားမောင်းသင်တန်း တက်စေခဲ့တာလည်း မမဝိုင်းရဲ့ အစီအစဉ်ပဲလေ။

ညက်ပြေးကာ ရဲတင်းသော ဝိုင်းက ရက်သတ္တတစ်ပတ်နှင့်ပင် ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သွားခဲ့သည်။

အခုတော့ သွားလေရာ ကိုယ့်ကားလေးနှင့် ကိုယ်မို့ အဆင်ပြေလှ၏။

သို့သော် ကားပြင်ရတဲ့အခါတွေမှာတော့ စိတ်ညစ်ရတာ အမှန်။

ဝိုင်းစိန်မနှင့် နုနုသွယ်သည် စကားလေးတပြောပြောနှင့် ဦးဝိစာရလမ်းအတိုင်း ကားကို မောင်းခဲ့၏။ ဗဟန်း အားကစားကွင်းဖက်ကနေ ရွှေတိဂုံဘုရားဆီ ဦးတည်လာသည်။

ဘုရားသို့ရောက်လျှင် ဓာတ်လှေကားမှ မတက်ဘဲ ရိုးရိုးလှေကားကနေ တက်သည်။ စံပယ်ပန်းတွေ တစ်အုံကြီး ဝယ်ယူလိုက်၏။

ပြီးလျှင် နှစ်ဦးသား ရင်ပြင်တော်ပေါ်သို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရဲ့မွေးနေ့ထောင့်မှာ ဦးချရှိခိုးသည်။ ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူပူဇော်သည်။

နုနုသွယ်ကလည်း စနေသမီးမို့ ဝိုင်းနှင့် သွယ်လေး အတူတူ ရေသပ္ပာယ်ကြ၏။

ထို့နောက် ဗုဒ္ဓဟူးထောင့်မှာ ဝတ်ပြုသည်။ အတန်ကြာအောင် ဘုရားရှိခိုး၊ ပုတီးစိတ်ပြီးမှ သူမတို့ ပြန်ဆင်းခဲ့ကြ၏။

ကားရပ်ထားရာဆီသို့ ခြေဗလာနှင့် လျှောက်လာစဉ်မှာ သူမကျောပြင်ဆီ၌ တစ်ခုခု လာရောက်ကပ်ငြိသလို ခံစားချက်မျိုးနှင့် အမှတ်မထင် ဖျပ်ကနဲ လှည့်ကြည့်လိုက်မိသည်။

ဟင်. . . ။

ဝိုင်းရဲ့ မျက်လုံးကလေးမှာ အံ့အားတသင့် ဝိုင်းကနဲ ဖြစ်သွားရ၏။

ရုတ်တရက် ရင်ထဲမှာ ဒုတ်ကနဲလည်း မြည်သွားသည်။

ဘုရားရေ . . . ဟိုလူ . . . ။

ဆင်စွယ်ရောင် ဦးထုပ်ရဲ့လျှာက သူ့မျက်နှာတစ်ဝက်ခန့်ကို ရှည်လျားစွာ ကွယ်ထားပေမယ့် ဒီစတိုင်လ်၊ ဒီပုံစံကို သူမ ကောင်းကောင်း မှတ်မိသည်။





အောင်ဘာလေထီ အရောင်းကားနှင့် ကွယ်ကာ သူမထံ သေသေချာချာ စိုက်ကြည့်နေရာကနေ သူမ ဖျပ်ကနဲ လှည့်ကြည့်တော့ သူ ကြည့်နေတာဘဲ မဟုတ်သလိုလိုနှင့် တစ်ခြားတစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

သူဟာ ဘယ်လိုလူပါလိမ့်၊ ဘာသဘောပါလိမ့်။

အခုလို လာတွေ့တာကရော တိုက်ဆိုင်မှုပဲလား။

ဘာကြောင့်မှန်းမသိပေမယ့် ဝိုင်းရဲ့ရင်ထဲမှာ ထူးခြားသလို ခံစားရသည်။

မျက်မှန်အောက်က သူ့မျက်လုံးတွေဟာ ဝိုင်းထံ တန်းတန်းမတ်မတ်ကြီး စိုက်ကြည့်နေတာ သူ ညာလို့ရမှာလား။

သို့သော် သူက မသိယောင်ဆောင်၍ မျက်နှာလွှဲသွားခဲ့ပြီ။

ဝိုင်းရင်မှာ ခိုးလို့ခုလို့နှင့် မကျေနပ်သလို ဖြစ်မိ၏။

“ဘာလို့လဲဝိုင်း၊ ထီထိုးမလို့လား”

“ဟင့်အင်း . . . မဟုတ်ပါဘူး”

သွယ်လေးကို ခေါင်းယမ်းပြရင်း ကားဆီ ရှေ့ဆက်လှမ်း၍ ကားတံခါးဖွင့် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စက်မန္တီးခင် သူ့ထံ တစ်ချက်ကြည့်တော့ ဝိုင်းတို့ကားထဲကို ထွင်းဖောက်မတတ် သူ လိုက်ကြည့်နေပြန်တာ မြင်ရသည်။

"သွယ်လေး"

"ဟင်"

"ထိကားနားက လူကို ကြည့်စမ်း"

"ဘာဖြစ်လို့လဲ ဝိုင်း"

"ဦးထုပ်နဲ့လေ . . . တွေ့လား၊ ငါပြောတာ သူပဲ"

"ဘာရယ်"

"(Capital) ကက်ပီတယ်လ်မှာ တွေ့ဖူးတာလေ"

"ဩော် . . ."

"သူ ကြည့်နေတယ် မဟုတ်လား"

"အင်း . . . ကြည့်နေသလိုပဲ၊ မျက်မှန်ကြီးလည်း တပ်ထားတော့ ခန့်မှန်းရခက်တယ်ဟ"

သွယ်လေးစကားကလည်း မှန်ပါသည်။

"သူရော . . . နင့်ကို မှတ်မိလား ဝိုင်း"

"အို . . . ငါ ဘယ်သိမလဲ"





ကားကို မောင်းထွက်လာစဉ် သူက ဝိုင်းတို့ကားထွက်ရာ လမ်းဖက် ကျောပေးထားလိုက်သည်။

အသိအမှတ်ပြုပြီး ကြည့်မနေပါဘူးဆိုတဲ့ ပုံစံလား။

ဝိုင်းသည် မျက်မှောင်လေး ကြုတ်ကာ တွေးရင်း ဘာကိုမှန်းမသိ စိတ်ထဲ အလိုမကျ၊ အနှောက်အယှက် ဖြစ်မိသည်။

"အိုက်တင်ကတော့ ခပ်မျှားမျှားပဲဟဲ့"

"အေးလေ. . ."

နှုတ်က အလိုက်သင့်ထောက်ခံရင်း ဝိုင်းက ကားလေးကို ညင်သာစွာ မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးပြန်ဖွင့်သော ထိုတနင်္လာနေ့မှာ ဝိုင်းက အိမ်ကနေ အချိန်စောပြီး ထွက်ခဲ့သည်။

ရွှေတောင်ကြားက မမဝိုင်နီတို့အိမ်ကို အရင်ဝင်ရမှာမို့ ဒီနေ့တော့ သေချာပင် အလှမပြင်ခဲ့ရပါ။

မျက်နှာကို ခရင်မ်ပါးပါးလေး မြန်မြန်ပွတ်လိမ်းပြီး အပေါ်ကနေ တူးဝေးကိတ်လေး တဖပ်ဖပ်ရိုက်၊ ပုလဲရောင် နှုတ်ခမ်းဆိုးလေး တင်ရုံတင်ကာ၊ ဆံပင်ကို ကမန်းကတန်းပဲ ဖြစ်သလို ပင့်တင် ထုံးခဲ့ရသည်။





အင်္ကျီကတော့ ပုလဲရောင် ပိုးရင်ဖုံးလေးပဲ ဖြစ်ပြီး၊ လုံချည်ကလည်း ပိုးချည်ပုလဲရောင် အကွက်လေးကို ဝတ်ဆင်ထားသည်။

ရွှေတောင်ကြား ရောက်တော့မှ မမဝိုင်နီနှင့်အတူ အမ်သရီး ဖုစင်တာမှာ ဘရိတ်ဖတ်စ် သွားစားကြသည်။

ပြီးလျှင် . . . မမဝိုင်သွားလိုရာတွေ ဝိုင်းက ကားမောင်းပို့ပေးရသည်။

ရုံးရောက်တဲ့ ဆယ်နာရီမှာ ဝိုင်းတို့နှစ်ယောက် တစ်မြို့လုံး နှံ့ပြီးခဲ့ပြီ။ မြို့ထဲ ပန်းဆိုးတန်းဈေး၊ ဗဟန်း ရေတာရှည်လမ်း သစ်ဈေး၊ ပုလဲကွန်ဒိုဈေး၊ ဒဂုံစင်တာဈေး၊ ဆယ်မိုင်ကုန်းဈေး စုံလို့ပင်။

မမဝိုင်က စင်္ကာပူမထွက်ခင် အလုပ်ကိစ္စတွေ၊ သွားစရာရှိတာတွေ ဖြတ်ပစ်နေသလို၊ ဝယ်ခြမ်းစရာတွေကလည်း မပြီးစီးနိုင်သယောင်ပင်။

တစ်နေ့တစ်နေ့ အလုပ်တွေ ရှုပ်နေ၍ ရုံးကိုပင် ဝင်သည် ဆိုရုံ ဝင်နိုင်သည်။ ရုံးရောက်ပြီး နာရီဝက်ခန့်အကြာမှ ကိုမင်းသီဟက မမဝိုင်ကို လာခေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစိန်လည်း ဒီတော့မှ ခဏ အမောဖြေရသည်။

ဒီနေ့ ကားမောင်းရတာ များ၍ လက်မောင်းတွေပင် ညောင်းညာသလို ဖြစ်နေပြီ။

သူမတို့က အပေါ်ထပ်ရုံးခန်းမှာဖြစ်ပြီး သွယ်တို့က အောက်ထပ်မှာမို့ အလုပ်ချိန်မှာတော့ စကားလည်း မပြောဖြစ်။ တွေ့လည်း မတွေ့ဖြစ်ချေ။

ဝိုင်းက ကိုယ့်အခန်းက စားပွဲမှာ ဆုံလည်ခုံပေါ် ထိုင်ရင်း ကွန်ပျူတာကို ဖွင့်လိုက်သည်။

ထမင်းစားချိန်ရောက်ဖို့ နည်းနည်း လိုပါသေးသည်။

ဒီအချိန်မှာ ကွန်ပျူတာထဲက စာရင်းတွေ နည်းနည်း စစ်လိုက်ဦးမည်ဟု စိတ်ကူးသည်။

ရုံးဝန်ထမ်းတွေအတွက်တော့ ထမင်းစားချိန်ဆိုလျှင် ဟိုး အပေါ် ခေါင်မိုးထပ်မှာ ထမင်းစားခန်း သီးသန့်ပေးထားတာမို့ အလှည့်ကျ သွားတက်စားရုံပင်။

ဝိုင်းအတွက်ကတော့ အခန်းထဲအရောက် ပို့ပေးတဲ့ အစီအစဉ်။ တစ်ခါတလေတော့လည်း ဝိုင်းက ခေါင်းမိုးထပ်မှာ သွယ်လေးတို့နှင့်အတူ စကားပြောရင်း ဝိုင်းဖွဲ့စားချင်သား။





ဒီနေ့တော့ မသွားသေးပါဘူးလေ။

သူမ ပင့်သက်လေး ရှိုက်ရင်း တွေးလိုက်သည်။

နောက်ရက် အလုပ်တွေအားပြီး၊ မမပိုင်လည်း ထွက်သွားပြီဆိုမှ သွယ်လေးတို့နှင့်အတူ စားတော့မည်။

ဝိုင်းသည် ကွန်ပျူတာ စာရင်းတွေထဲ စိတ်ရောက်နေသဖြင့် ထမင်းချိန်လွန်တာကိုပင် သတိမပြုမိပါ။

ရုံးက ကောင်လေး တံခါးခေါက်မှ . . .

"မောင်ထက် . . . ဝင်ခဲ့လေ"

"မမဝိုင်း . . . တစ်ယောက်တည်းလား"

"အေးလေ . . . ဘာဖြစ်လို့လဲ"

"ဘော့စ်ရော . . ."

"ထွက်သွားတာ ကြာပြီလေ၊ မတွေ့လိုက်ဘူးလား"

"ဟင့်အင်း . . ကျွန်တော် မသိလိုက်ဘူး၊ အောက်မှာ အစ်ကိုကြီးတစ်ယောက်က ဒေါ်ပိုင်နီမမ ရှိလားမေးတာကို ရှိတယ်လို့ ဖြေခဲ့တာဗျ"

"ဘယ်သူလဲ မောင်ထက်၊ ဘာကိစ္စတဲ့လဲ"

"မသိဘူး . . . မမဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ရုံးခန်းကို မလွှတ်တာလဲ"

"သူက မေးရုံပဲမေးပြီး ပြန်ထွက်သွားတယ်"

"ဟုတ်လား"

ဝိုင်းသည် ကွန်ပျူတာကို ခဏရပ်ထားပြီး မျက်ခုံးလေး ရှုံ့လျက် ဒီဖက် လှည့်ကြည့်မိသည်။

"နောက်ထပ် ဘာပြောသေးလဲ"

"မပြောပါဘူး"

"သူ့ပုံစံကရော"

"ဗျာ"

"ဘယ်လိုပုံစံလဲ၊ ဘာဝတ်ထားလဲ"

"ဂျင်းဘောင်းဘီနဲ့၊ တီရှပ်နဲ့ပဲ၊ စတိုင်လ်က ခပ်မိုက်မိုက် ဒီဇိုင်းနဲ့၊ ဦးထုပ်ကို ရှေ့ချပြီး မျက်မှန်နဲ့၊ အသက်ကတော့ သိပ်ကြီးပုံ မရဘူး၊ လူငယ်ပဲဗျ၊ မမဝိုင်း သိလို့လား. . ."

"ဟင့်အင်း . . . မသိပါဘူး၊ ဒီတိုင်းပဲ မေးကြည့်တာ"

ဝိုင်းသည် ရင်ထဲ ထိတ်ကနဲ ခုန်သွားရသော်လည်း မောင်ထက်ကိုတော့ ဟန်မပျက် ခပ်အေးအေး ညာလိုက်ရသည်။

ဘုရားရေ . . . သူပဲလား။

◆ ဤတွင်ဝင်းစာပေ ◆



သူက ဒီရုံးခန်းထိ ရောက်လာပြီလား။

ပြီးတော့ ဒေါ်ဝိုင်နီမမကို မေးသတဲ့လား။

ဝိုင်းစိတ်ထဲမှာ မေးခွန်းတွေနှင့် မှန်းကျပ် ရှုပ်ထွေးသွားရလေသည်။

မောင်ထက် ပြောပုံအရဆိုလျှင် သူပဲဆိုတာ သေချာသည်။ သူဟာ မမဝိုင်ရဲ့ ပတ်သက်သူတစ်ယောက်ပဲလား။

ရင်ထဲမှာ ခပ်ဆွေးဆွေးလေး ဖြစ်သွားမိသည်။

ဝိုင်နီမမဆိုတာ အဲဒီကိုကျောင်းတက်ကတည်းက အင်မတန် ကျော်ကြားခဲ့တဲ့ အလှဘုရင်မတစ်ပါးတဲ့။

ချစ်သူတွေ ပတ်ချာလည်ဝိုင်းနေခဲ့တာမို့ ဘယ်သူ့ကို ရွေးရမှန်းပင် မသိခဲ့ဘူးဟု ဆိုသည်။

မမဝိုင်နီမှာ ချစ်သူခင်သူတွေ သိပ်များခဲ့တာမို့ ဦးထုပ်ဝိုက်စိုက်လေးဟာလည်း ထိုကောင်လေးတွေထဲက တစ်ယောက်များလား မဆိုနိုင်။

မောင်ထက်က ထမင်း၊ဟင်းတို့ သယ်ဆောင်လာသည့် ဗန်းကို စားပွဲပေါ် တင်လျက်၊ တံခါးဈေးကော ပြန်ထွက်သွားတဲ့အထိ ဝိုင်းစိန်မက အတွေးမပြတ်သေးပေ။

◆ ဤတွင်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားရင်းကလည်း ထိုလူ့အကြောင်းကို ထပ်ငေးစားနေမိသည်။

ထမင်းစားပြီးတော့ အလုပ်စားပွဲသို့ ပြန်ရောက်သွားတာမို့ ထိုလူကို ခဏတော့ မေ့သွားရသည်။

မမဝိုင်နီက ရုံးကို ပြန်ဝင်မလာတော့ဘူးဟု ဖုန်းဆက်တာမို့ သူမဖာသာ သိမ်းစရာရှိတာ သိမ်းဆည်းပြီး အခန်းကို သော့ခတ်ကာ ထွက်ခဲ့သည်။

ရုံးက ပြန်ချိန်ဟာ စောနေသေးတာမို့ ရွှေပုဇွန်ဝင်ပြီး အီကလဲယားမုန့် ဝယ်ဖို့ ရည်ရွယ်လိုက်သည်။

ကားလေးကို ရွှေပုဇွန်ရှိရာဖက်သို့ ဦးတည်သည်။

ဝါးတန်းလမ်း မီးပွိုင့်မှာ နောက်ဘက်က ပါလာတဲ့ လိုက်ထရပ်စ်တစ်စီးကို သူမ သိပ်မသင်္ကာ။

ရုံးက ထွက်ကတည်းက ဒီကားက သူမနောက်မှာ ပါလာသလိုပဲဟု ထင်မိသည်။

တကယ်တော့ အဓိပ္ပာယ်လည်း မရှိလှ။

သူမနောက်ကို ဘာကြောင့် နောက်ယောင်ခံလိုက်ရမှာတဲ့လဲ။





ဒါက သူမ၏ အထင်ပဲ ဖြစ်လိမ့်မည်။

ဝိုင်းစိန်မက သူ့စူပါဆလွန်းလေးကို စက်ရှိန်မြှင့်ပြီး မောင်းလာခဲ့၏။

ရွှေပုဇွန်ရှေ့နားသို့ ခဏလေးနှင့် ရောက်လာသည်။

ကားကို ပါကင်ထိုးပြီးနောက် ဝိုင်းက ကားပေါ်က ကြွကြွရွရွလေးပဲ ဆင်းလိုက်ပါသည်။

လေဒီရှူး ပုလဲရောင်လေးနှင့် သူမရဲ့ခြေလှမ်းလေးတွေကပင် ရင်ခုန်ချင်စရာ ကောင်းပါလားဟု တွေးမိ၏။

အင်း . . . ဒါကြောင့်လည်း . . .။

လူရွယ်သည် သူ့ လိုက်ထရပ်စ်ကားဝင်ဖို့နေရာ ရှာရင်းကပဲ ထိုမိန်းကလေးကို ငေးကြည့်နေမိသည်။

ဝိုင်းက အအေးဆိုင်ဖက်သို့ မဝင်ဘဲ ဟိုဖက်ကပ်လျက်က ကိတ်မုန့်အရောင်းဆိုင်ဖက်သို့ လျှောက်သည်။

လေးငါးဆယ်လှမ်း အရောက်မှာ ဟိုအရင်တစ်ကြိမ် ဘုရားပေါ်ကအဆင်းမှာတုန်းကလိုပဲ ကျောထဲက သိမ့်ကနဲ ဖြစ်သည်။ ခြေလှမ်းကို ရပ်၍ သူမ နောက်ဘက်သို့ ဖျပ်ကနဲ လှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင် . . . ။

(Light Truck) လိုက်ထရပ်စ် နံဘေးမှာ လက်ပိုက်ရပ်နေတဲ့ ဦးထုပ်နဲ့လူ။

ဒီတစ်ခါ ဝတ်ထားတာက မီးခိုးနှင့် အနက် နှစ်ရောင်စပ် တီရှပ်နဲ့ ဂျင်းဘောင်းဘီခဲရောင်၊ ဦးထုပ်ကလည်းခဲသားရောင်။

ဝိုင်းစိန် ရုတ်တရက် ပြန်လှည့်ကြည့်လျှင် သူ့အမူအရာက တစ်မျိုးတော့ ဖြစ်သွားပါသည်။

သို့သော် ဝိုင်းထံ တည့်တည့်မတ်မတ် စိုက်ကြည့်လျက်သားပင်။

သူ့သဏ္ဌာန်မှာ အဝေးကနေပင် ဆွဲဆောင်ညှို့ငင်နိုင်စွမ်း ရှိလှ၏။

သွယ်လေး ခန့်မှန်းသလို မင်းသားပေါက်စလေးပဲလား။

အကျီလေးတွေကို နှစ်ရောင်, သုံးရောင်စပ် ကွက်တိကွက်ကြား ဝတ်တတ်သလို၊ ဘောင်းဘီအပြ စတိုင်လ်နှင့် သူ့ရုပ်ဟာ ဂျင်ပစီတော့ နည်းနည်းဆန်တာ အမှန်။

သူ ဘာကြောင့် ဝိုင်းရဲ့နောက်က နောက်ယောင်ခံလိုက်လာတာလဲ။





ဝိုင်းသည် သူ့ထံ ခပ်စူးစူးကလေး စိုက်ကြည့်လိုက်ပြီးမှ ချာကနဲ ပြန်လှည့်ကာ ဆိုင်အတွင်းသို့ ဝင်လာသည်။

အီကလဲမုန့် ဝယ်နေရင်းကပင် ဝိုင်းရဲ့ စိတ်တွေက လှုပ်ရှား ရင်ခုန်နေရသည်။

သူ ဘယ်သူလဲ. . . ?

ဘယ်ကလဲ. . . ?

ဝိုင်းကို သူ ဘယ်တုန်းက စပြီး သိနှင့်ခဲ့တာလဲ. . . ?

အပြင်သို့ ပြန်ထွက်လာလျှင် သူ မရှိတော့ပါ။

ဝိုင်းဖ[illegible]က ရိပ်မိနေ၍ နောက်ကြောင်း ပြန်လှည့်သွားတာလား။

ကားရော၊ လူရော အရိပ်အယောင်ပင် မမြင်ရတော့ချေ။

ဝိုင်းသည် ပင့်သက်ကလေး ရှိုက်ရင်းက ကိုယ့်ကားကို သော့ဖွင့်ဝင်ထိုင်သည်။

ကားထဲ ရောက်လျှင် ချက်ချင်း စက်မနှိုးသေးဘဲ အနီးအနားမှာ သူ ရှိနေဦးမလားဟု ရှာဖွေမိသေးသည်။

သူက လျှင်မြန်စွာ ကိုယ်ရောင်ဖျောက်သွားပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သွယ်လေးကို ဒီအကြောင်းတွေ ပြောချင်လှ၏။

ခက်တာက သွယ်လေးက ရုံးဆင်းမှ သူ စီးနေကျ ဖယ်ရီကားနှင့် ပြန်လာမှာ။

ညကျမှပဲ အေးအေးဆေးဆေး ပြောပြရတော့မည်။





သူမကို စတွေ့တုန်းကတော့ သူမ ဘယ်သူဘယ်ဝါဆိုတာ မသိခဲ့ရိုး အမှန်ပါ။

ဆံထုံးမြင့်မြင့်လေးနှင့် လည်ကုပ်သားလေးတွေ ရှင်းလင်း ပေါ်လွင်ကာ၊ ကြော့ကြော့မော့မော့လေး လျှောက်သွားဟန်ကပင် လူအများကြားထဲ ငေးကြည့်ချင်စရာ ဖြစ်နေတာမို့ သူ ကြည့်နေခဲ့မိတာ။

ဝတ်ထားပုံလေးကလည်း ယဉ်စစနှင့် ချစ်စရာ။ သူမဟာ တက္ကသိုလ်က ဆရာမလေးများလားဟုပင် သူ ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်အနီရောင် ပိုးအင်္ကျီ ရင်ဖုံးလေးနှင့် ချိတ်အနီလေးကို ဆင်တူ ဝတ်ထားပြီး လေဒီရှူးကလည်း အဝတ်အစားနှင့် တစ်ရောင်တည်း။

တခြား မိန်းကလေးတွေ ဒီလောက် အလန်တွေ ရှုပ်ယှက်ခတ်အောင် ဝတ်နေတဲ့အထဲမှာ သူမရဲ့ ပုံစံလေးက တစ်မျိုးတစ်ဘာသာ ကွဲထွက်ပြီး ရင်ကို အေးမြစေလှ၏။

သူမ မာန်ပန်လေးကို ပြုံးပြုံးငေးငေးနှင့် သတိလက်လွှတ်ပင် စိုက်ကြည့်နေမိခဲ့၏။

တစ်ခြား မိန်းကလေးတွက ဘောင်းဘီအကျပ်တွေ၊ စကာဒ်အတိုတွေနှင့် ခါးပေါ်၊ ချက်ပေါ်၊ ကျောဟိုက်၊ ရင်ဟိုက်၊ ကျောပြတ်၊ ရင်ပြတ်တွေနှင့် မကြည့်ရဲလောက်အောင် ခေတ်မီဆန်းပြားနေသော်လည်း သူ့ရဲ့အကြည့်က ထူးထူးဆန်းဆန်းပင် ရင်ငြိမ်းပန်းကလေးဆီမှာ တွယ်ငြိနေမိသည်။

ကိုယ့်အလုပ်ကိစ္စတွေ၊ ဝယ်စရာတွေ မေ့ထားပြီး သူမ နောက်ကပင် လျှောက်လိုက်ချင်မိသည်။

သူမက အင်မတန် ညှို့ငင်ဖြားယောင်းနိုင်သူလေး ဖြစ်သည်။





ကြည့်ရှုနှင့်ပင် အသက်ရှူမှားစေတာမို့ သူမနား ကပ်လျှောက်ကြည့်ချင်လာသည်။

ဟိုက်ပါမားကတ်ထဲမှာ လူတွေ အများကြီးဆိုတော့ သူ ကပ်လျှောက်ကြည့်လည်း သတိမထားမိနိုင်ပါဘူး။

ပြီးတော့ သူက ဦးထုပ်နှင့် မျက်မှန်နှင့်ပဲ. . . ။

သူမ မျက်နှာလေးဟာ နီးနီးကပ်ကပ် ကြည့်တော့ အကြည့်ခံပြီး ရိုးမသွားတာကို အံ့အားသင့်ရသည်။

နှာတံလုံးလုံးလေးနှင့် ကော့ပျံ မည်းနက်သော မျက်တောင်စိပ်စိပ်ကလေးတွေက ဘေးတိုက်ကြည့်ရတာ သိပ်လှတာပါပဲ။

နှုတ်ခမ်း ထူထူဖောင်းဖောင်း အိအိလေးကလည်း တကယ်ပဲ အသက်ရှူ မှားချင်စရာ။

သူမ မျက်နှာပေါ်က အရာလေးတွေဟာ တစ်ခုချင်း လှပသလို ခြုံငုံကြည့်လိုက်တော့လည်း အလွန်ပင် ပြေပြစ်နေရာ ကျလှသည်။ အလိုအပို မရှိ၊ ကွက်တိ. . . ။

နတ်သမီးလေးလို ပြီးပြည့်စုံစေဟု တစ်စုံတစ်ရာက ဖန်ဆင်းပေးထားတဲ့အတိုင်းပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အရပ်မြင့်မြင့်လေးက သူ့ရဲ့ ပုခုံးစွန်းကိုပင် ကျော်သည်။

သူမဆီကနေ သင်းပျံ့ပျံ့ ရေမွှေးရနံ့လေးတစ်ခုကိုပင် သူ မက်မက်မောမော ရှူရှိုက်ခံစားနေမိသည်။

မွှေးလိုက်တာကွာ။

ရင်ထဲမှာလည်း နွေးသွားတာပဲ။

နှစ်သက်မက်မောလှစွာ သူ ခိုးကြည့်နေမိ၏။

သူမကတော့ မိန်းကလေးပီပီ ပစ္စည်းတွေကိုပဲ လှည့်ပတ်ကြည့်ရှုနေပါသည်။

သူမ ရိပ်မိမှာစိုး၍ သူက ခပ်ခွာခွာ။

စက်လှေကားပေါ် တက်တော့ နီးနီးကပ်ကပ် အတူတက်ချင်၍ လှေကားရဲ့ ဘယ်ညာ တစ်ပြိုင်နက် သူမနှင့်အတူ လှမ်းတက်လိုက်မိသည်။

ဘေးချင်းယှဉ်ရပ်နေရတာပင် . . . ရင်ခုန်ယစ်မူးဖွယ်ကောင်းလှပါလားကွ

သူမက စိတ်အေးလက်အေးနှင့် အတော် အငေးသန်သူလေးဖြစ်ရာ၊ စက်လှေကား အဆင်းမှာပင် အငေးကောင်းနေ၏။





သူက စိတ်ပူပြီး ရုတ်တရက် သူမပုခုံးကို လှမ်းဆုပ်ကိုင်၍ သတိပေးလိုက်သည်။

"ဟိတ် . . ."

သူ့အသံကြားလျှင် သူမက အလန့်တကြား သူ့ကို စတင်သတိပြုမိသွားပါသည်။

သူက ဘာမှမဖြစ်သလို၊ သာမန်အဖြစ်အပျက် တစ်ခုလိုဟန်ဆောင်ကောင်းလိုက်ပါသည်။

သူမကို ခေါင်းဆတ် ပြုံးပြပြီးနောက် လမ်းခွဲလိုက်သည်။ သူမနောက်ကလည်း ဆက်မလိုက်တော့။

ဣန္ဒြေရရနှင့်ပင် တစ်ခြားတစ်ဖက်ကို အသာအယာလှည့်ထွက်ခဲ့ပါသည်။

သူမက ခြေစုံရပ်၍ သူ့ကို တအံ့တသြ ကြည့်နေခဲ့သည်။

သူမရဲ့ မျက်လုံးဝိုင်းဝိုင်းလေးကပင် အသည်းထဲနွေးစရာကောင်းလှတာမို့ သူက ပြုံးစိစိနှင့် . . .။

ထို ပထမအကြိမ်တုန်းက မသိကျွမ်းလိုက်တာဘဲ ကံကောင်းသည် ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမက နွယ်နွယ်ရရ မိန်းကလေးတစ်ယောက်မှ မဟုတ်တာ။ နာမည်ကြီး အိမ်ယာဝင်းတစ်ခုမှာ အထပ်မြင့် တိုက်အတွဲကြီး တစ်ခုလုံးကို ကုမ္ပဏီရုံး ဖွင့်လှစ်ထားသူလေး တဲ့။

သူနှင့် ယှဉ်တော့ အတော်ကွာခြားနေသည်။

သူသည် ဘာဆက်လုပ်ရမှန်း မသိသော်လည်း၊ သူမကို မကြည့်ဘဲလည်း မနေနိုင်ခဲ့။

ဒီတိုင်းပဲ ပုန်းလျှိုးကွယ်လျှိုးလေးနှင့် ခိုးကြောင်ခိုးဝှက် လိုက်ကြည့်နေမိသည်။

သူ့ရည်ရွယ်ချက်က ဘာလဲ. . . ?

သူ့နှလုံးသားထဲက ဆာလောင်မှုက ဘာလဲ. . . ?

ရေရေရာရာ သူ မရှင်းပြနိုင်။

သို့သော် သူမကို ခပ်ဝေးဝေးကပဲဖြစ်ဖြစ်၊ သူ စောင့်ကြည့်နေချင်မိသည်။

သူမ ဟန်ပန်လေးတွေ၊ သူမရဲ့ လှုပ်ရှားမှုလေးတွေကို ကြည့်နေရရင်ပဲ သူ အတော် ကျေနပ်မိပါသည်။ သူမဖက်ကတော့ ဘယ်လို တွေးထင်နေမလဲ မသိပါဘူးကွာ။





သက်ပြင်းတစ်ချနှင့် အကွယ်ကလေးတစ်နေရာမှာ သူ ရပ်နေတုန်း သူမရဲ့ ကားလေးက ဆာကူရာတာဝါရှေ့သို့ ရောက်လာပါသည်။

ဝိုင်းစိန်မသည် မမဝိုင်ရဲ့ ညီသည်တစ်ယောက်ကို ဒီတာဝါရဲ့ အထပ်နှစ်ဆယ်က ကော်ဖီဆိုင်မှာ စောင့်နေရမှာ ဖြစ်သည်။

မမဝိုင်ကလည်း သူမကို စိတ်ချလက်ချပင် မျက်နှာလွှဲထားသည်။

ဝိုင်းစိန်က အချိန်တိကျရမှာမို့ ကြိုတင်ရောက်နှင့်ဖို့ ကြိုးစားခဲ့ရသည်။ လက်က ရွှေရောင်နာရီ ဒိုင်ခွက်အဝိုင်းကလေးဆီ တစ်ချက် စူးစိုက်ကြည့်မိ၏။

သူမကို တစ်စုံတစ်ယောက်က ကြိုတင် စောင့်ကြည့်နှင့်လိမ့်မည်ဟုတော့ သူမ မမျှော်လင့်မိပါ။

စကားဝါရောင်ဖျော့ဖျော့ ဝတ်စုံလေးဖြင့် သူမပုံစံလေးကတော့ ခါတိုင်းလိုပဲ ကြော့ရှင်းနူးညံ့ဝင်းဝါနေပါသည်။

သူမက စကားဝါရောင်သွေးနှင့် အတော်လိုက်ဖက်သူဖြစ်တာမို့ အလင်းရောင်လေးတစ်မျိုးပင် ဖြာလင်းနေသလိုထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသည် တည်ငြိမ်စွာပင် ဓာတ်လှေကားရှိရာ လျှောက်သွားပြီး ခလုတ်နှိပ်လိုက်၏။

တံခါး ပွင့်သွားလျှင် သူမ တစ်ဦးတည်း လှမ်းဝင်လိုက်သည်။ သို့သော် တံခါးက ပိတ်မလိုဖြစ်ပြီးမှ ပြန်ပွင့်သွားပြီး တစ်စုံတစ်ယောက်က ရုတ်တရက် ဝင်လာခဲ့သည်။

ဟင်. . . ။

သူ့ကို ပြုန်းကနဲ ရင်ဆိုင်ရလျှင် ဝိုင်းရင်ထဲ ဒိတ်ကနဲ ခေါင့်ခုန်သွားရပြီး၊ အံ့အားသင့် မျက်လုံးကလေး ဝိုင်းစက်ဝင်သက်သွားရ၏။

သူ့မျက်နှာကို သေချာမသဲကွဲ. . . ။

သို့သော် မထိတထိလေး ပြုံးနေတတ်သော နှုတ်ခမ်းရဲရဲလေးက ဝိုင်းကို အသက်ရှူ မှားအောင် ဖမ်းစားနိုင်လှသည်။

ဆွဲဆောင်မှုရှိသော မျက်နှာချောချောကို သူ ဘာကြောင့် ဖုံးကွယ်ထားသလဲ။

စိတ်ထဲ အသည်းတယားနှင့် သူ့ဦးထုပ်ကို ဆွဲချွတ်ပစ်ချင်မိ၏။

ရှင် ဘယ်သူလဲ . . . ?





ရှင် မမဝိုင်ကို သိသလားဟု မေးချ ပစ်ချင်မိသည်။

သို့သော် သူက ရှုတည်တည်ဖြင့်သာ ကြည့်ရုံ ကြည့်နေတာမို့ ဝိုင်းက စတင်၍ စကား မစချင်ပေ။

ပြီးတော့ ဝိုင်း ရင်တွေလည်း တုန်နေသည်။

သူ ဒီလိုကြီး အနီးကပ် စိုက်ကြည့်နေတာကို မနေတတ်ပေ။ ဝိုင်းက မျက်နှာလေးကို တစ်ဖက်သို့ မသိမသာ လွှဲသည်။

ဓာတ်လှေကားထဲမှာလည်း သူနှင့်ဝိုင်း နှစ်ယောက်ထဲသာ။

အထပ်နှစ်ဆယ်ထိမို့ အချိန်က တအောင့်တော့ ကြာသည်။

အဲဒီအချိန် တခဏမှာ နှလုံးသားတွေက ခုန်ပေါက်လှုပ်ရှားဆူညံပြီး ဗရမ်းဗတာ တုန်ယင်နေသည်မှာ ဝိုင်းကိုယ် ဝိုင်းပင် အံ့သြမိသည်။

မရဲတရဲနှင့် သူ့ရင်ဘတ်အကျီနေရာကိုပဲ ကြည့်နေမိပြီး သူ့ကိုတော့ ရင်မဆိုင်ဝံ့။

ဒီတစ်ခါတော့ သူက အော်တာရှပ် နှစ်ရောင်စပ်နှင့် ကာကီရောင် ဘောင်းဘီပွပွကို ဝတ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်တာရှပ် အပြာဖျော့ဖျော့ရဲ့ အိတ်နှစ်ဖက်က ကာကီ ရောင် အမွေးဖွားဖွားလေးတွေနှင့် ချုပ်လုပ်ထားတာ။

ကျစ်လစ်ပြီး ဆွဲဆောင်မှုရှိသော သူ့ရင်အုံကားကားက ဝိုင်းမျက်လုံးတွေကို ပြန်ခွာမရအောင် ဖမ်းစားသည်။

စွဲမက်စရာ ဒီရင်ခွင်ထဲကို မမဝိုင်များ အလည်ရောက်ဖူး ခဲ့တာလား။

ချက်ချင်းပဲ မလိုတမာ ဝမ်းပန်းတနည်း တွေးမိ၏။

သူ့ဖက်က ဘာမှမပြော၍ ဝိုင်းကစပြီး ဘာမှ မမေးချင် ၍သာ နှုတ်ဆိတ်နေရသည်။

စိတ်ထဲမှာတော့ သိချင်ပြင်းပြနေမိတာ အမှန်. . . ။

ဓာတ်လှေကားရဲ့ တံခါးပွင့်သွားလျှင် သူက ဝိုင်းကို အရင်ထွက်ဖို့ ဦးစားပေးပါသည်။ ပြီးမှ သူ နောက်က ထွက်သည်။

ဝိုင်းရင်ထဲမှာ ရင်ခုန်ရပ်ဝန်းလေးတစ်ခုထဲက ထွက်ခွာ လိုက်ရသလို လစ်ဟာဟာကြီး ခံစားမိသည်။

သူကရော . . . ကော်ဖီဆိုင်လာတာပဲလား. . . ?

ဒါကလည်း တိုက်ဆိုင်မှုပေါ့။

ဟင့်အင်း . . . မဖြစ်နိုင်။ ဝိုင်း လက်မခံနိုင်။





ဆိုင်ထဲ ဝင်လာပြီးနောက် ဝိုင်း နေရာယူလိုက်တဲ့ စားပွဲ နှင့် ကပ်လျက်က တစ်ခြားစားပွဲမှာ သူက မျက်နှာချင်းဆိုင်ကျ အောင် ဝင်ထိုင်လိုက်ပါသည်။

ထိုင်ကြည့်နေချင်တယ်ဆိုတဲ့ ပုံစံတစ်ခုကြောင့် ဝိုင်းရင်မှာ နွေးကနဲ ဖိုရ၏။

ကော်ဖီ မှာသောက်ရင်း ရောက်လာမည့် ဖောရိန်နာ ညီ့သည်ကို ကြန္တေရရလေး စောင့်နေရသော်လည်း ဝိုင်းအာရုံထဲ ဖွတ်ဝင်လာသူကတော့ သူပါပဲ။

ပဟေဠိဆန်သော သူ့ရဲ့တိတ်ဆိတ်မှုဟာ ဘယ်လောက် ထိ တာရှည်ခံမလဲ၊ ဝိုင်း စောင့်ကြည့်လိုက်ပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟက်လို . . ."

"ဟဲ့ . . . ဝိုင်း"

"ဟင် . . . ဘာလဲ"

သွယ်လေးအသံကို ကြားလိုက်ရ၍ ဝိုင်းက စိတ်ထဲ ထင့်ကနဲ ဖြစ်သွားရ၏။

သွယ်လေးက အကြောင်းထူးမရှိဘဲတော့ ရုံးခန်းထဲက ဖုန်းကို ခေါ်မှာ မဟုတ်ဘူးလေ။

"ဝိုင်း . . . မမဝိုင်နီ ရှိလား"





"ဟင့်အင်း . . . မရှိဘူး"

"တော်ပါသေးရဲ့၊ ဟိုဟာလေဟာ၊ နင်ပြောတဲ့ ဟိုဒင်း"

"ဟင် . . . သူ့ကို တွေ့လို့လား"

"အေး . . ."

"ဘယ်မှာလဲ"

"ငါတို့ရုံးရှေ့ မလှမ်းမကမ်းမှာဘဲ၊ သူ့ကား ပျက်နေတာလား မသိဘူး"

"ဟုတ်ရဲ့လားဟင် . . . နင် ဘယ်ကတွေ့တာလဲ သွယ်လေးရဲ့"

"ငါတို့တွေ အပြင်ထွက် မုန့်စားတာလေ၊ တီး . . .ဟီး သူ့ကားဘေးကနေ နှစ်ခါတောင် ဖြတ်လျှောက်ပြီးပြီ၊ ဒါကြောင့် နင့်ကို ကြိုတင် သတင်းပေးတာ၊ နင် ရုံးဆင်းချိန်ကို တမင် စောင့်နေတာလားမှ မသိတာ"

"မဖြစ်နိုင်ပါဘူးနော်. . ."

"အေး . . . မဖြစ်နိုင်ရင်လည်းပြီးရော၊ နင် စိတ်မဝင်စားရင် မပြောတော့ဘူး. . . ဒါပဲ"

"သွယ်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဖုန်းချလိုက်တော့မယ်၊ နင် မယုံရင် ပြတင်းပေါက်တနေ ကြည့်လိုက်၊ ဟိုမှာ ကုန်းကုန်းကွကွနဲ့ ကားစက်ထဲ ဘာလုပ်နေသလဲ မသိဘူး"

သွယ့်ဆီက ဖုန်းကိုချပြီးတာနှင့် ဝိုင်းက အပြင်လမ်းလေးကို လှမ်းမြင်ရတဲ့ မှန်ပြတင်းနား အသာ လာငုံ့ကြည့်မိ၏။

ယင်းလိပ်ပုံစံ လိုက်ကာလေးကို ဆွဲဟပြီး ကြည့်တော့ သူ့ရဲ့ (၈ ၎) အက္ခရာနှင့် လိုက်ထရပ်စ် အဖြူလေးကို လှမ်းတွေ့ရသလို ကားတံခါးဖွင့်ပြီး ကိုင်းကိုင်းငုံ့ငုံ့ ကြည့်နေတဲ့ သူ့သဏ္ဌာန်ကိုလည်း အဝေးမှ အထင်အရှား မြင်လိုက်ရသည်။

သူသည် ခါးကို တစ်ချက်ဆန့်လျက် မယောင်မလည် ဟိုကြည့်ဒီကြည့်လေးလည်း လုပ်နေပါသည်။

ဒီတိုင်း ကားရပ်ပြီး စောင့်ကြည့်ရင် ဘေးလူတွေ သတိထားမိမှာစိုးလို့ ကားပျက်ချင်ယောင် ဆောင်သလား။

ဒါမှမဟုတ် တကယ်ပဲ ကားက ပျက်နေသလား။

သူ့မျက်နှာက တစ်ချက်တစ်ချက် ကုမ္ပဏီရုံးခန်းပေါ်သို့ မော့ကြည့် ရှာဖွေပါသေးသည်။

ဝတ်ထားတာက တီရှပ်လက်ရှည်တစ်ထပ်၊ လက်တိုတစ်





ထပ် ပုံစံ။ အင်္ကျီနှစ်ထပ်ကို ထပ်ပြီးဝတ်တာမျိုး မဟုတ်ဘဲ နှစ်ထပ် တီရှပ်ပုံမျိုးဆိုတာ ဝိုင်း မှတ်မိနေပြီ။

ဘောင်းဘီမှာလည်း ချိန်းကြိုးက လှုပ်တုတ်လှုပ်တုတ်နှင့်။

သူ့ပုံစံက ခေတ်ရှေ့ပြေး ဒီဇိုင်းမျိုး။

ဒီတစ်ခါ ခေါင်းမော့တဲ့အခါ နားကပ် အပြားအဝိုင်းတစ်ဖက်ကို ပန်ထားတာပင် လက်ကနဲ တွေ့ရသည်။

အင်း . . . ဦးထုပ်လည်း ဆောင်း၊ နားကပ်တစ်ဖက်လည်း ပန်၊ လည်ပင်းမှာလည်း စတီးဆွဲကြိုး ခပ်ကြီးကြီးနှင့် ရှုပ်ယှက်ခတ်ပြီး မျက်စိကို နောက်လို့ပါလား။

သူလို ခေတ်လူငယ်စတိုင်လ်နှင့် ကောင်ကလေးဟာ မမဝိုင်နီနှင့် ပတ်သက်တာရော ဟုတ်မှ ဟုတ်ရဲ့လား။

သူ့မျက်လုံးတွေကို ဝိုင်း သေချာ မမြင်ဘူးပေမယ့် သူ့ရဲ့ မျက်မှန်အောက်က မျက်လုံးအစုံဟာ ဝိုင်းမျက်နှာလေးကို နှစ်လိုစွာ စူးစူးနစ်နစ် ငေးမောနေတာကို နှလုံးသားက သိရှိသေချာခဲ့ပါသည်။

သူ စောင့်ကြည့်တတ်တာကတော့ ဝိုင်းတို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ တစ်ရက်က မေးခဲ့တာက မမဝိုင်နီရဲ့ အမည် ဖြစ်နေသည် မဟုတ်လား။

ထိုအကြောင်းကို မမဝိုင်ကို ပြောပြ အသိပေးရင်ရော။

အသိပေးရအောင်လည်း သူ့ဖက်က ဘာမှ ပတ်သက်လှုပ်ရှားဖို့ မကြိုးစားသေးတာ ဝိုင်းစိန် အသိပင်။

သူသည် စကားတစ်လုံးမှ မဆိုဘဲ ဝိုင်းကို ရင်ခုန်အောင် ပြုစားနိုင်၏။

ဝိုင်းမှာ တစ်နေရာရာသွားတိုင်း သူနှင့် ပြန်ဆုံကြနဲ လာဆုံမလားဟု ရင်တထိတ်ထိတ်။

အမှတ်မထင် ရုတ်တရက် တစ်နေရာကနေ ပေါ်လာမလားဟု စိုးထိတ်ရင်ခုန်နေမိသည် မဟုတ်လား။

အခုလည်း ဝိုင်း အနီးအနားမှာ သူ ရောက်နေပြန်ပြီ။

အခုတလော သူ့ကို ဘာကြောင့် ဆက်တိုက် တွေ့နေရသလဲ။

မြင်လိုက်တိုင်းမှာလည်း ဦးထုပ်က မချွတ်စတမ်းဘဲ။

တမင်တကာ ရုပ်ဖျက်ထားသလို ထင်ရသည်။

သူ ဘယ်သူလဲ. . . ? ဘယ်ကလဲ . . . ?





သူ့နာမည်ကရော . . .

ဝိုင်းဖက်က သူ့အကြောင်းသိဖို့ ကြိုးစားသင့်ပြီလား. . .

အဝေးကနေ ကြည့်နေရုံလေး ကြည့်နေတာကိုများ ဝိုင်းက စတင် မေးမြန်းရမှာ ရှက်စရာ။

သူ့ဘာသာ ဒီထက် ရှေ့တိုးလာပါစေဦး။

ဒီတိုင်း အသာကြည့်နေတာပဲ ပိုကောင်းမှာပါ။

ဝိုင်းက မိန်းကလေးပဲ။

ပြောစရာရှိရင် သူ ချဉ်းကပ်မှာပေါ့။

ကိုယ့်ဖက်က မသိယောင်ဆောင်ပြီး ဟန်မပျက်နေဖို့ဘဲ သူမက ဆုံးဖြတ်သည်။

သူ ဘယ်နှစ်ရက်များ ဒီလို ပုန်းလျှိုးကွယ်လျှို စောင့်ကြည့်နိုင်မှာမို့လို့လဲ။

တစ်ချိန်ချိန်တော့ သူ့နှုတ်ကနေ တစ်ခုခု ဖွင့်ဟလာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက သူ ရှေ့ဆက်တက်ပြီး ပတ်သက်ဖို့ ကြိုးစားမှာ ပဲဟု ထင်မြင်နေမိတဲ့အချိန်မှာ သူက ဝိုင်း မျက်စိရှေ့သို့ လုံးဝ ပေါ်မလာတော့ချေ။

ထိုနေ့က ရုံးရှေ့နား မလှမ်းမကမ်းမှာ သူ့ကို လှမ်းမြင် လိုက်ရတာ နောက်ဆုံးပါပဲ။

နောက်ရက်တွေ သူ ပေါ်လာမလားဟု စောင့်မျှော် ကြည့်ရှုနေခဲ့ပေမယ့် သူ့ရဲ့ အရိပ်အယောင်လေးမျှပင် မမြင်ရ တော့ချေ။





ထိုအခါ ဝိုင်းရင်ထဲမှာ ဘာရယ်ဟု ဖော်ပြရခက်သော ဝေဒနာတစ်မျိုးလေးကို ခံစားရသည်။

သူ တကယ်ပဲ မလာတော့ဘူးလား။

သူ ခရီးများ ထွက်သွားသလား။

မရေမရာ မှန်းဆတွေးတောနေမိသည်။

လိုက်ထရပ်စ် ကားဖြူတစ်စီး ဖြတ်သွားတိုင်း သူများလား ဟု လိုက်ကြည့်ရတာ စိတ်တွေပင် မောလာသည်။

သူကတော့ စုပ်စုပ်မြုပ် ပျောက်ကွယ်သွားခဲ့လေပြီ။

သူ လုံးဝ လာမကြည့်တော့ဘူး ဆိုပါတော့။

ဝိုင်း ဘာလုပ်ရမလဲ. . .

ဟင့်အင်း . . . ဘာမှလည်း လုပ်စရာ မရှိပါဘူး။

ဒီအတိုင်းပဲ မေ့ထားလိုက်ရုံပေါ့။

ဦးထုပ် ငိုက်စိုက်ဆောင်းထားတဲ့ ခပ်ဖြောင့်ဖြောင့် လူရွယ်လေးတွေ တွေ့တိုင်းတော့ သူ့ကို သတိရမိဦးမှာပေါ့။

ဝိုင်းရင်ထဲမှာ လှုပ်ခတ်ဖူးတဲ့ လူတစ်ယောက်အကြောင်း ကြာလျှင်တော့ ဝိုင်း မေ့သွားမှာပါလေ။

စိတ်ကို သူမ ဤသို့သာ ဖြေသိမ့်တွေးလေး တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကတော့ ကားဝင်လာရာ လမ်းဖက် မျှော်ကြည့်မိဆဲပါ။

ဒီတော့မှပဲ သူ့လို ခပ်ဆင်ဆင်ကားတွေ အများကြီးရှိပါလားဆိုတာလည်း ဝိုင်း သိလာရသည်။

သူ ဘာကိုစိတ်ပျက်သွားပါလိမ့်၊ တစ်ခုခုတော့ အကြောင်းရှိလိမ့်မည်ဟု ဝိုင်း ထင်နေမိ၏။

ကိုယ်မသိတဲ့ အကြောင်းအရာကို ကိုယ် ဘယ်လို ပုံဖော်ကြည့်နိုင်ပါ့မလဲနော်။

ညနေစောင်းလို့ အိမ်ပြန်တဲ့အခါ ကားလေးကို ဖြေးဖြေးမောင်းရင်း လမ်းမှာများ ဆုံဦးမှာလား. . .။

နောက်ကနေ တိတ်တိတ်လေး ပါလာဦးမှာလားဟု မရဲတရဲ မျှော်လင့်မိတာအမှန်။

ပြီးလျှင် . . . ကိုယ့်ဘာသာလည်း ရှက်နေမိ၏။

အိမ်ပြန်ရောက်လို့ ညစာ စားပြီး နားချိန်ရောက်လျှင်လည်း ဝိုင်းအာရုံထဲ သူက ပေါ်လာတတ်ပြန်သည်။

ဓာတ်လှေကားထဲ နီးနီးကပ်ကပ် ဆုံခဲ့ဖူးတာကို အမြဲသတိတရ တွေးမိသည်။





တွေးမိတိုင်းလည်း အသစ်တဖန် ရင်ခုန်တုန်လှုပ်ရသည်။

လူတွေဟာ ကိုယ့်နှလုံးသားထဲ စွဲမြဲသွားတဲ့ အချစ်နဲ့ ပတ်သက်ရင် အဖြစ်အပျက်တစ်ခု၊ စကားလေးတစ်ခွန်းကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ပြန်စဉ်းစားတတ်သည်ဟု ဝိုင်း စာထဲမှာ ဖတ်ဖူးသည်။

အဲဒါ တကယ်ပဲလား. . .။

သူ့အကြောင်းကို ခဏခဏ ပြန်စဉ်းစားမိတဲ့ အဓိပ္ပာယ်က ဘာတဲ့လဲ. . .။ အဖြေလည်း မရှာရဲတော့ပါဘူးနော်။

ရှင်က ပျောက်ကွယ်သွားပြီပဲ။

ရှင် အနားကို ရောက်လာတဲ့ပုံက အိပ်မက်ဆန်ဆန် ပဟေဠိဆန်ဆန်ကြီးနဲ့ ဘာကြောင့် ဝိုင်းနှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့တာလဲ။ ကိုယ်တိုင်လည်း နားမလည်တော့ပါဘူး။

တကယ်တော့ သူ့ကို မတွေ့ရတော့ဘူးဆိုတော့လည်း ဒါက ပြီးသွားပြီပေါ့။

ဝိုင်းဖက်ကလည်း မေ့မေ့ပျောက်ပျောက် ထားလိုက်ရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



“ဟက်လို. . .”

“မာချိုလား”

“ဟုတ်တယ် . . . ဝိုင်း၊ ပြော. . .”

“စားပြီးပြီလား”

“အင်း . . . စားပြီးပြီ”

အောက်ထပ် စတိုးဆိုင်ကက ဖုန်းကို တကူးတက ဆင်းပြောရသော မာမာချိုသည် ဝိုင်း၏ အေးအေးလူလူ နှုတ်ဆက်စကားကြောင့် မျက်မှောင်လေး ကြုတ်လိုက်မိသည်။





ရုံးက စက္ကူထရီဆိုပေမယ့် ရှယ်တူချင်းမို့ ခင်တာက ခင်ပါသည်။ ဒါပေမယ့် ဘာများ အရေးကြီးသလဲဟု ပြေးဆင်းလာရတာ မောသွားသည် မဟုတ်လား။

“ဝိုင်း ဒီနေ့ ရုံးကို မရောက်ဖြစ်ဘူး၊ နည်းနည်း နေမကောင်းလို့”

“ဟုတ်လား. . .”

“နင်တို့ရော ရုံးလစ်သေးလား”

“မလစ်ပါဘူး”

“တစ်နေ့ကုန် ရှိတယ်ပေါ့”

“ရှိသားပဲ . . . ဘာဖြစ်လို့လဲ”

“မေးကြည့်တာပါ”

“အမယ်လေး ဝိုင်းရယ်. . . မာချို့ကို စားပြီးပြီလား၊ ရုံးလစ်သေးလား မေးဖို့ကိုများ ခုနစ်လွှာကနေ ဆင်းလာခိုင်းတယ် ဟုတ်လား၊ နင်က အိမ်မှာ ဖုန်းရှိတော့ ကိုယ်ချင်းမစာဘူး၊ ဒီမှာ အခု ခုနစ်လွှာကို ပြန်တက်ရမှာ လျှာထွက်နေပြီ သိလား. . .”

မာချို့ရဲ့ စကားနာထိုးလိုက်ပုံကြောင့် ဝိုင်းစိန်က မလုံမလဲ ခပ်တိုးတိုး ရယ်လိုက်မိရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဟာ . . . အဲလိုသဘောတော့ မဟုတ်ပါဘူး၊ ဗိုင်း သိချင်တာလေးတစ်ခု ရှိလို့ပါ"

"ဒါဖြင့်လည်း ပြော. . ."

"ဟိုဟာလေ. . ."

ဝိုင်းက နှုတ်တွန့်နေမိ၏။ သွယ်လေးကို မေးရမှာလည်း ရှက်လို့ပါ။ ဒါကြောင့် မာချို့ဆီကို ဖုန်းဆက်ကြည့်တာ။

"ဘယ်ဟာလဲ"

"ဟို . . . ငါတို့ရုံးဝရှေ့ကို လိုက်ထရပ်စ်ကားနဲ့လူ လာသေးလားလို့ပါ၊ နင်တို့ မုန့်ထွက်စားတဲ့နေ့က တွေ့တဲ့လူလေ"

"ဩော်. . ."

မာချိုက အံ့အားသင့်သွားပုံရသည်။

"ဟင့်အင်း . . . လာတာတော့ မတွေ့မိပါဘူး၊ ဘာဖြစ်လို့လဲ ဝိုင်း"

"ဘာမှ မဟုတ်ဘူး၊ ဝိုင်း သိချင်ရုံပါ၊ သင့်ခ်ယူနော် မာချို၊ အနှောက်အယှက်ပေးသလို ဖြစ်သွားပြီ"

"ရပါတယ်"

"ဒါဆို ဒါပဲနော်"





သူမသည် မာချို့ကို အားနာ၍ ဖုန်းမြန်မြန် ချပေးလိုက်ပါသည်။

အင်း . . . ဝိုင်းကြောင့် ကန်ထရိုက်တိုက်မြင့်ပေါ်နေတဲ့လူလည်း ကောင်းကောင်းမနေရ. . .။

ဝိုင်း ဘာဖြစ်နေမိပါလိမ့်။

ပုန်းလျှိုးကွယ်လျှိုးနှင့် မယောင်မလည်လုပ်ပြီး သူ ချောင်းနေသေးလား သိချင်လို့ပါ။

တကယ်တော့ ဘာမှလည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ သူမ ဆက်ပြီး ကြိတ်မြုံမထားနိုင်တော့ဘဲ မမဝိုင်ကို ပြောပြမိသည်။

"သူ့ကိုမြင်ရင် မမဝိုင်နီ သိမလားတော့ မပြောတတ်ဘူး၊ သူ ခဏခဏ လာကြည့်နေတယ်၊ ဘာသဘောလဲ မသိဘူး၊ တစ်ရက်မှာ မမဝိုင်နီကို အောက်ထပ်မှာ လာမေးတယ်၊ စုံစမ်းတယ်လို့ မောင်ထက်က ပြောတယ်"

သူမစကားတွေကြောင့် မမဝိုင်နီလည်း နည်းနည်းမျက်နှာပျက်သွားပါသည်။





"သူ့ပုံကရော"

"ဟော့ရှော့ပုံပဲ"

ဝိုင်နီမမသည် ဟိုတလောက သူမကို ပြန်ဆက်သွယ်ဖို့ကြိုးစားနေတဲ့ ချစ်သူဟောင်းများလားဟု ရင်ထိတ်သွားပါသည်။

မတော်တဆ ကိုသီဟရှိနေတဲ့အချိန် ရောက်လာရင် မလွယ်။ ဝိုင်နီမမက သူတို့နှစ်ဦးကို လုံးဝ မဆုံစေချင်ပေ။

"ညီမလေးဝိုင်းကို လာမေးလား ဟင်"

"ဟင့်အင်း . . . ဝိုင်းကိုတော့ ဘာမှ မမေးဘူး"

"အမှန်အတိုင်းပြောရရင် တို့ချစ်သူဟောင်းတစ်ယောက်တော့ ရှိတယ်၊ တို့ စေ့စပ်တဲ့ကိစ္စနဲ့ ပဘ်သက်ပြီး အရမ်းပေါက်ကွဲနေတယ်၊ သူ နှောက်ယှက်မှာ ကြောက်နေတယ် ဝိုင်း"

"အို . . . ဟုတ်လား. . ."

"သူနဲ့တို့နဲ့ အကြာကြီး တွဲခဲ့တယ်"

"အခု . . . သူက မမဝိုင်နီကို ခြိမ်းခြောက်နေလို့လား"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး"

မမဝိုင်နီက စကားကို ခပ်နှေးနှေးနှင့် ထိန်းထိန်းသိမ်းသိမ်းလေးသာ ပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းကလည်း မမဝိုင်နီ စကားပြောရင် ခပ်ဖြည်းဖြည်း ခပ်ချို့ချိုလေးနှင့် တစ်ခွန်းချင်း ပြောတတ်တာ။

အခုတော့ ပိုတောင် နှေးနေ, အေးနေပါသေးသည်။

ဝိုင်းကလည်း မမဝိုင်နီ မပြောချင်တာကို မစပ်စုရဲ။ သူမက အရိပ်အကဲ နားလည်သော ထက်ထက်မြက်မြက် စက္ကူထရီလေး တစ်ယောက် မဟုတ်လား။

"ဒီတစ်ခါ သူ ရောက်လာခဲ့ရင်ရော မမ"

မမဝိုင်နီက တစ်ချက်စဉ်းစားဟန်ပြုပြီး . . .

"ဖြစ်နိုင်ရင်တော့ တို့ ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး၊ ခေါင်းတွေလည်း ရှုပ်နေတယ်၊ ညီမလေးဘာသာ ကြည့်ကျက်မေးမြန်းကြည့်လိုက်နော်၊ အထူးသဖြင့် တို့နားမှာ မောင်ရှိနေတဲ့အချိန်ဆိုရင် လုံးဝ တွေ့ခွင့်မပေးနဲ့၊ ညီမလေး ရှေ့ကနေ ရှင်းထားလိုက်ပါ"

"ဟုတ်ကဲ့ မမ . . . ဝိုင်း နားလည်ပါပြီ"

ဝိုင်နီမမရဲ့ သဘောထားက ရှင်းနေသည်။

လက်ခံတွေ့ဆုံဖို့ လုံးဝ စိတ်ကူးမရှိတော့တာ သိသာသည်။





"ဒါပေမယ့် သူက ဖွတ်ခွင့်တောင်းရင်ရော၊ ဒါမှမဟုတ် တစ်ခုခု . . ."

ဝိုင်းက လိုရမယ်ရ ထပ်မေးထားလိုက်သည်။

တကယ်တမ်း သူ ရောက်လာပြီး မမဝိုင်နီနှင့် ထိပ်တိုက်တွေ့သွားရင် ဝိုင်းစိန့် အပြစ်ကင်းမှာ မဟုတ်။

ရှေ့ကနေ ဖြေရှင်းကာကွယ်ဖို့ အမိန့်ပေးထားပြီလေ။

သူဟာ တကယ်ပဲ မမဝိုင်နီရဲ့ ချစ်သူပဲလား။

"အခုအချိန်မှာ ဘယ်သူပဲ တို့ကို လာရှာရှာ၊ မလိုအပ်ရင် တို့ လက်ခံတွေ့တော့မှာ မဟုတ်ဘူး။ ညီမလေး ဝိုင်းစိန်ကိုပဲ ပါဝါကုန် လွှဲထားမယ် . . . ဟုတ်လား၊ ဖြစ်တယ်မို့လား"

"ဟုတ်ကဲ့ . . . စိတ်ချပါမမ"

ဝိုင်းက စိတ်တထင့်ထင့်နှင့်ပဲ ကတိပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံဖက်က ဘီယာဂါးဒင်း ခြံကျယ်ကျယ်ရဲ့ တစ်နေရာ၊ နောက်ဘက်ကျကျ စားပွဲတစ်ခုမှာ သူတို့နှစ်ဦးသား အေးအေးလူလူ ဘီယာ ထိုင်သောက်နေမိကြသည်။

စင်ပေါ်က ဟော်လိုရှီးလည်း မစသေး၍ နားအေးပါးအေးနှင့် ဘီယာလေး မြုံလိုက်၊ အမြည်းလေး ဝါးလိုက် လုပ်နေသည်။

သူတို့နားမှာ ဝိတ်တာလည်း တစ်ယောက်မှ မရှိ။

မရှိဆို တမင်တကာ မခေါ်ထားတာ။





လိုမှ ရှုတ်ကနဲ လှမ်းအသံပြုရုံပဲလေ။

ကြယ်တံခွန် ရက်စတောရင့်နှင့် ဘီယာဂါးဒင်းတစ်ခုလုံးက ရှိရှိသမျှသောဝန်ထမ်းအားလုံးတို့သည် ဆိုင်ရှင် ကိုအာကာညီကို ချစ်ကြောက်ရိုသေကြသည်။

သူက သဘောကောင်းသလို သူ ခပ်တည်တည်ဟောက်ပြီဆိုလည်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရ၏။

ကိုအာကာညီကို သိပ်မကြောက်ဘဲ စောဒကတက်ရဲ အတွန့်တက်ရဲ၊ ပြန်ပြောရဲဆိုရဲရှိတာကတော့ သူတစ်ယောက်ပဲ ရှိသည်။

ဒါကလည်း ကိုအာကာကိုယ်တိုင်က သူ့ကို ညီလေးတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လို ခင်မင်ချစ်ခင်တာကိုး. . .။

ဦးစားပေး အလေးထားတာကိုး. . .။

ပြောရမည်ဆိုလျှင် ကိုအာကာရဲ့ ကျေးဇူးတွေက သူတို့သားအမိဆီမှာ တပုံတပင်။

အမေ ဆေးရုံတက်ဖို့ ရန်ကုန်လာတုန်းက ကိုအာကာပဲ အစစအရာရာ လိုက်လံ ကူညီဆောင်ရွက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌလိက ဆေးခန်းကြီးတစ်ခုမှာ လနှင့်ချီပြီး ကြာအောင် တက်ရောက်ဆေးကုသရသော မေမေ့အပေါ် တစ်ချက်မညည်းညူ။

သူကိုယ်တိုင် သားတစ်ယောက်လို နေ့စဉ်မပြတ် လာကြည့်သည်။

ကုန်ကျစရိတ် အားလုံးလည်း တာဝန်ယူသည်။

သူတို့က သံလျှင်မှာ ခြံနှင့်၊ တိုက်နှင့် နေနိုင်တယ်ဆိုပေမယ့် ငွေကြေးအားဖြင့် ဒီလောက်ကြီး အဆင်ပြေလှတာ မဟုတ်ပါ။

ခြံက ရောင်းဖို့ စီစဉ်ထားပေမယ့် မရောင်းရသေး။

ဒီအချိန်ကျမှ အမေ့ရောဂါက ဖိဖိစီးစီး မကုသရင် မဖြစ်တော့။ အချိန်မီ မကုသနိုင်ရင် အသက်အန္တရာယ် ရှိသည်။

သူက ဘွဲ့ရပြီးသားဆိုပေမယ့် ကိုအာကာရဲ့ မန်နေဂျာမို့ လခစား ဝန်ထမ်းလေးမျှသာ။

ယောကျာ်းလေး လူပျိုလူလွတ်မို့ ရရသုံးသုံးနှင့် လက်ထဲ များများစားစားလည်း ငွေစုထားတာ မရှိ။

ကိုအာကာသာ မကူညီရင် သူတို့ တော်တော် ပျာယီး ပျာယာ ငွေရှာခဲ့ရမှာ။





အခုတော့ အမေတောင် ဆေးရုံဆင်းပြီး အိမ်ပြန်သွားပြီ။

ကိုအာကာက ရှောလောဆယ် ခြံကိုလည်း မရောင်းပါနှင့်ဦးဆို၍ အမေ့မှာ သူ့ခြံလေး သူ ပြန်နေရတာ ဝမ်းသာလွန်း၍ မျက်ရည်လေးပင် လည်နေရှာသည်။

“သားရယ် . . . ကျေးဇူးတင်လိုက်တာ၊ သားဟာ အမေ့သားကြီးပါပဲ၊ သား ညီလေးကိုလည်း အမြဲတမ်း စောင့်ရှောက်ပါနော်၊ ငါ့သားကြီးလက်ထဲ အမေ အပ်ပါတယ်ကွယ်”

အမေ ကိုအာကာ့အပေါ် သားအရင်းတမျှ အားကိုးအားထားပြုခဲ့ရှာလေပြီ။

သူ့ကိုလည်း အမေက ကိုအာကာ့စကား နားထောင်ဖို့ ကျေးဇူးသိဖို့၊ လိမ်လိမ်မာမာနေဖို့ တဖွဖွ ဆိုဆုံးမသည်။

ဒါကြောင့် သူဟာ အရင်တုထက် ကိုအာကာ့အပေါ် ပိုချစ်၊ ပိုနွေးထွေးလာမိတာ အမှန်ပါ။

ကိုအာကာ့အတွက်ဆိုလျှင် သူ ဘာပဲ ပေးဆပ်ရ ပေးဆပ်ရ. . .။ ငွေကို ငွေနှင့် ပြန်ဆပ်နိုင်ပေမယ့် မေတ္တာ စေတနာရဲ့ ကျေးဇူးကိုကျ တုန့်ပြန်ပြီး ဆပ်နိုင်ခဲလှသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုအာကာက အပေါ်ယံ အမြှုပ်ထနေသော ကိုင်းတပ်ဖန်ခွက်ကို ကိုင်၍ တစ်ရှိန်ထိုး ကုန်အောင် မော့ချလိုက်ပါသည်။

သောက်ပုံက နည်းနည်း ပြင်းမနေဘူးလား. . .။

သူက ပုလင်းထဲက လက်ကျန်တစ်ဝက်ခန့်ကို ဖန်ခွက်ထဲသို့ အပြည့် ပြန်ထည့်ပေးလိုက်သည်။

ကိုအာကာက နောက်ထပ် မော့ချပစ်လိုက်ပြန်၏။

ဟ . . . ဘယ်လိုဖြစ်တာလဲ . . .။

တစ်လုံးကို ဒီလောက် ချက်ချင်း ပြတ်တယ်ဆိုတော့. .

"အစ်ကို . . . ခုတလော အရမ်းများတယ်နော်၊ နည်းနည်း သတိထားဦး"

"ငါ့ကို လွှတ်ထားပေးလိုက် ညီလေး"

"ဗျာ . . . ဘာဖြစ်လို့လဲ"

ကိုအာကာ့မျက်နှာကို သူ ကြည့်လျှင် ကိုအာကာက မျက်ခုံးကို စုံရှုံ့လျက် မချိမဆန့်ပုံစံ လုပ်ပြသည်။ ပြီးလျှင် ဘယ်ဘက်ရင်ဘတ်ကို နှစ်ချက် ပုတ်ပြပြီး . . .

"မင်း မသိဘူး၊ ဒီထဲက ပြဿနာ. . ."

ကိုအာကာ့ အမူအရာက ထူးခြားနေပါသည်။





အရင်ကဆို အင်မတန် တက်ကြွပျော်ရွှင်နေတတ်တဲ့လူပါ။

"ညီလေးကို မျှဝေမှပေါ့ အစ်ကိုရ. . ."

ကိုအာကာက ခေါင်းယမ်းသည်။

"ဘာလို့လဲ၊ အစ်ကို့အမျိုးသမီးနဲ့ အဆင်မပြေဘူးလား"

"အဲဒီဇာတ်လမ်းက ပြီးသွားပါပြီ"

"ဗျာ . . . ဘယ်လို"

သူ အံ့အားသင့်သွားမိသည်။

ကိုအာကာ့စကားကို မယုံနိုင်။

ပြီးခဲ့တဲ့ ချစ်သူများနေ့တုန်းကပဲ သူနှင့် ကိုအာကာတို့ နှာမည်ကြီး စိန်တိုက်တစ်ခုကနေ စေ့စပ်လက်စွပ် သွားရွေးလာခဲ့တာ မှတ်မိသည်။

အခု ဖြုန်းစားဒိုင်းစား . . . ဒါက ဘယ်လိုဖြစ်ရတာလဲ။

"အစ်ကို စေ့စပ်လက်စွပ် ပေးပြီးသားလေဗျာ၊ လွယ်လွယ်နဲ့ ပြီးစရာလား"

"မိတတ်နိုင်ဘူးလေကွာ၊ သူမှ လက်မခံတာ၊ ရှင့်လက်စွပ်ကို သွားလွှင့်ပစ်လိုက်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒီအမျိုးသမီး ဒီလောက်တောင် ရိုင်းရလား၊ အစ်ကို့မှာ ဘာအပြစ်ရှိလို့လဲ"

သူပင် မခံမရပ်နိုင် ဖြစ်သွားမိ၏။

"ဘာအပြစ်လဲဆိုတော့ ငါက ဘွဲ့တွေဘာတွေ မရဘူးပေါ့ကွာ၊ ပြီးတော့ စီးပွားရေးကလည်း ရက်စက်တောရင့်ပဲ ဖွင့်တတ်တာ၊ နောက် အရက်တွေဘာတွေလည်း ကြိုက်တယ်၊ ငါက သူ လိုချင်တဲ့ ဂျင်းတဲလ်မင်း မဟုတ်ဘူး ဆိုပါတော့"

"ဒါတွေ အစကတည်းက သူ သိတာပဲဗျ၊ သိသိနဲ့ပဲ အစ်ကို့ကို ပြန်ချစ်ခဲ့တာပဲ မဟုတ်ဘူးလား"

"သူက သိပေမယ့် သူ့အမေကြီးက ငါ့လောက်ဆို ဖွတ်မွဲပဲ မှတ်တာ၊ သူ့သမီးကို တကယ့်ဂရိတ်ပဲ မှန်းတာကွ"

"ဩော် . . . ဒါဆို သူ့အမေက ပွဲဖျက်တဲ့ သဘောပေါ့"

"သူကိုယ်တိုင်ကလည်း အမေစကား နားထောင်တဲ့သမီးမျိုးပါကွာ၊ ထားလိုက်ပါတော့"

"အာ . . . ထားလိုက်လို့ ဘယ်ဖြစ်မလဲ၊ အစ်ကို အသည်းကွဲနေတာ ကျွန်တော် ကြည့်နေလို့ မဖြစ်ဘူး"





"ဟား . . . ဟား၊ ကွဲလည်း ကွဲပေါ့ကွာ၊ သူက ပြန်လှည့်ကြည့်နေမှာမှ မဟုတ်တာ၊ ဘာတတ်နိုင်မှာလဲ"

အစ်ကို အာကာက အားလျော့သော လေသံနှင့် ပြောကာ ဖန်ခွက်ထဲက လက်ကျန်ကို ကောက်မော့ပြန်ပါသည်။

ကြည့်ရတာရော၊ ကြားရတာရော သူ စိတ်မချမ်းသာ။

"အစ်ကို ဒီလို လက်မလျှော့နဲ့"

"လက်မလျှော့ရင် ငါက ဘာလုပ်ရမှာလဲ"

"အစ်ကို သူ့ကို ဖြစ်တဲ့နည်းနဲ့ ခိုးပြေးပေါ့"

ကိုအာကာက သူ့စကားကို ခေါင်းမော့လှန်ကာ ရယ်ပါသည်။

ညီလေး . . . ညီလေး။

ဒီကောင်လေးက တယ်ကလေးဆန်ပါလား။

"ခိုးပြေးရအောင် သူက ဘယ်လိုမျိုးမျိုးလဲ မင်းသိလား၊ သူက မနူးမနပ် အရွယ်လည်း မဟုတ်ဘူး၊ ကိုယ်ပိုင် ကုမ္ပဏီ ထောင်ပြီး လူတစ်ရာလောက်ကို အုပ်ချုပ်နေတဲ့ မိန်းမကွ၊ နေတော့ ရွှေတောင်ကြားမှာ နေတာ၊ ငါနဲ့ သူနဲ့ အခြေအနေချင်းက တစ်ခြားဆီပဲ၊ သူက အေးရှကွင်းရဲ့ မန်နေးဂျင်း . . ."


www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . Asia Queen ... ဟုတ်လား. . ."

သူသည် ရီဝေဝေနှင့် လေထဲ မြောက်တက်သွားသလို ခံစားချက်ကြီး ဖြစ်သွားရ၏။

အေရှကွင်း ကုမ္ပဏီလီမိတက်. . .။

ရွှေရောင်စာလုံးတွေနဲ့ ကုမ္ပဏီရုံးရဲ့ မှန်တံခါးမှာ ဝင့်ကြွားစွာ ရှိနေတဲ့ ဒီအမည်။ ဒီအမည်က နှစ်ခုရှိမှာမဟုတ်။

"မင်းကြားဖူးလို့လား၊ ဝိုင်နီမမရဲ့ ကုမ္ပဏီက နာမည်ကြီးစာရင်းဝင်ပဲ၊ ကြားဖူးရင်လည်း ကြားဖူးမှာပေါ့"

ဝိုင်နီမမ . . .။

အခုမှ သူ လန့်ဖျပ် မျက်လုံးပြူးသွားရသည်။

ရင်ထဲ လစ်ဟာဆုံးရှုံးမှုကို ဘာမှ နှိုင်းမရ။ ကြားလိုက်ရတာကိုပင် သူ့နားသူ မယုံဘဲ လူက ဟုန်တုံတုံကြီး ကြက်သေသေသွားမိသည်။

ဒီလောက်ပဲ တိုက်ဆိုင်ရသလားကွာ။

ငါ ဒီလောက်တောင်ပဲ အဖြစ်ဆိုးရသလား။

သူ အသက်အောင့်လျက်သား ကိုအာကာ့မျက်နှာကို မမြင်ဘူးသလို ကြောင်ငေးငေး ကြည့်နေမိသည်။





ဝိုင်နီမမက ကိုအာကာ့ ချစ်သူလား။

သူ မကြားရဲ . . . တကယ် မကြားရဲတော့ပါ။

မရဲတရဲနှင့် မိုးကြောင်ခိုးဝှက် ငေးမောကြည့်နေရတဲ့သူလေး. . .။ သိပ်ချစ်စရာကောင်းတဲ့ အလှဘုရင်မလေး။

အေရှကွင်းရဲ့ မန်နေဂျင်း ဒါရိုက်တာဆို၍ သူ ခြေလှမ်းတုန့်ပြီး ရှေ့ဆက်မလိုက်ရဲဘဲ တွေဝေတွန့်ဆုတ်နေခဲ့မိတာ။

အခုတော့ သူမက. . .။

"မင်း ဘာကြည့်နေတာလဲ၊ ဝိုင်နီကို မင်း မြင်ဖူးလို့လား"

"ဝိုင်နီမမက အစ်ကို့ချစ်သူ. . ."

"အေးလေ . . . ချစ်သူဟောင်းပေါ့"

"သူက အရမ်းချောတယ်လေ၊ ဟို . . . ပိုးရင်ဖုံးအကျီရှိုးရှိုးလေးတွေနဲ့ ချိတ်ထမီလေးတွေ ဝတ်တတ်တယ်၊ ဆံပင်ကိုလည်း ဆံထုံးလေး အမြဲထုံးထားတတ်တယ်၊ ဘယ်နေရာ သွားသွား ကိုယ်တိုင်ကားမောင်းပြီး တစ်ယောက်တည်း ဝံ့ဝံ့စားစားထက်ထက်မြက်မြက် ပုံစံနဲ့ အဲလိုမျိုး ဟုတ်သလား. . ."

ကိုအာကာက လက်ဖျောက်တစ်ချက်တီးကာ. . .

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဝိုင်နီဟာ အဲဒီလိုပုံစံပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် မင်း မြင်ဖူးတာ သေချာပြီ၊ ဘယ်တုန်းက မြင်ဖူးတာလဲ ကွ”

ကိုအာကာ့အမေးကို သူ ချက်ချင်း မဖြေနိုင်။

ရင်ထဲမှာ ဆို့နင့်နင့်ကြီးနှင့် လူမသိ သူမသိ ရှက်မျက်နှာ ပူလှပါ၏။

ကျွန်တော် သူ့ကို စွဲလမ်းလွန်းလို့ တိတ်တိတ်ကလေး လိုက်ကြည့်နေမိတာဟု သူ ဘယ်လိုဖြေမလဲ။

ကံကြမ္မာက တစ်ဆိတ်တော့ ရိုက်ချက်ပြင်းမနေဘူး လား။ ကျေးဇူးရှင် ဆရာအစ်ကိုရဲ့ ချစ်သူကိုမှ . . . သူ. . . ။

သူ့မျက်နှာကြီး ဘယ်နားသွားဝှက်ရမှာပါလိမ့်။

အိုကွာ. . . ဒါကို ဘယ်သူမှမှ မသိသေးတာ။

ငါ့ရင်ထဲကအကြောင်းကို ငါပဲ သိတာ။

ငါတစ်ယောက်တည်းပဲ သိတာ။

ပိုင်နီကတော့ ရိပ်မိချင် ရိပ်မိနိုင်သည်။

သို့သော် ခုချိန်ထိ သူ ဘာတစ်ခုမှ နှုတ်မကျွံမိသေး။

ကံတရားသည် အဆိုးထဲမှာပင် ကောင်းကွက်လေးရှိလို့ တော်ပါသေးရဲ့ကွာ။





သူ့နဖူးပြင်မှာ ရှက်ခြင်းနှင့် ချွေးတွေ စို့တက်လာ၏။

ကိုအာကာ့ဆီမှ အကြည့်ကို အားနာပါးနာ လွှဲမိကာ မျက်နှာငုံ့ချရင်း . . .

“အဲဒီ အေရှကွင်းနားမှာ သူငယ်ချင်းတစ်ယောက် ရှိလို့ သွားလာရင်းနဲ့ မြင်ဖူးနေတာပါ၊ သိတာတော့ မသိပါဘူး အစ်ကို”

“အေးကွာ . . . သူက အရမ်းလှတော့၊ လှတာထက်ကို တအား အက်ထရက်ရှင်ရှိတဲ့ မိန်းကလေးဆိုတော့ ပတ်ဝန်းကျင် က ယောကျ်ားလေးတွေ တော်တော်များများ သတိပြုမိတာ အမှန်ပါ”

“အာ . . . မဟုတ်ဘူး အစ်ကို၊ ကျွန်တော်က ဒီတိုင်း မြင်ဖူးရုံ . . . မြင်ဖူးရုံသက်သက်ပါ”

သူ ကမန်းကတန်း ဖြေရှင်းတော့ ကိုအာကာက ရယ်မော ပြီး . . .

“ဟား . . . ဟား. . . အေးပါကွာ၊ ငါကရော ဘာ ပြောသေးလို့လဲ၊ သူ မျက်နှာပွင့်တာကိုပဲ ပြောတဲ့သဘောပါ။ အရေးထဲမှာ မင်းက ရှက်နေရသေးတယ်၊ ပိုင်နီကို မြင်ဖူးတယ် ဆိုတော့ သူ ဘယ်လောက် အဆင့်မြင့်လည်း ငါ ညွှန်းစရာမလို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့၊ သူလို မိန်းကလေးက ငါ့လိုလူကို လက်ထပ်မလား၊ ဒါမှမဟုတ် သူ့အမေ ဒေါ်ခင်မမ ချိုက်စ်လုပ်ပေးတဲ့ ဆရာဝန် သူဌေးသားကိုပဲ ရွေးမလား၊ မင်း စဉ်းစားကြည့်"

"ဆရာဝန်သူဌေးသား. . ."

"အေးလေ . . . သူ အင်ဂေ့ချ် လုပ်လိုက်ပြီပဲ"

"ဗျာ . . . ဝိုင်နီမမက စေ့စပ်ထားပြီးသားပေါ့"

"ဒါကြောင့် . . . ငါက ဘက်ခ်ဂီယာဆွဲလိုက်ရတာ"

"ဟာဗျာ. . ."

"ဧပြီလကုန်လောက်မှာ သူ စင်္ကာပူ လိုက်သွားမယ်လို့ ပြောတယ်၊ ဟိုရောက်တာနဲ့ လက်ထပ်မယ်တဲ့"

"ဟာ . . . ဒီလိုနဲ့ ပွဲသိမ်းလို့တော့ ဘယ်ရမလဲဗျ"

"ဒီလို မသိမ်းရင် မင်းက ဘယ်လိုသိမ်းစေချင်တာလဲ၊ မင်းအစ်ကိုနဲ့ ညားစေချင်တာလား"

"ဒါပေါ့ . . . အစ်ကို့ချစ်သူပဲဟာ၊ အစ်ကိုပဲ ရသင့်တာ ပေါ့ဗျာ"

ကိုအာကာက မဖြစ်နိုင်တာပဲဆိုတဲ့ ပုံစံနှင့် ခေါင်းကို ဖြေးဖြေး ခါယမ်းနေပါသည်။





သူ့ရင်ထဲမှာ စပ်ဖျင်းဖျင်းနှင့် မကျေမနပ်ကြီး ဖြစ်လာမိသည်။

ချစ်ခင်နှစ်လိုခြင်းတွေ ရင်နှင့်မဆန့်အောင် ဖြစ်ပေါ်ခဲ့တဲ့ မိန်းကလေးဟာ ကိုအာကာ့ကို အသည်းခွဲရုံမက၊ တစ်ခြားသော ဆရာဝန်တစ်ဦးနှင့်ပင် စေ့စပ်ထားခဲ့ပြီးသား ဆိုပါလား။

မင်းမျက်နှာလေး ကြည့်တော့ ဖြူစင်အေးချမ်းလိုက်တာကွာ။

ဒီလောက်ထိ ရက်စက်ပြီး၊ ဒီလောက်ထိ ပညာပြတတ်မယ့်သူလို့ မထင်ရပါလား။

မင်းဟာ သွေးအေးအေးနဲ့ အတော့်ကို မျက်နှာပြောင် တိုက်ဝံ့တဲ့သူဆိုတာ ဒီညမှ ငါ သိရပြီ ဝိုင်နီ. . .။

မင်းက ကြောက်စရာကောင်းတဲ့ မြွေဟောက်မလေးပဲ။

မင်းကို ဒီလို ထင်သလို ဖန်တီးခွင့်မျိုး ငါ မပေးနိုင်ဘူး။

ကိုအာကာက ခွင့်ပြုပေမယ့်၊ ငါ ခွင့်မပြုနိုင်ဘူး ဝိုင်နီ။

"ဒေါ်ဝိုင်နီက စေ့စပ်ရုံ စေ့စပ်တာပဲ မဟုတ်လားအစ်ကို သူတို့မှ လက်မထပ်ရသေးတာ"

သူ့စကားကြောင့် ကိုအာကာက မျက်လုံးပြူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . လက်မထပ်ရသေးလဲ ဘာထူးလို့လဲကွ၊ တော်ကြာ လက်ထပ်တော့မယ့်ဟာ၊ ငါ့ကို အထင်မကြီးဘူး၊ အားမကိုး ဘူး၊ လက်မတွဲချင်ပါဘူးဆိုတဲ့ မိန်းမတစ်ယောက်ကို ငါက ဘာတွေ အောက်ကျနောက်ကျ အယူခံဝင်နေရဦးမှာလဲ၊ ငါ့ဆီမှာလည်း မာနတစ်ခုတော့ ရှိသေးတာပေါ့ ညီလေးရာ၊ သူ့ လမ်းကို သူ ရွေးတာ ရွေးပါစေ၊ နေပါစေတော့ကွာ. . . ပြီးတာ လည်း ပြီးသွားပြီ၊ အားလုံး (the end) သည်အံ့ဒ်ပေါ့ကွာ"

ပြောသာ ပြောရသော်လည်း အာကာညီရဲ့ မျက်လုံး အိမ်မှာ နာကျည်းမျက်ရည်တွေက ရီရီဝေဝေနှင့် အရောင် လက် လာပါသည်။

မိန်းမတစ်ယောက်ကို တော်ရုံတန်ရုံ ချစ်ရုံနှင့်တော့ အဲဒီ ယောကျ်ားတစ်ယောက်က ဘယ်လိုမှ မျက်ရည်ထွက်မှာ မဟုတ် ပါ။

ကိုအာကာ ကြိတ်မှိတ်ခံစားနေရတာကို သူ သေချာသိ သွားပါပြီ။

တစ်သက်မှာ တစ်ခါလောက်ဖြစ်ဖြစ် ရတတ်သရွေ့ ကျေးဇူးဆပ်ချင်တာမို့ သူ့နှလုံးသားမှာ လူးလွန့်လှုပ်ရှားလာသည်။





"ဘာပဲဖြစ်ဖြစ် ကိုအာကာ မဝိုင်နီကို သွားတွေ့ပါလား"

သူ့နှုတ်က အလိုလို အကြံပေးမိ၏။

"မဝိုင်နီက သူ့မားသားကြောင့် ခေါင်းညိတ်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့၊ အစ်ကိုသာ အခုနေ ဖွဲ့မလျှော့ဘဲ ပြန်ကြိုးစား ရင် သူ စိတ်ပြောင်းနိုင်သေးတာပဲ"

"နေပါစေတော့ကွာ . . . မဖြစ်နိုင်ပါဘူး"

"အစ်ကိုကလည်းဗျာ. . . "

"ညီလေး မသိဘူး၊ ဝိုင်နီက ပြတ်သားတယ်၊ ဒါဆို ဒါပဲ"

"အစ်ကို တစ်ကြိမ်လောက်တော့ ထပ်ပြီး ချဉ်းကပ်သင့် တယ်"

"တော်ပါပြီကွာ. . .၊ ပြဿနာလည်း မဖြစ်ချင်ဘူး၊ ငါတို့ အရွယ်တွေကလည်း တည်တည်ငြိမ်ငြိမ် ဆုံးဖြတ်ရမယ့် အရွယ် တွေပါ"

"မဆိုင်ဘူးလေဗျာ၊ အချစ်မှာ အရွယ်တွေ ဘာတွေ ထည့်တွက်စရာ မလိုပါဘူး၊ အစ်ကိုက မဝိုင်နီကို သူ့အားလက် အပါခံမယ်ဆိုတာ အစ်ကို ညံ့ရာကျတာပေါ့"

"ငါက ညံ့ပါတယ် ညီလေးရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . အစ်ကိုက တော်ပါတယ်၊ လူတော်တစ်ယောက်ပါ၊ အစ်ကိုသာ ကြိုးစားရင် ကိုယ့်ချစ်သူကို ရနိုင်ပါသေးတယ်"

ကိုအာကာက ကြိုးစားမည့်ပုံ မရှိပါ။

ခေါင်းကိုသာ တွင်တွင်ယမ်းသည်။

အခုလို အကြောင်းစုံသိရတဲ့အခါ ခံပြင်းဒေါသဖြစ်ရတာက သူ့ရင်ထဲမှာ ပြောင်းဆန်လာသည်။

ကိုအာကာအတွက် သူ ဘာပဲလုပ်ပေးရ. . . လုပ်ပေးရ၊

ဒီနေရာမှာ တစ်ခုခုတော့ ကူညီခွင့် ရချင်သည်။

သူ့အပြစ်လည်း သူ ဆေးကြောရင်း ကျေးဇူးဆပ်ချင်လှသည်။

"မင်းစေတနာကို ငါ သဘောပေါက်ပါတယ်၊ ဒါပေမယ့် နောက်ကျသွားပြီကွ"

"နောက်မကျသေးပါဘူး၊ မပိုင်နီမှာ ပိုင်ရှင်မှ မရှိသေးတာဗျာ၊ သူ လက်မထပ်ဖြစ်အောင် နှောက်ယှက်ဖို့ ကျွန်တော့်တာဝန်ထား"

"အာ . . . မဟုတ်တာတွေ၊ ညီလေး စိတ်လိုက်မာန်ပါ





လျှောက်မလုပ်နဲ့နော်၊ မင်းဒေါသတွေလျှော့၊ ငါပါ ကျော်ချမ်းလာပြီ"

ကိုအာကာက သူ တကယ်မလုပ်ရဲဘူးဟု ထင်နေသည်။

သူ ဒီတိုင်း ပါးစပ်က လျှောက်ဖောနေတာဟု ယူဆနေပုံ။

"မပိုင်နီဆီမှာ အစ်ကိုပေးထားတဲ့ လက်စွပ်ရှိတယ် မဟုတ်လား"

"မပေးရသေးပါဘူး . . . သူမှ လက်မခံတာ၊ ဒါပေမယ့် ငါ့မှာ ဆန္ဒတစ်ခုတော့ ရှိတယ်၊ ငါတို့နှစ်ယောက် မဆုံဖြစ်လည်း သူ့အတွက် ရည်ရွယ်ပြီး တကူးတက လုပ်ထားတဲ့ အဲဒီလက်စွပ်လေးကိုတော့ အမှတ်တရ ပေးလိုက်ချင်တယ်၊ သူနဲ့ ပတ်သက်ပြီး ငါ့ရဲ့ နောက်ဆုံး မျှော်လင့်ချက်က အဲဒါပဲ"

"ဖြစ်တယ် . . . သိပ်ဖြစ်တယ်၊ ကျွန်တော် ရအောင် ပေးပေးမယ်"

"အေးကွ. . . ဒါတော့ မဆိုးဘူး၊ ငါကိုယ်တိုင် မဟုတ်ဘဲ မင်းကနေတဆင့် အကျိုးအကြောင်း ပြောပြီး အတင်းအကျပ်ပေးလိုက်ရင်တော့ သူ လက်ခံထားရမှာပဲလေ၊ ဒါပေမယ့် ခက်တာက ငါ့အသံကြားရင်တောင် သူက ဖုန်းကို ချက်ချင်းချပစ်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်စွမ်းမရှိဘူး . . . ကျွန်တော် လူကိုယ်တိုင် သွားပေးမယ်"

"ဖြစ်ပါ့မလားကွာ. . ."

"ဖြစ်ပါတယ် . . . စိတ်ချစမ်းပါ"

"နောက်ဆုံး အမှတ်တရလို့ ပြောပေးကွာ၊ ဒီ့ထက်ပိုပြီး ငါ ဘာမှ မမျှော်လင့်ဘူးလို့ သူ နားလည်အောင် မင်း ရှင်းပြပေးပါ၊ ညီလေးကို ယုံလို့ အားကိုးလို့ လွှတ်တာနော်"

"ညီလေးကလည်း ဦးဆွေးဆံမြေ့ တာဝန်ထမ်းဆောင်ချင်နေပါတယ်ဗျာ၊ အစ်ကို့ညီကို အားကိုးစမ်းပါ"

သူ့စိတ်ထဲမှာတော့ နောက်ဆုံး အမှတ်တရ မဟုတ်ပါ။

ဒီကနေ့ ကိုအာကာရဲ့ဇာတ်လမ်းကို မရအရ ပြန်စမှာပါ။

ကိုအာကာ အံ့သြမင်သက်သွားအောင် သူ လုပ်ပြမည်။

သူ့ရဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုတွေကို ကိုယ်အာကာ တအံ့တသြ ချီးမွမ်းရမှာပါ။

အဲဒီညက အိမ်ပြန်ရောက်တော့ စိတ်ကူးတွေ အစီအစဉ်တွေ အဖန်တလဲလဲ တွေးတောရင်း သူ ကောင်းကောင်းအိပ်မပျော်နိုင်ခဲ့ပါ။





ပိုင်နီမမဆိုသော ချစ်စရာ မိန်းမချော ရှေ့မှောက်ကို အသစ်တဖန် သူ ရောက်သွားရပေဦးမည်။

ဒီတစ်ခါ အရောက်သွားမှာက သူ့ကိစ္စမဟုတ်ဘဲ ကိုအာကာ့အတွက် သက်သက်သာ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့လည်မှာ မမဝိုင်နီက ကိုမင်းသီဟနှင့်အတူ အတွင်းဖက်က ရုံးခန်းလေးထဲမှာ အတူတူ ထမင်းလက်ဆုံ စားသောက်ရင်း စကားပြောနေခဲ့သည်။

သူမက ထိုမှန်ခန်းလေးရဲ့ အပြင်ဖက်က သူမရဲ့ အလုပ်စားပွဲလေးမှာ ကွန်ပျူတာ မော်နီတာကို ကြည့်နေခဲ့သည်။

စားပွဲပေါ်မှာ အသင့်ချပေးသွားတဲ့ ထမင်းပေါင်းနှင့် ဘဲကင်ပန်းကန်ကို မတို့မထိရသေး။

ဗိုက်သိပ်မဆာသေး၍ စာရင်းလေး လက်စသပ်ပြီးမှ ထမင်းစားဖို့ ဝိုင်းက ရည်ရွယ်သည်။





ထိုအချိန်မှာ အခန်းတွင်းက အင်တာကွန်းလေးက တီကနဲ မြည်လာ၏။

သူမ ကောက်ကိုင်နားထောင်လိုက်လျှင် . . .

“မမဝိုင်နီနဲ့ တွေ့ဖို့ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်၊ လွှတ်လိုက်ရမလားဟင်”

“ရတယ် မသူဇာ၊ အခန်းထဲကို လွှတ်လိုက်ပါ”

သူမက တွေ့ဖို့ လက်ခံလိုက်ပါသည်။ မမဝိုင်နီရဲ့ ကိုယ်ရေးအတွင်းရေးမှူးမို့ သူမ အရင်တွေ့ဆုံကြည့်ရမည် မဟုတ်လား။

ချက်ချင်းလိုပင် မှန်တံခါးကို တွန်းဖွင့်၍ လူရည်သန့်တစ်ဦး ဝင်လာပါသည်။

လှမ်းကြည့်မိသော ဝိုင်းမှာ ထိုသူရဲ့ မွန်ရည်သန့်ပြန့်ခန့်ညားချောမောသော ရုပ်သွင်ကြောင့် သတိလက်လွတ်ပင် ငေးမောသွားရသည်။

သူ ဝတ်ဆင်ထားသည်မှာ တိုက်ပုံအကျီ ဖြူဆွတ်ဆွတ်နှင့် ပိုးတွဲလုံချည် ဇီးညိုရောင်လေးဖြစ်ပြီး ဖွေးသန့်သော ခြေထောက်အစုံမှာတော့ မန္တလေးဖိနပ် လေးညှင်းရောင်ကို စီးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုတိုကပ်ကပ် ပြောင်လက်နက်မှောင်နေသော ဆံပင်ကို သပ်ရပ်စွာ ဖြီးထားပြီး သူ၏ လေးထောင့်ဆန်ဆန် မျက်နှာမှာ ယောကျ်ားပီသစွာ ဆွဲဆောင်မှုအပြည့်နှင့် ဖြစ်၏။

မည်းနက် ထူတန်းသော မျက်ခုံးများအောက်က စူးရှအရည်လဲ့နေသော မျက်လုံးဝိုင်းဝိုင်းနက်နက်တွေက အသက်ရှုမှားလောက်အောင်ပင် ညှို့ငင်ဖျားယောင်းနိုင်သည်။

ဤမျှ မျက်လုံးလှပြီး စူးရှတဲ့မျိုး ဝိုင်း အရင်က တစ်ခါမှပင် မမြင်ဘူးပေ။

သူ့မျက်လုံးက စိုနက်တောက်ပပြီး လဲ့လဲ့ရီနေရုံမကဘဲ မျက်တောင်တွေကပါ ကော့သေးတာ။ ချွန်မြသော နှာတံနှင့် စိုရဲသော နှုတ်ခမ်းများ. . . ။

ငေးမိတဲ့ ဝိုင်းမျက်လုံးတွေကို ရုပ်သိမ်းလို့ မရသေးခင်မှာပင် သူက ဝိုင်းရှေ့ စားပွဲနားသို့ ရောက်လာပါသည်။

ရှင်းသန့်တည်ငြိမ်ပြီး ခန့်ညားလွန်းသော သူ့ပုံစံက ဝိုင်းကို အလိုလို လွှမ်းမိုးနိုင်၏။

"ထိုင်ပါဦးရှင်"

သူမက အသံတိုးတိုးနှင့် ကြိုးစား၍ စကားစလိုက်ရ၏။





"ဒေါ်ပိုင်နီမမ နေကောင်းတယ်နော်"

"ရှင်"

"အခုလို တွေ့ခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ရန်ကြီးအောင်ပါ"

ထိုသူက နှုတ်ခမ်းကို စေ့လျက် ပြုံးပြပြီးမှ သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါသည်။

ရန်ကြီးအောင်တဲ့။ အမည်ကလည်း တစ်မျိုးကြီး . . . ။

သူ့ကို ဝိုင်း တစ်ခါမှ မမြင်ဘူး။

ဝိုင်နီက သူ့ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေပေမယ့် ရန်ကြီးအောင်က ရှိုးတို့ရှုန်းတမ်းမဖြစ်အောင်ဂရုစိုက်ရင်း. . .

"ကျွန်တော့်ကို ဒေါ်ပိုင်နီမမ မသိဘူးထင်တယ်၊ ကျွန်တော်က ကိုအာကာရဲ့ မန်နေဂျာပါ"

"ကိုအာကာ . . ."

သူမ အလန့်တကြားလေး သံယောင်လိုက်မိ၏။

ရင်ထဲမှာ ထိတ်ကနဲလည်း ဖြစ်သွားရသည်။

အနောက်ဘက် မှန်ခန်းဆီ ယောင်ယမ်း၍ပင် ကြည့်မိတော့မလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ . . . ကိုအာကာရဲ့ မန်နေဂျာဆိုပါလား။

ကိုအာကာညီဆိုတာ မမဝိုင်နီရဲ့ အရင်ချစ်သူ။

ပြဿနာပဲ . . . ပြဿနာပဲဟု သူမ ဦးခေါင်းထဲမှာ မီးနီ အချက်ပြသည်။

ဒီလူကို မမဝိုင်နီ ဘယ်နည်းနှင့်မှ တွေ့ချင်မှာမဟုတ်။

အထဲမှာ ကိုမင်းသီဟလည်း ရှိနေသည်။

"ဟို . . . ဘာကိစ္စများလဲ"

ဝိုင်း ခပ်မြန်မြန် မေးလိုက်၏။

ဘာကိစ္စလဲ မြန်မြန်သိမှ ဖြစ်မယ်လေ။ ဒါမှလည်း ဝိုင်းဘက်က ကိစ္စကို ချက်ချင်း ဖြတ်ပေးနိုင်မည် မဟုတ်လား။

သူက ချက်ချင်းမပြောသေးဘဲ ဝိုင်းမျက်နှာကို စူးစူးနစ်နစ် အဓိပ္ပာယ်ပါစွာ ကြည့်နေပါသည်။

ဘာအဓိပ္ပာယ်လည်းတော့ ဝိုင်းမသိ။

ဒါပေမယ့် ရင်ထဲမှာ တုန်ရီရီနှင့် လှုပ်လှုပ်ခတ်ခတ်ကြီး မနေတတ်သလို ဖြစ်သွားရသည်။

သူ့မျက်လုံးတွေမှာ ဝိုင်း နားမလည်နိုင်သော အရိပ်အငွေ့တစ်မျိုးက ယှက်သန်းနေပါသည်။





အင်မတန် ပြောရခက်ခဲတဲ့ အရိပ်အငွေ့၊ ဒါပေမယ့် သူမရင်ထဲက နှလုံးသားကို လှုပ်ထိသလိုမျိုး ခံစားရသည်။

ဝိုင်း ဘာဖြစ်ရတာပါလိမ့်။

"ကိုအာကာက လွှတ်လိုက်လို့ပါ ဒေါ်ဝိုင်နီ"

သူက ဝိုင်းကို ဝိုင်နီမမဟု ထင်နေပုံပင်။

ဒါကို သူမ ရှင်းပြရမလား။ သူမဟာ စက္ကသရီ ဝိုင်းစိန်မဆိုတာ အသိပေးရမလား။

ဒါဆိုလျှင် သူက မမဝိုင်နီကို တွေ့ခွင့်တောင်းမှာ သေချာသည်။ မရှိပါဘူးလို့ ညာပြောရင်ရော။

မတော်တဆ အခုနေသာ မမဝိုင်နီ အခန်းပြင်သို့ ထွက်လာလျှင် . . .

ဝိုင်းမှာ အတွေးနှင့် အကျပ်ရိုက်သွားရပါသည်။

နှုတ်က ဘာကို ဘယ်လို ရှင်းပြရမည် မသိနိုင်။

"ကျွန်တော့်အစ်ကိုကို ဒီလောက်ထိ မရက်စက်ပါနဲ့လားဗျာ၊ အခု သူ အရမ်းခံစားနေရတယ်"

"ရှင်"

အသံကို တိုးနိုင်မှကာ သူမနား နီးအောင် တိုးကာ ပြော



www.burmeseclassic.com

www.burmeseclassic.com



ထိုတော်ခွင့်ကြောင့် ခိုင်းဝင် အသက်ရှူ မှားသွားရသည်။

ဆူဒုံစိတ -တောင်းပန်တိုးလျှိုးနေဟန်။

"ဖြန့်စဉ်းစားပေးပါလား မဝိုင်နီ၊ ကျွန်တော် တောင်းပန်ပါတယ်"

"အို"

"မဝိုင်နီ အသည်းနှလုံးက ဒီလောက်ထိ မမာပါဘူးဗျာ၊ ဟုတ်တယ်မို့လား၊ ခင်ဗျားအမေကြောင့်သာ ဒီလို ဆုံးဖြတ်တာ မဟုတ်လား"

"ရှင် ဘာတွေ လာပြောနေတာလဲ"

"ကိုအာကာက ခင်ဗျားကို စိတ်မကုန်သေးဘူး၊ သူ လက်လျှော့မှာလည်း မဟုတ်ဘူး၊ ခင်ဗျားရဲ့ စေ့စပ်ပွဲကို ပြန်ဖျက်ပစ်လိုက်ပါလား"

"အို . . . မဖြစ်နိုင်တာဘဲရှင်"

"ဖြစ်နိုင်ပါတယ်ဗျာ၊ ခင်ဗျားချစ်တာ ကိုအာကာလေဗျာ"

အဲဒါမှ ဒုက္ခပါပဲ။

သူက စေ့စပ်ပွဲဖျက်ဖို့ပင် တိုက်တွန်းနေတာ။

ဒါကိုများ ကိုမင်းသီဟ ကြားသွားလို့ကတော့ . . .။

◆ ဉာဏ်ဝင်းစာပေ ◆



"ရှူး . . . တိုးတိုး . . .၊ ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုရန်ကြီးအောင်၊ ဒါ ရုံးခန်းရှင့်၊ ရှင် စကားပြော ဆင်ခြင်မှပေါ့"

"ကျွန်တော်က ကိုအာကာ ခံစားနေရတာ အသည်းကွဲနေရတာကို မကြည့်ရက်လို့ပါ၊ မဝိုင်နီသာမြင်ရင် သူ့ကို သနားသွားလိမ့်မယ်၊ သူ အရက်တွေပဲ နေ့တိုင်း သောက်သောက်နေတာ"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ဟာဗျာ . . . ခင်ဗျား ဒီလို မပြောပါနဲ့"

"ကိုအာကာနဲ့ မမဝိုင်နီနဲ့ . . . အဲ. . . . ဝိုင်နီနဲ့က ပြတ်သွားကြပြီပဲ"

"ဒီလို လွယ်လွယ်ဖြတ်လို့ ဘယ်ရမလဲ"

သူက အံကြိတ် ကြိမ်းဝါးသည်။

ဒါကိုတော့ ဝိုင်းလည်း ကြားထဲက ဘာမှမတတ်နိုင်ဘဲ။

သူ့ဆရာအတွက် သူက အယူခံလာဝင်ပေးတာလား။

"ကျေးဇူးပြုပြီး ရှင်ပြန်ပါတော့၊ ကျွန်မ အားတော့နာတယ်၊ ဒါပေမယ့် ရှင် ဒီမှာလာပြီး ကိုအာကာ့အကြောင်းကို ပြောလို့ မဖြစ်ဘူး၊ ဒီလိုမှန်းသိ ရှင့်ကို ဝင်ခွင့်တောင် ပေးမိမှာ မဟုတ်ဘူး"

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်နှာပျက်ပျက်နှင့် နှုတ်ခမ်းကို မသိမသာ တစ်ချက်မဲ့ကာ . . .

"ခင်ဗျားက အခြေကြီးတဲ့ ရွှေမင်းသမီးဆိုတာ သိပါတယ်ဗျာ၊ အပ္ပိုင့်မင့်မယူဘဲ လာတွေ့တာ စိတ်မရှိပါနဲ့ ကျွန်တော်လည်း အရေးကြီးလို့ပါ၊ ဒီမှာ ကိုအာကာပေးလိုက်တဲ့ လက်စွပ် . . ."

ဝိုင်း အခုမှ မျက်လုံးဝိုင်းသွားရ၏။

သူက တိုက်ပုံအင်္ကျီအောက်မှ လက်စွပ်ဘူး အသည်းပုံလေးကို ထောက်ကာနဲ ဖွင့်ပြီး စားပွဲပေါ် ချပြသည်။

စိန်နှင့် ပလက်တီနမ်အရော ပုံဆန်းဆန်းလက်စွပ်ကလေးက အနီရောင်ဘူးထဲမှာ တဖျပ်ဖျပ် ခါနေ၏။

အရည်အသွေး ကောင်းမှန်း၊ တန်ဖိုးကြီးမှန်း သိသာနေတာကြောင့် အလန့်တဖျပ် ခေါင်းယမ်းမိကာ . . .

"အို . . . လက်မခံနိုင်ဘူး၊ ပြန်ယူသွား . . ."

တကယ်လည်း သူမ လက်ခံထားလိုက်ရင် မမဝိုင်နီ့ သူမကို ဆူမှာပဲလေ။

အလန့်တကြား ခေါင်းယမ်းပုံကြောင့် ရန်ကြီးအောင်က သူမ လက်မခံဘဲ ငြင်းလွှတ်မှာ စိတ်ပူသွားပါသည်။

• ဉာဏ်ဝင်းစာပေ •



စိတ်လောလောနှင့် သူမ့လက်ကလေးတစ်ဖက်ကို ဆတ်ကနဲ ဆွဲယူ၍ လက်စွပ်ဘူးကို လက်ဖဝါးထဲ အတင်းထည့်ပြီး လက်ချောင်းလေးဖြင့်ပင် ဆုပ်ကိုင်စေလိုက်သည်။

"မမဝိုင်နီ လက်ခံမှ ဖြစ်မယ်၊ ယူလိုက်ပါ . . . အမှတ်တရပါ၊ ဒါကို လက်မခံရင် ကျွန်တော် ဒီနားက သွားကိုမသွားဘူး"

အမယ်လေး . . . ခြိမ်းခြောက်ပုံကြီးက လန့်စရာပါလား။

နဂိုကပင် ဝိုင်းမှာ မမဝိုင်နီနှင့် ကိုမင်းသီဟ ထွက်လာတော့မလားဟု အသည်းထိတ်နေရတာ။

"ကဲ . . . ကဲ . . . ရှင်ပြန်တော့၊ နောက်လည်း ထပ်မလာပါနဲ့တော့နော်၊ တောင်းပန်ပါတယ်"

"ကျွန်တော် ဖုန်းဆက်မယ်"

"အမယ်လေး . . . မဆက်ပါနဲ့ရှင်"

"ဆက်မှာပဲဗျာ"

ဒီလူက တိုက်ပုံနှင့် လူကြီးလူကောင်းဆန်သလောက် စကားသံက ဂျစ်ကန်ကန်နှင့်ပါလား။

သူလုပ်ချင်ရာ မဖြစ်ဖြစ်အောင် လုပ်မယ့်ပုံစံ။

• ဉာဏ်ဝင်းစာပေ •

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမှာ သူ့ကိုကြည့်ပြီး ပုခုံးလေးသာ ကျုံ့မိတော့၏။

ခွင့်လွှတ်ပါလား ကိုရန်ကြီးအောင်ရေ . . .။

ရှင်က ကိုအာကာ့ ဘက်တော်သားဖြစ်သလို ကျွန်မက လည်း မမဝိုင်းနီရဲ့ စက္ကာထရီဖြစ်နေတော့ အခက်သားပေါ့။

မညာချင်လည်း ရှင့်ကို ညာရတော့မယ်။

ရှင့်ကြည့်ရတာ ရှင့်ဆရာဖက်က နာပြီး ဖွဲကြီးကြီးနဲ့ အောင်သွယ်လုပ်ဦးမယ့်ပုံ မဟုတ်လား။

ဒီအတိုင်းပဲ ရှင်ထင်သလို အလိုက်သင့်လေး ချော်လဲ ရောထိုင် လုပ်နေရတာကို အားတော့ နာမိပါရဲ့။

"ဘာပဲဖြစ်ဖြစ်ဗျာ . . . ခင်ဗျား အခုလို လက်ခံပေးတာ ကို အရမ်း ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့ ရင်ထဲမှာ အစ်ကို ရှိ နေတုန်းပဲဆိုတာလည်း ကျွန်တော် ယုံလိုက်ပြီ၊ ကျွန်တော့်အစ်ကို သိရင်လည်း အားတက်သွားမှာပါ၊ အစ်ကို့ကို ဘာမှာဦးမလဲ"

သူမက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် . . .

"အောင်မယ် . . . ဒီလက်စွပ်ကို ကျွန်မ လက်ခံတာ မဟုတ်ပါဘူး၊ ရှင့်ဘာသာရှင် အတင်းကာရောနဲ့ ကျွန်မလက်ထဲ လာထည့်ပေးပြီးတော့၊ ရော့ . . . ရော့ . . . ပြန်ယူသွား"





"ဟာ . . . ယူလို့ ဘယ်ဖြစ်မလဲ၊ တတ်နိုင်မယ်ဆိုရင် ခင်ဗျားလက်မှာ ဝတ်ထားလိုက်ပါ"

"ဟင့်အင်း. . ."

"ကျွန်တော် ပြန်ပြီ၊ ဘိုင့်ဘိုင်. . ."

သူက ဒရောသောပါး နှုတ်ဆက်ပြီး ထပြန်သွားပါသည်၊

ဝိုင်းမှာ သူမအနားသို့ ရုတ်တရက် ရောက်လာပြီး ကမန်း ကတန်း ပြန်ထွက်သွားသော ကျောပြင်တစ်ခုကို ပါးစပ်ကလေး အဟောင်းသားငေးရင်း ဒီကိစ္စ ဘယ်လိုလုပ်ရပါ့မလဲဟု မကြံ တတ်အောင် ဖြစ်ကျန်ခဲ့သည်။

ထို့နောက် စိန်လက်စွပ်ဖူးကလေးကို အံဆွဲထဲသို့ အသာ ထည့်ဝှက်ထားလိုက်ရလေသည်။

ရန်ကြီးအောင်ကတော့ ဝိုင်းနီမမ၏ သားနားအေးစိမ့် သော ရုံးခန်းလှလှလေးအတွင်းကနေ ပေါ့ပေါ့ပါးပါး ခြေလှမ်း တွေနှင့် ပြန်ထွက်လာသည်။

သူ ဒီဇိုင်း ပြောင်းလိုက်တာ မှန်သွားသည်။

ကံကောင်းထောက်မစွာဖြင့် သူ့ကို ဝိုင်းနီမမက မမှတ်မိ၊ မှတ်မိချင်စရာလည်း မရှိဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ဆံပင်က ရှည်ရှည်၊ ဦးထုပ်ငိုက်စိုက်နဲ့၊ မှတ်မှန်ခပ်ကြီးကြီးနဲ့၊ နှုတ်ခမ်းမွေးစစနှင့် ဝတ်ထားတော့လည်း အလန်စား၊ အမိုက်စားတွေနှင့် ရုပ်ယှက်ခတ် မျက်စိနောက်စရာကိုး။

အခုတော့ ဆံပင်ကို တိုတိုညှပ်ပြီး၊ ခပ်ရေးရေးရှိတဲ့ နှုတ်ခမ်းမွေးကိုလည်း ရိတ်သင်၊ တိုက်ပုံနဲ့ ပိုးတွဲပုဆိုးကို ခန့်ခန့်ညားညား ဝတ်လာခဲ့တော့ မြင်တဲ့သူတိုင်းက ဒါ ရန်ကြီးအောင်မှ ဟုတ်ရဲ့လားလို့ ဇဝေဇဝါ ဖြစ်ကြမှာ အမှန်ပင်။

သူမလို နှစ်ခါသုံးခါလောက်ကလေး ဆုံဖူးတဲ့သူက ဒီလို ရှင်းရှင်းသန့်သန့်လူကို ဟိုဂျစ်ပစီလို့ ဘယ်ထင်ပါ့မလဲ။

အင်း . . . . ကိုအာကာ စွဲမယ်ဆိုလည်း ဝိုင်နီက စွဲမက်စရာပဲကိုး . . . . ။

သူမရဲ့ အသားလေးတွေက ဝင်းနှစ်ဖြူကြည်ပြီး၊ မျက်လုံးအကြည့်ကလေးကလည်း နွေးထွေးတောက်ပနေတာပဲ။

သူတောင် ယောင်မှားပြီး ရင်ဖိုချင်သလို ဖြစ်သွားရသေးသည်။

စကားသံလေးကို နားထောင်ရတဲ့အခါ တရင်းတနှီး





ပြောဆိုဟန်လေးနဲ့ ချစ်စရာကောင်းတာ အသိအမှတ် မပြုဘဲ မနေနိုင်။ ဒါပေမယ့် . . . ကိုအာကာ့ချစ်သူလေ၊ ဘာတတ်နိုင်မလဲ။

ဆုံးရှုံးမှုကို နှလုံးသားနှင့်ရင်းကာ ပြင်းပြစွာ နာကျင်ခံစားခဲ့ပြီးသားမို့ ဝေဒနာသည်း မလွယ်ထားချင်တော့ပါဘူး။

ချစ်မိတဲ့ ဝေဒနာကို ကိုယ်ပစ်ချခဲ့ပါပြီ ဝိုင်နီမမရယ်။

ဒီရင်ထဲက အကြောင်းတွေကို ခင်ဗျား ဘယ်တော့မှ မသိပါစေနဲ့။

ရန်ကြီးေ င် စိတ်မှာ တစ်ဖက်ကလည်း နှစ်သိမ့်ကြည်နူးမိပါသည်။ အစ်ကိုပေးချင်တဲ့ လက်စွပ်ကလေးကို ငါ ရအောင် ပေးနိုင်ခဲ့ပြီ။

ဝိုင်နီမမဆီ ရောက်သွားပြီ။ ငါ စွမ်းဆောင်နိုင်တာပဲ၊ ဒါကိုပဲ ဂုဏ်ယူရမယ်။ ကိုအာကာ့အတွက် တစ်ခုခု ကူညီလုပ်ပေးချင်တဲ့ သူ့ရဲ့ဆန္ဒက တာတမံက ကျိုးပေါက်လာတဲ့ ရေတွေလိုပဲ ဒလဟောကြီး ကျနေပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



“ဟက်လို . . . မမဝိုင်နီလား”

“အင်း. . . ဝိုင်လေး ဘာလဲ ပြော၊ မအိပ်သေးဘူးလား”

“ကိုမင်းသိဟ ပြန်သွားပြီလား မမ”

“အင်း . . . ညစာ ထွက်စားပြီး အခုပဲ မမကို ပြန်ပို့တာ”

“ဒါဖြင့် သူ မမနားမှာပေါ့”

“ဟင့်အင်း . . . ပြန်သွားပြီ”

“အတော်ပဲ . . . မမကို ပြောစရာရှိလို့”

“ဘာများလဲ ! အရေးတကြီးနဲ့”





“အရေးကြီးတာပေါ့၊ နေ့လည်က မမတို့ ထမင်းစားနေတုန်းကလေ ကိုရန်ကြီးအောင်ဆိုတဲ့ လူတစ်ယောက် လာသွားတယ်”

“ရန်ကြီးအောင်. . .”

“ဟုတ်တယ်မမ၊ ကိုအာကာရဲ့ မန်နေဂျာလို့ ပြောတယ်”

“ဪ . . . ဟုတ်ပြီ၊ ကိုအာကာဆီက မမ ကြားဖူးတယ်၊ လူကိုတော့ မမြင်ဖူးဘူး. . .”

“သူကလည်း မမကို မသိဘူး၊ ဝိုင်းကိုပဲ မမလို့ ထင်သွားတာ”

“ဟုတ်လား . . . ဟား . . . ဟား. . .”

မမဝိုင်နီက ပေါ့ပေါ့ပါးပါး ရယ်နေသည်။

“ဝိုင်းလည်း ဘာပြောရမလဲ မသိဘူး၊ အဲဒါနဲ့ သူတကိုအာကာပေးခိုင်းလိုက်တာဆိုပြီး စိန်လက်စွပ်တစ်ကွင်း အတင်းပေးသွားတယ်”

“ဟယ် . . . ဝိုင်းလေးရယ်၊ ဘာလို့ လက်ခံလိုက်တာလဲ”

“သူက အတင်းအကျပ် ပေးတာကိုး၊ အခု မမကို ဒီလက်စွပ်လာပေးမလို့”



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး. . . မလုပ်ပါနဲ့ မာမီသိသွားရင် ပြဿနာပဲ၊ ကျုပ်ကို လာပေးဖို့ မစဉ်းစားနဲ့"

"ဟင် . . . ဒါဆို ဝိုင်းက ဘယ်လိုလုပ်ရမှာလဲ"

"ရှင့်ရဲ့ ရန်ကြီးအောင်ကိုပဲ ရှင် ပြန်ပေးပေါ့၊ ကျုပ်က ယူစရာလား၊ မနက်ဖြန် သဘက်ဆိုပဲ ဟိုကို ထွက်ရမယ့်ဥစ္စာ၊ လေယာဉ်လက်မှတ်တောင် စီစဉ်ပြီးပြီ၊ မာမီလည်း အတူတူ လိုက်မှာ၊ အိမ်ကိုသော့ပိတ်ခဲ့မှာ၊ ဝိုင်းလေးကိုတော့ ကျုပ် သတိရနေမှာပါ"

"မမကလည်း . . . စိတ်ညစ်ပါတယ် နော်"

"ဟဲ့ . . . ဘာကို စိတ်ညစ်ရမှာလဲ"

"ကိုအာကာက အရက်တွေ နေ့တိုင်း သောက်နေတယ်လို့ သူ ပြောတယ်"

"တော်ပြီ . . . ဟိုး . . .၊ အဲဒါတွေ ကျုပ် မကြားချင်တော့ဘူး၊ ကျုပ် လေယာဉ်ပေါ် မတက်မချင်း အနှောက်အယှက်တွေကို ရှင် ကာထားပေး. . . ရှင်းထားပေး. . . ဒါပဲ၊ မောင်သိသွားလို့ လုံးဝ မဖြစ်ဘူးနော်၊ ထပ်ပြောလိုက်ပါရဲ့"

"မမကတော့ နှိပ်စက်ပြီ၊ အဲဒီ ရန်ကြီးအောင်က ဝိုင်းကိုပဲ မမဝိုင်နီ မှတ်နေတာ၊ ဖုန်းဆက်မယ်လို့တော့ ပြောတယ်၊ ဒါပေ





မယ့် သူ့ကို ဝိုင်းက ဘယ်မှာသွားရှာရမလဲ၊ ဒီလောက် အဖိုးတန် လက်စွပ်ကြီးလည်း လက်ထဲ မထားရဲပါဘူး၊ မြန်မြန် ပြန်ပေးမှ ဖြစ်မယ်"

"သူ့ကို ရှာဖို့က ဘာမှ မပူနဲ့၊ သူတို့က မင်္ဂလာဒုံမှာ ကြယ်တံခွန် ရက်စတောရင့်နဲ့ ဘီယာစတေရှင် ဖွင့်ထားတာ၊ နာမည်ကြီးပဲ"

ဘုရားရေ . . . ဝိုင်းက ဘီယာဆိုင်ထိ လိုက်သွားရတော့မှာလား၊ စိတ်တွေပင် ရှုပ်ပါရဲ့။

အစကတည်းက ဝိုင်နီ မဟုတ်ပါဘူး တန်းငြင်းလိုက်ရင် အကောင်းသား။ အခုမှ နောင်တတွေ ရလာပါသည်။

"ဝိုင်းလေးဘာသာ မီးစင်ကြည့်ပြီး ကလိုက်နော်၊ တော်ကြာ သကြန်ဆိုရင် ရုံးလည်း ဆယ်ရက်ပိတ်တော့မှာပဲဟာ၊ ကားကို ဝိုင်းပဲ ဆက်သုံးနေ ဟုတ်ပြီလား၊ နောက်နေ့မှ လိုတာတွေ ထပ်မှာမယ်၊ အခုတော့ . . . ကျုပ် အရမ်းပင်ပန်းနေပြီ၊ နားတော့မယ်၊ ဂွတ်နိုက်နော် . . . ညီမလေး"

"ဟုတ်ကဲ့ . . . ဂွတ်နိုက်"

သူက နားချင်ပါပြီဆိုမှ ဘာထပ်ပြောလို့ ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစိတ်တွေက အလိုလို လေးလံမွန်းကျပ် ရှုပ်ထွေးသွားရပါသည်။ အဲဒီ ရန်ကြီးအောင် ဒီတစ်ခါ ဖုန်းဆက်စမ်းပစေဦး။

တကယ့် အရှုပ်ထုတ်၊ မုန်းစရာကြီး။

မျက်ခုံး ထူထူ၊ စူးရှနက်မှောင်သော မျက်လုံးတွေနှင့် မျက်တောင်တော့ကော့များပင် ပိုင်ဆိုင်သော သူ့မျက်နှာက ဝိုင်း အာရုံထဲကနေ ခုထိ မထွက်နိုင်။

သူ ချောလိုက်တာ။

ပြီးတော့ ယောကျ်ားပီသပြီး ခန့်ညားလိုက်တာ။

မိန်းကလေးတွေရဲ့ စိတ်ကူးယဉ်အိပ်မက်ကို ဖန်တီးနိုင်မယ့် ဥပမိရုပ်ကဖြင့် မနာလိုချင်စရာ။

ရုံးခန်းထဲကို သူ ပိုင်ပိုင်နိုင်နိုင် လှမ်းဝင်လာကတည်းက ဝိုင်းနှလုံးသားထဲမှာ သိမ့်ကနဲ နွေးသွားရတဲ့ ခံစားချက်က ဆန်းကြယ်နေပါသည်။

ပြန်စဉ်းစားရင်လည်း ခုထိ အံ့အားသင့် ရင်နွေးရတုန်းပါပဲလား။





စကၠာပူသွားမယ့် လေယာဉ်က နေ့ခင်း တစ်နာရီခွဲ ထွက်မှာမို့ မနက်ပိုင်းကတည်းက အားလုံး ပြင်ဆင်တက်ကြွနေခဲ့သည်။

မမဝိုင်နီကတော့ ပျော်ရွှင်လန်းဆန်းနေသည်။

ကနုကမာရောင်ဖျော့ဖျော့ ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီပုံစံ အင်္ကျီအကျပ်လေးပေါ်ကနေ ကုတ်အင်္ကျီပုံစံကျကျ အနက်စင်းလေးကို ထပ်ဝတ်ထားတဲ့ မမဝိုင်နီ ပုံစံလေးမှာ မျက်စိထဲ တစ်မျိုး ဆန်းသစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက ရန်ကုန်မှာနေလျှင် မြန်မာဆန်ဆန် ပိုးလေးတွေ၊ ချိတ်လေးတွေကို မြတ်မြတ်နိုးနိုး ဝတ်ဆင်တတ်ပေမယ့် ဘန်ကောက်တို့ စင်္ကာပူတို့ ထွက်စရာရှိလျှင်လည်း စတိုင်လ်ဘောင်းဘီနှင့် ကုတ်အမျိုးမျိုးကို ဖက်ရှင်ကျကျ၊ အသွေးကျကျ ဝတ်တတ်သည်။

ဒါပေမယ့် ဘယ်လိုပဲဝတ်ဝတ်၊ စမတ်ဖြစ်တာက ဖြစ်တာပဲလေ။ ဝိုင်းသည် မနက်ကတည်းက ရွှေတောင်ကြားအိမ်သို့ ရောက်နေကာ မမဝိုင်နီ လိုအပ်တာတွေကို ကူညီပြင်ဆင်ပေးနေသည်။

ခရီးဆောင် သေတ္တာတွေ၊ သယ်ယူသွားမည့် ပစ္စည်းတွေအားလုံး ဧည့်ခန်းတစ်နေရာမှာ အသင့်စုပုံထားပြီ. . .။

မမဝိုင်နီနှင့် ကိုမင်းသီဟကို ငေးကြည့်ကာ ဝိုင်းစိတ်ထဲ ဆွေးသလိုလို တစ်မျိုးလေး ဖြစ်နေမိသည်။

အမြဲတမ်း မမဝိုင်နီ သွားတဲ့နေရာ လိုက်ရသော ဝိုင်းမှာ ဒီတစ်ကြိမ်တော့ ချန်နေရစ်ရမည် မဟုတ်လား။

မမက အရင်လို သူ့အတွင်းရေးမှူးမလေးနှင့်သာ အဖော်ပြု သွားလာမှာ မဟုတ်။





သူ့အနားမှာ ဘဝခရီးဖော်တစ်ဦး ရှိခဲ့ပြီ။

စိတ်ရှည်ကြင်နာသော၊ သဘောကောင်းသော ဆရာဝန်တစ်ဦးကို လက်ထပ်ရမှာ မမဝိုင်နီ ကံကောင်းပါသည်။

ဒါပေမယ့် တစ်ယောက်သောသူကတော့ အသည်းတွေ ဟက်တက်ကွဲနေရမည်ဆိုလျှင်လည်း ကရုဏာသက်စရာပေါ့။

ကိုရန်ကြီးအောင်သာသိလျှင် သူ့ဆရာသမားအတွက် ဝမ်းနည်း နာကျင် ခံပြင်းပေလိမ့်မည်။

ဝိုင်း နားထဲမှာ ကိုရန်ကြီးအောင်ရဲ့ အသံတိုးတိုးကို ပြန်ကြားယောင်သည်။

ခင်ဗျား မရက်စက်ပါနဲ့တဲ့။

မမဝိုင်နီက ရက်စက်တတ်သူလား။

အို . . . ဒါတွေ သူမနှင့်မှ မဆိုင်တာ။ သူမကရော ဘာတွေများ ပြုပြင်ဖန်တီးပေးနိုင်မှာမို့လို့လဲ။

စိန်လက်စွပ်ကလေး တစ်ကွင်းကိုပင် အမှတ်တရ မယူလိုသော မမဝိုင်နီရဲ့ ဆန္ဒကို သူမက ဖျက်ဆီးပစ်နိုင်မှာတဲ့လား။

အင်း . . . ဒီအချိန်မှာ ကိုအာကာတစ်ယောက် နှုတ်ဆက်ဖို့ လာရောက်နိုင်လျှင် ကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ပါးသောရင်ခွင်မှာ ပျော်တော့မည့် ချစ်သူ
တို့ ဘယ်သူ့ကရော လာနှုတ်ဆက်ချင်ပါ့မလဲ။

ကိုအာကာသိမှာတောင် မဟုတ်။

ဝိုင်းစိတ်ထဲမှာ သူတို့အကြောင်းတွေသာ အထပ်ထပ်
တွေးနေမိသည်။

"ဝိုင်းလေးရေ . . ."

"ရှင် . . . မမ"

"ခဏလာဦး၊ ဒီမှာ ဘဏ်စာအုပ် တစ်အုပ်လိုနေတယ်၊
ရုံးခန်းထဲက မမစားပွဲမှာ ကျန်ခဲ့တယ် ထင်တယ်၊ ဝိုင်းလေး မြန်မြန်
သွားယူပေး"

ဝိုင်နီက မီးခံသေတ္တာထဲ သိမ်းခဲ့မည့်ပစ္စည်းစာရင်းကို
စစ်နေရင်းက သူမကို ညွှန်ကြားသည်။

ဝိုင်းက ရုံးခန်းသော့ယူကာ ကုမ္ပဏီရှိရာ ကားကို အမြန်
မောင်းလာသည်။

အပေါ်သို့ ဓာတ်လှေကားမှ တက်ကာ ရုံးခန်းထဲဝင်၊
စာအုပ်ရှာဖွေနေဆဲမှာပင် တီကနဲ အင်တာကွန်းသံ မြည်၏။

"ဘာလဲ မသူဇာ၊ ဒီနေ့ ဧည့်သည်မတွေ့ဘူးနော်"





"ဟုတ်ကဲ့ . . . ဟိုတစ်ခါလာတဲ့ ကိုရန်ကြီးအောင်"

"ဟင် . . ."

သူမရင်ထဲ ဒိတ်ကနဲ ဆောင့်ခုန်သွားရ၏။

တိုက်တိုက်ဆိုင်ဆိုင် မမဝိုင်နီ လေဆိပ်ဆင်းမယ့်နေ့မှ
သူ ရောက်လာသေး . . .။

"ပြန်လွှတ်လိုက်မယ်နော်"

"ဘာကိစ္စလဲ မသိဘူး၊ ခဏပေးဝင်လိုက်ပါ၊ ငါးမိနစ်ပဲ
အချိန်ရမယ်လို့ ပြော"

"ဟုတ်ကဲ့"

ဝိုင်းသည် မှန်တံခါးဆီသို့ စိတ်မောစွာ ကြည့်နေမိသည်။

ရန်ကြီးအောင်က အခန်းတွင်းသို့ အေးဆေးစွာ ဝင်လာ
ပါသည်။

ဒီတစ်ခါတော့ တိုက်ပုံ အဝါရောင်ဖျော့ဖျော့နှင့် စိမ်းမှောင်
သော ပိုးတွဲပုဆိုးကို ဝတ်ထားပါသည်။ ထူးခြားသည်မှာ လက်ထဲ၌
ပန်းစည်းလှလှတစ်စည်း ကိုင်လျက်သား ပါလာတာပင်။

"မဂ်လာပါ. . ."

"ရှင် ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုရန်ကြီးအောင်က ပြုံးတုံ့တုံ့နှင့် သူမ စားပွဲက ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"ကျွန်မ ဒီနေ့ လုံးဝ အချိန်မရဘူး၊ အရမ်း အလုပ်တွေ များနေတယ်"

"ငါးမိနစ် ပေးမယ်ဆို. . ."

သူမက နာရီတစ်ချက် ကြည့်ပြီး . . .

"အခုကိုပဲ သုံးမိနစ် ဖြစ်သွားပြီလေ"

"မဝိုင်နီကလည်းဗျာ"

"ရှင့်ကို အားတော့နာပါတယ်၊ ပြောစရာရှိတာ မြန်မြန် ပြော၊ ကျွန်မ လေဆိပ်လိုက်ပို့စရာ ရှိလို့"

"ဒီပန်းစည်းလေး လက်ဆောင်ပေးချင်လို့ပါ"

အမှန်တော့ ကိုအာကာက ပေးတာမဟုတ်ပါ။ ရန်ကြီးအောင်ဘာသာ သူမနှင့် တစ်ခေါက် ဝင်တွေ့ချင်၍ ပန်းလက်ဆောင် သွားဝယ်လာခဲ့တာ။

"အဲဒီ ကိုအာကာကလည်း ရှင်နဲ့ တစ်ခုပြီးတစ်ခု လက်ဆောင်ပေးခိုင်းနေတော့တာပဲ၊ မယူပါဘူးဆိုလည်း မရဘူး၊ ကဲ. . . ကဲ . . . ထားခဲ့"





သက်ပြင်းလေးတစ်ရှိုက်နှင့် စိတ်ရှုပ်သလို ရေရွတ်တန်လေးမှာ မှုန်ကုပ်ကုပ်ကလေး။ ရန်ကြီးအောင်သည် သူမမျက်နှာငယ်လေးကို သတိလက်လွတ် ကြည့်မိပြန်သည်။

"ကျွန်တော်က မဝိုင်နီနဲ့ အေးအေးဆေးဆေး ဆွေးနွေးချင်တာ"

"ဟုတ်ပါရဲ့ . . . ကျွန်မလည်း ရှင့်ကို ပြောစရာတွေရှိတယ်၊ ဒါပေမယ့် အခု ပြောလို့ အချိန်မရသေးလို့"

"ဒါဆို . . . ကျွန်တော် ဘယ်နေ့ ထပ်လာရမလဲ"

"မသိသေးဘူး . . . တစ်ရက်ရက်တော့ ကျွန်မပြောကို ပြောမှ ဖြစ်လိမ့်မယ်"

"ဒါဆိုရင် ဖုန်းဆက်လိုက်မယ်"

"ကောင်းပါပြီ"

စကားဆုံးတာနှင့် သူမက လက်မှနာရီကိုလည်း ကြည့်၊ ထရပ်ဟန်လည်း ပြင်တာမို့ ရန်ကြီးအောင်က အလိုက်သိသိ ထလာသည်။

သူမလက်ထဲမှာတော့ ကိုရန်ကြီးအောင် ပေးသွားသည့် ပန်းစည်းလှလှလေး တစ်စည်းကို ထွေးပိုက်လျက်သား။



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းက ကဒ်ကလေးမှာ ဒေါ်ဝိုင်နီမမအတွက်ဟု သာ ရေးထားတာမို့ တော်ပါသေးသည်။

ဒါလေးကိုတော့ မမဝိုင်နီ လက်ခံဖို့ ခဲယဉ်းမည် မထင်။

ဘာပဲဖြစ်ဖြစ် လေဆိပ်သွားကာနီးမှာ ပန်းစည်းလေး လက်ဆောင်ပို့လိုက်တဲ့ ကိုအာကာ့စိတ်ကူးကတော့ သိပ်မှန်သွား ခဲ့ပြီ။





ညဥ့်လေပြေ နုနုလေးက ညှင်းညှင်းသွဲ့သွဲ့ တိုက်ခတ် နေသည်။

ဝိုင်းသည် ညဝတ်ပိုးသားဂါဝန်ဖြူလွလွလေးကို ဝတ်ဆင် ကာ ဝရံတာမှာ ရပ်ပြီး လေညှင်းခံနေမိသည်။

ဧပြီလဆန်း ရောက်ပြီမို့ ရာသီဥတုက ပူပြင်းလာပြီဖြစ် သလို တစ်ချက်တစ်ချက်မှာလည်း မိုးက ရွာတော့မလို အရိပ် အယောင် ပြနေသည်။

တိမ်စိုင်တိမ်လိပ်တို့ ပြေးလွှားနေတာကို ဝိုင်း မော့ကြည့် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်လေးတွေ အများကြီးပဲ . . . ကြည့်ပါဦး. . . ။

ကြယ်တွေ မြင်နေရရင် မိုးမရွာသေးဘူးတဲ့။

ဒါပေမယ့် ဒီနှစ်တော့ သင်္ကြန်မိုး ရွာကို ရွာမှာပါ။

လှမ်းမြင်နေရတဲ့ ပိတောက်ပင်ကြီးမှာဆို ပိတောက်တွေ တစ်ပင်လုံး ဖူးနေတာ ညနေကတည်းက သတိထားကြည့်မိသည်။

ဝိုင်းက ဧပြီလမှာ မွေးတာ၊ ဒါကြောင့် သင်္ကြန်ကိုလည်း ဝိုင်း ချစ်သည်။ ပိတောက်ပန်းကိုလည်း နှစ်သက်သည်။

သူမဘဝရဲ့ ထူးခြားတဲ့ အပြောင်းအလဲ ဖြစ်စဉ်လေးတွေဟာလည်း များသောအားဖြင့် ဧပြီလထဲမှာ ကျရောက်တတ်၏။

ဒါက တိုက်ဆိုင်မှုတစ်ခုလည်း ဖြစ်မှာပါ။

သူမအတွေးအာရုံထဲမှာ ပေါ်လာသူကတော့ ကိုရန်ကြီးအောင်ပဲ ဖြစ်သည်။

ယောက်ျားပီသ ခန့်ညားတဲ့ ရုပ်သွင်နဲ့ တည်ငြိမ်တဲ့ အပြုံးအေးအေးကို ပိုင်ဆိုင်တဲ့သူ။

သူ ဝိုင်းထံကို ထပ်ရောက်လာဦးမှာပဲဟု ဝိုင်း ထင်နေမိသည်။





အင်း . . . တစ်ခါညာမိတော့ ဆက်ညာနေရပြီ။

ပထမအညာကို ဒုတိယအညာနှင့် ဖုံးကွယ်ရပြီး ဒုတိယအညာကို တတိယအညာဖြင့် ထပ်မံ ကာကွယ်ရပြန်သည်။

ဒီလိမ်ညာခြင်းထဲက ပြန်ရုန်းထွက်ဖို့ မလွယ်ပါလား။

တစ်ရက်တော့ သူ့ကို အမှန်အတိုင်း ပြောဖြစ်မှာပါ။

ဝိုင်း ကြိုးစားရမှာပေါ့။

ပင့်သက်ငွေ့ငွေ့လေး ရှိုက်မိစဉ် သူမဆံနွယ်ပျော့ပျော့ ခွေခွေလေးတွေကို လေပြေညင်းက တိုးဝှေ့ဆော့ကစားသွားသည်။

ထိုအချိန်မှာ တစ်စုံတစ်ရာက စေ့ဆော်သလို သူမက ဧည့်ခန်းဖက် နားစွင့်ကြည့်လိုက်မိသည်။

"တူ . . . တူတူ. . ."

ဟုတ်တာပဲ . . .။ ဖုန်းမြည်နေတာ။

ဝိုင်းက လှစ်ကနဲ လှည့်ဝင်လာပြီး ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟက်လို . . ."

တစ်ဖက်က ထူးသံမပေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟက်လို. . ."

ဝိုင်း ထပ်တစ်ကြိမ် အသံမြှင့်ကာ ထပ်အော်သည်။

ဘာမှန်းလည်း မသိပါဘူး။ တမင် အသံမပေးတာလား။ မကြားတာလား။

ဖုန်းက လိုင်းမဝင်တာလည်း မဟုတ်။

တစ်ဖက်က မပြောဘဲ နားထောင်နေတာမျိုး ဖြစ်သည်။

ဝိုင်း စိတ်မရှည်ဘဲ ပြန်ချထားမည် ပြင်စဉ်မှာပဲ နားထဲသို့ တေးသွားလေးတစ်ခုက ဝင်လာပါသည်။

စကားမပြောဘဲ သီချင်းကိုသာ နားထောင်စေတာ။

ဒါ ဘယ်သူ့လက်ချက်ပါလိမ့်။

ဝိုင်းရင်မှာ သိမ့်ကနဲ တစ်ချက်နွေးသွားရသည်။

သီချင်းလေးက ဟန်ထွန်းရဲ့ . . . 'ရင်ခုန်ဘက်သို့ တမ်းချင်း' ဖြစ်သည်။

. . . ပြန်ဆုံချင်ရင် . . . ရင်ခုန်သံကို မညာနဲ့

လေ. . . မညာနဲ့လေ. . . သေချာစဉ်းစား. . .

ဒီတစ်ခါ ရင်ခုန်သံကို ညာခဲ့ရင် . . . ငါနဲ့နင်

တကယ်ကို အဝေးဆုံး . . . ဟိုး တစ်ချိန်က. . .





အို မင်းပြောဖူးခဲ့ ချစ်စကားတွေ . . . ငါမှတ်မိ

လို့ နေသေး. . .

လွယ်လွယ်မေ့ပစ်ဖို့ မဖြစ်ဘူး. . .

ငါနဲ့မင်းက ဘဝအတူ. . . ရင်ခုန်ဘက်လူ. . .

တကယ်အပြီးသတ်မဝေးခင်. . . ပြန်စဉ်းစား. .

ရည်ရွယ်တဲ့ဘဝရဲ့ ခရီးလေးဆက်ချင်လို့. . .

သီချင်းလေးက တိုးတိုးငြိမ့်ငြိမ့်နှင့် နားထောင်ကောင်းနေစဉ် ဝိုင်းသည် ဖုန်းခွက်ကလေးကို နားနှင့် မခွာဘဲ ငြိမ်သက်နားထောင်နေမိသည်။

သီချင်းရဲ့ အဓိပ္ပာယ်ကိုလည်း စဉ်းစားကြည့်နေမိ၏။

ရည်ရွယ်ချက်က ဘာလဲ၊ ဝိုင်းကို ဒီသီချင်းကိုမှ ဘာလို့ ပေးနားထောင်စေရတာလဲ ?

သီချင်းဖွင့်ပြနေတာကရော ဘယ်သူလဲ ?

. . . အချိန်မလွန်ခင် . . . နင်ပြန်ခဲ့လေ. . .

. . . ကိုယ်မျှော်လင့်နေ. . . အတူဆုံမယ့်နေ့. . .

. . . အို ကျန်တာတွေ အတွက်နဲ့လေ. . .

ငါနဲ့မင်း . . . ရင်ခုန်သံ မညာကြေးနော်. . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုး အရင်က မင်းပြောဖူးခဲ့ သိပ်ချစ်တဲ့အကြောင်း
တွေ အကုန်ကျန်ရစ်နေနေဆဲ. . .
လွယ်လွယ်မေ့ပစ်လို့ မဖြစ်ဘူး. . .
ငါနဲ့မင်းက ဘဝအတူ . . . ရင်ခုန်ဘက်ဘူ. . .
တကယ်အပြီးသတ် မဝေးသေးခင် . . .
ပြန်စဉ်းစား. . .
ရှေ့ဆက်မယ့်ဘဝရဲ့ခရီး. . .
ရင်ခုန်ချင်တုန်း. . .

ဝိုင်း မျက်မှောင်လေး ကုပ်ကာ အမှောင်ထဲမှာ ငြိမ်သက်နေမိ၏။

ရင်ခုန်ဘက်လူကို ပြန်စဉ်းစားစေချင်တာ. . .။

ဒါ . . . ကိုရန်ကြီးအောင်လား။

တစ်ယောက်ယောက် နောက်နေတာဟု မထင်ဘဲ ကိုရန်ကြီးအောင် မျက်နှာကိုသာ ဟန်းတန်းမတ်မတ် ပြေးမြင်မိတာ ဘာကြောင့်မှန်းတော့ မသိပါ။

ဒီသီချင်းလေးကို ဖွင့်ထားပေးတာ သူကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်ဟု ဝိုင်း ယူဆသည်။





"ကိုရန်ကြီးအောင်"

သူမ နှုတ်မှ တိုးတိုးဖြတ်ခေါ်လိုက်၏။

သီချင်းလေးသာ ပြီးဆုံးလို့သွားသည်။ တစ်ဖက်ကလူက လုံးဝ အသံမပေးချေ။

အဆက်အသွယ် ပြတ်သွားလျှင် ဝိုင်းက စခရင်လေးပေါ်က နံပါတ်ကို ပြန်ကြည့်ပြီး ထိုဖုန်းကို ပြန်ခေါ်သည်။

ဖုန်းလေးက တစ်ဖက်မှာ မြည်ရုံသာ မြည်နေပြီး ကိုင်မည့်သူ မရှိလေဟန်။

သူ့ဖက်ကျတော့ ဖုန်းမကိုင်။

ဝိုင်းက စိတ်တိုတိုနှင့် နှုတ်ခမ်းလေး ဖိကိုက်ထားမိသည်။

ဝမ်းနည်းပါတယ် . . . ကိုရန်ကြီးအောင်. . .။

ရှင်မျှော်လင့်သလို မဖြစ်နိုင်တော့ပါဘူး။

အခုအချိန်မှာ မမဝိုင်နီရဲ့ ရင်ခုန်ဘက်ဟာ ကိုမင်းသီဟ ဖြစ်သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညဖက် ထိုအချိန်ခန့်မှာပဲ ဝိုင်းတို့ရဲ့ ဧည့်ခန်းက ဖုန်းကလေးမှာ မြည်လာပြန်ပါသည်။

ဝိုင်းက ဆက်တီပေါ် ခြေတင်ထိုင်ကာ ပန်းကန်ပြားထဲက စပျစ်သီးလေးတွေကို တစ်လုံးချင်း နှိုက်ယူစားနေရင်းက ပေါ်နေတဲ့ ဖုန်းနံပါတ်ကို ငုံ့ကြည့်လိုက်သည်။

ဒါ မနေ့ညက အသံမပေးတဲ့ ဖုန်းပဲ. . .။

အသံမပေးပေမယ့် သီချင်းတော့ ဖွင့်ထားခဲ့သည် မဟုတ်လား။





သူမသည် အခု ဆက်တဲ့ ဖုန်းသံဟာ ကိုရန်ကြီးအောင် ဆက်တာပဲ ဖြစ်စေချင်သည်။

သူမမှာ ကိုရန်ကြီးအောင်ကို ပြောချင်တဲ့စကားတွေ အများကြီး ရှိနေသည်။

ဘာကစပြီး ဘယ်လိုပြောရမလဲသာ မသိသေးတာ။

အဓိကကတော့ သူ ပေးထားတဲ့ အဖိုးတန်လက်စွပ်ကို ပြန်အပ်ရမည့် ကိစ္စပါပဲ။

ဒါကို အပ်ဖို့ မမဝိုင်နီ စက်ကာပူထွက်သွားပြီဆိုတာ ပြောပြရမည်။

မမဝိုင်နီကတော့ မေ့လဆန်းမှာသူ လက်ထပ်မှာမို့ လက်ထပ်ပွဲပြီးမှ ပြောပါဟု မှာသွားခဲ့သည်။

ဒါပေမယ့် သူမမှာ ကြိတ်မြုံပြီး မမဝိုင်နီလိုလို ဘာလိုလို မေးနေရတာ ချောလဲ ရောထိုင်လုပ်နေရတာ မွန်းကျပ် ပင်ပန်းလှပြီ။

ကိုရန်ကြီးအောင်ကို မညာလိုတော့ပါ။

သူက သူ့ဆရာအစ်ကိုအတွက် စိတ်ရင်းနဲ့ ကူညီနေရှာတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ရိုးရိုးဖြောင့်ဖြောင့် စိတ်ထက်ထက်သန်သန်နှင့် ပြောဟန်ဆိုဟန်တွေကို ဝိုင်းရင်မှာ မမေ့နိုင်ပါ။

တစ်ခါတစ်ခါ ဝိုင်းမှာပင် အပြစ်တစ်ခုခု ရှိနေသလို ခံစား ရ၏။

မမဝိုင်နီ ထွက်မသွားခင် သူ့ကို အမှန်အတိုင်း ရှင်းမပြနိုင်တာကိုပင် စိတ်မကောင်း ဖြစ်ရသည်။

ရှင်ကတော့ ဝိုင်းကို အလိမ်အညာမကြီးလို့ ထင်ချင်ထင်မယ်။

မမဝိုင်နီ ဟန်ဆောင်နေမိတာကိုလည်း အပြစ်တင်ချင်တင်လိမ့်မည်။

တကယ်တော့ ရှင့်ကို ညာဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။

"ဟက်လို . . ."

"မဝိုင်နီ. . ."

ဝိုင်းရင်မှာ လှုပ်ကနဲ အေးသွားရ၏။

ဒါ သူ့အသံပဲ၊ သိမ်မွေ့ပြီး ဆွဲဆောင်မှုရှိတဲ့ လေယူလေသိမ်းမို့ မှားစရာမရှိ။

"ကိုရန်ကြီးအောင်. . ."





"အဟား. . . ကျွန်တော့်အသံကို မှတ်မိသားပဲ"

"ရှင် မနေ့က ဘာလို့ အသံမပေးတာလဲ"

"သီချင်းလေးကို ခံစားလို့ရအောင် ဖွင့်ပေးတာ"

"ရှင်ပဲလို့ ကျွန်မထင်သားပဲ"

"မဝိုင်နီက သိပ်တော်တာပဲ"

ရန်ကြီးအောင်က ချီးမွမ်းလိုက်သည်။

သူမဟာ ထက်ထက်မြက်မြက်နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ မျက်ဝန်းလေးတွေကို ပိုင်ဆိုင်သည်။

စူးရှတဲ့ မျက်နက်ဝန်းလေးတွေကို ရန်ကြီးအောင် အခုပင် မြင်ယောင်နေမိသည်။

"ကျွန်မကို မဝိုင်နီလို့ မခေါ်ပါနဲ့လား"

"ဗျာ . . . ဘာလို့လဲ"

"ဟိုလေ . . . ကျွန်မက ရှင့်ထက် ငယ်မှာပါ"

"ကျွန်တော်က အခုလာမယ့် ဧပြီ နှစ်ဆယ်ရက်ဆိုရင် အသက်အစိတ်ပြည့်ပြီ"

"ဟင် . . . တကယ်. . ."

သူမ တအံ့တဩ ရေရွတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် သူမနှင့် မွေးနေ့ တူနေရတာလဲ။

“ကျွန်မလည်း အဲဒီနေ့မှာ နှစ်ဆယ့်ငါးပြည့်မှာပဲ”

“ဟာ . . . ခင်ဗျား မနောက်နဲ့”

“အို . . . ဘာလို့ နောက်ရမှာလဲ”

“တကယ်လား . . . ဒါဆို ကျွန်တော်တို့နှစ်ယောက် တစ်ရက်ထဲမှာ မွေးလာတာပေါ့၊ ဝိုင်နီက ဘယ်အချိန်လဲ”

“နေ့ခင်း သုံးနာရီ”

ဒီတစ်ခါ ‘ဟာ’ ဟု ရေရွတ်ရသူက ရန်ကြီးအောင်။

သူနှင့် မွေးနေ့ရော၊ အချိန်ပါတူတဲ့ မိန်းကလေးတစ်ယောက်ကို သိကျွမ်းခင်မင်ခွင့်ရလာတာ ဘယ်လိုမျိုး တိုက်ဆိုင်မှုပါလဲ။

“ဒါပေမယ့် . . . ဇာတိတော့ တူမှာမဟုတ်ဘူး၊ ကျွန်တော့်ကို သံလျင်မှာ မွေးတာ”

“ကျွန်မက ပဲခူးမှာ. . .”

“ဟား . . . ဟား . . . တော်သေးတာပေါ့”

“ရှင်က မွေးနေ့ပွဲ လုပ်မှာလား”

“ခင်ဗျားရော”





“ကျွန်မ တစ်ခါမှ မွေးနေ့ပွဲ မလုပ်ဖူးဘူး”

“ဒါဆိုအတော်ပဲ၊ ကျွန်တော်တို့နှစ်ယောက် အဲဒီနေ့မှာ ဆုံရအောင်၊ တစ်ယောက်ကိုတစ်ယောက် မွေးနေ့လက်ဆောင်လည်း ပေး၊ မုန့်လည်း ဝယ်ကျွေးကြေးပေါ့”

ရန်ကြီးအောင်သည် စိတ်ထဲက ဖြစ်ချင်တာကို လွှတ်ကနဲ ဝမ်းသာအားရ ပြောပြီးမှ သူ့ပါးစပ်ကို သူ ယောင်၍ ပိတ်မိသည်။

ဘယ်ကောင်းမလဲ . . . ကိုအာကာရဲ့ချစ်သူနဲ့ အဲဒီလို အတူသွားလာလို့ ဘယ်ဖြစ်ပါ့မလဲ”

သူသည် သူ့စကားသူ ချက်ချင်း ပြန်ဆဖ်ကာ. . .

“ဘာပဲဖြစ်ဖြစ် ကျွန်တော် မွေးနေ့လက်ဆောင် ပို့ပေးမယ်”

ဝိုင်းကလည်း သူ ချက်ချင်း ဘာကြောင့် လေသံပြောင်းသွားသလဲ ရိပ်မိလိုက်ပါသည်။ သူထင်နေတာက ဝိုင်နီမမကိုး. . ။

“ရှင်ဟာလေ . . . လက်ဆောင်ပေးတာ တော်တော်ဝါသနာပါတဲ့ လူပဲ၊ အခု ရှင် ယူလာပေးတဲ့ လက်စွပ်ကြောင့် ကျွန်မ တော်တော် ခေါင်းကိုက်နေတယ်၊ ကျေးဇူးပြုပြီး ကိုအာကာဆီ ပြန်ပေးပေးပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သူက စေတနာ သဒ္ဓါပေါက်လွန်းလို့ပေးတာ ကိုဗျာ၊ ဘာလဲ . . . ခင်ဗျားဘဲကြီး သိသွားမှာ ဒိုးရိမ်လို့လား ဟုတ်လား"

ဒါပေါ့ . . . မမဝိုင်နီက ဒါကိုပဲ စိုးရိမ်တာ။

"ဘာဘဲကြီးလဲ"

"ဒေါက်တာ မင်းသီဟလေ"

"အင်းလေ . . . ရှင်သိသားနဲ့"

"ခင်ဗျား သူ့ကိုချစ်လား"

"ဘာလို့ ချစ်ရမှာလဲ"

"ဒါဖြင့် . . . ဘာလို့ လက်ထပ်မှာလဲ"

"ဝိုင်နီမမရဲ့ ဖူးစာဖက်က ဒေါက်တာမင်းသီဟပဲလေ၊ ဘာတတ်နိုင်မလဲ၊ ဒါက ရှင်လည်း ပြောင်းပေးလို့ မရဘူး၊ ကျွန်မလည်း တားပေးလို့ မရဘူး၊ တကယ်တော့ ဒီနှစ်ယောက်က ယူကိုယူမှာ၊ အားလုံးလည်း စီစဉ်ပြီးပြီ၊ ရှင့်ရဲ့ ကိုအာကာကို လက်လျှော့နောက်ဆုတ်ခိုင်းပေးပါလား ကိုရန်ကြီးအောင်၊ သူ ခံစားနေလို့လည်း အကြောင်းမထူးတော့ပါဘူး၊ ဒါကြောင့် ရှင့်လက်စွပ် ရှင်ပြန်လာယူ"





ရန်ကြီးအောင်က မျက်မှောင်ကြုတ်လျက် နားထောင်နေမိသည်။

တားပေးလို့ မရဘူးဆိုတာက ဘာစကားလေးလဲကွာ။ သူမကသာ ခေါင်းမညိတ်ဘူး၊ လက်မခံဘူးဆိုရင် ပြီးတာပဲ မဟုတ်လား။ ဟိုလူကြီးက တစ်ဖက်သတ် လက်ထပ်လို့ရမှာလား။

"ဝိုင်နီ . . . ခင်ဗျားက ခင်ဗျားအမေကို အကြောင်းပြပြီး ပိုချမ်းသာတဲ့လူဖက် ပါတာပါဗျာ၊ ဒါ အသိသာကြီးပါ"

"ဝိုင်နီမမက ဘာကြောင့်ပဲ ဘယ်သူ့ဖက်ပါပါ၊ အရေးကြီးတာက ရှင့်လက်စွပ် ရှင်ပြန်လာယူ . . . ဒါပဲ"

"ခင်ဗျားဗျာ . . . ရုပ်ကလေးနဲ့မှ မလိုက်ဘူး"

"ဘာရှင့် . . ."

"ပိုက်ဆံတော်တော်မက်တာပဲ"

"ရှင်နော်. . ."

ဝေဖန်ပုတ်ခတ်လာသော သူ့စကားအတွက် ဝိုင်းမှာ မခံ
ချိ မခံသာ ဖြစ်သွားပါသည်။ တကယ်တော့ ဝိုင်းလည်း စိတ်ထဲ
နေ မမဝိုင်နီအပေါ် ဒီလိုပဲ တွေးမိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ်တိုင် နားထောင်ရတော့ ထိုစကားကို မကြိုက်ပေ၊ နားဝင်ဆိုးလွန်းသည်။

"ခင်ဗျားမှာလည်း မရှိတာ မဟုတ်ဘူး၊ ပိုက်ဆံရှိတဲ့သူတွေက ဘာကြောင့် ပိုပိုပြီး လိုချင်မက်မောစိတ် ရှိရတာလဲ၊ ကျွန်တော် တဂယ်နားမလည်ဘူး"

"ငွေရဲ့တန်ဖိုးအကြောင်းကို ပိုသိလို့ ဖြစ်မှာပေါ့"

"ငွေက တန်ခိုးရှင်လား . . . ဟား . . . ဟား. . ."

သူက ရယ်သွမ်းသွေးပါသည်။

"တန်ခိုးရှင် မဟုတ်ရင်တောင် ဘဝမှာ မရှိမဖြစ်တော့ ဟုတ်နေတယ်လေ၊ ဒါကို ရှင် ငြင်းမလား"

"ခင်ဗျားနဲ့ ပြိုင်မငြင်းတော့ပါဘူး ဗျာ"

သူက စိတ်ပျက်လက်လျှော့သလို ဆိုသည်။

ဝိုင်းသည် ဘာရယ်မဟုတ်၊ သဘောတကျ တီးတိုးရယ်မိသည်။ ဝိုင်းကို လွယ်လွယ် အရှုံးပေးသော သူ့ရဲ့ သဘောထားကို ကျေနပ်သွားမိသည်။

သူနှင့် စကားပြောရတာ စိတ်လှုပ်ရှားပြီး ပျော်ရွှင်စက်ကြွနေမိတာ အမှန်။





ရန်ကြီးအောင်ကလည်း သူမရယ်သံ ချိုချိုလေးမှာ အမှတ်မထင် အငိုက်မိသွားရသည်။

ချိုနွဲ့ တိုးဖွတဲ့ သူမရယ်သံလေးကို ဒီတစ်ကြိမ်ပဲ အခုမှ ကြားဖူးတာ။

မိန်းကလေးတစ်ဦးရဲ့ ရယ်သံတိုးရှလေးဟာ နှလုံးသားကို ချိုမြိန်စွာ အရည်ပျော်နိုင်စေတာလည်း အခုမှပဲ သူ သိလိုက်ပါသည်။

"ခင်ဗျားကတော့ ရယ်နေနိုင်တာပေါ့လေ"

"ဩော် . . . ရယ်မိတာလည်း အပြစ်. . ."

"ငိုတဲ့သူက ငိုနေလောက်ပြီ"

"ဟုတ်တယ်နော် . . . လောကကြီးက မမျှတဘူး"

"ကျလောက်တယ်ဗျာ၊ တရားစကားလေးလည်း ပြောစမ်းပါဦး"

"ဒါပေမယ့် မမျှတတာတွေကို နားလည်လက်ခံရတာပဲလေ"

"ကျွန်တော်ကတော့ နားမလည်ဘူး၊ လက်လည်း မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဒါဆို လူ့ဂွစာပေါ့ . . . ကိုရန်ကြီးအောင်ရဲ့"

"အဖေကလည်း ဒီလိုပဲ ပြောတယ်၊ မင်းက လူ့ကန့်လန့်ပဲတဲ့၊ ဘယ်နေရာမဆို ကန့်လန့်လိုက်လုပ်တယ်တဲ့"

"ဟုတ်တာပဲဟာ"

"တကယ်တော့ ကျွန်တော်က ချစ်တဲ့သူချင်း ညားစေချင်တာပါ"

"ဩော် . . . ကိုယ်ဖြစ်စေချင်သလို ဖြစ်ချင်မှ ဖြစ်မှာပေါ့၊ ရှင့်အလှည့်ကျရင်သာ အသည်းမကွဲဖို့ ဆုတောင်းထား၊ အဲ . . . ကျွန်မကလည်း မသိဘဲ လျှောက်ပြောနေတယ်၊ ကိုရန်ကြီးအောင်ကဖြင့် ကလေးအဖေမှန်းမသိ၊ ဘာမှန်းမသိ. . ."

"ကျွန်တော်လား . . . အဲဒီဖက်မှာ ညံ့ပါတယ်ဗျာ၊ အခုထိ ရည်းစားတောင် မရှိပါဘူး"

"ဟွန်း . . . ယုံချင်စရာပဲ"

"ဘာမယုံချင်စရာရှိလဲဗျာ"

"ရှင့်ရုပ်ကြီးလေ . . . အဲဒီရုပ်ကြီးက တအားစွဲမယ့်ရုပ်"

"အား . . . ဝိုင်းနီတစ်ယောက်ပဲ ဒီလို ပြောသေးတယ်"





"ရှင် မညာပါနဲ့နော်. . ."

"တကယ်ဗျ . . . ရည်းစားရတာက ရုပ်နဲ့ မဆိုင်ဘူးထင်တယ်၊ အပြောကောင်းဖို့ လိုတာလား မသိဘူး၊ ဒါမှမဟုတ် ဘာလိုတာလဲ၊ ကျွန်တော် တကယ်မသိဘူး၊ ကျွန်တော်ကိုယ်၌ကလည်း ဂစ်တာလေးခေါက်ပြီး သီချင်းဆိုနေရရင် လောကကြီးကို ကျေနပ်နေတာပဲ၊ ရည်းစားလိုချင်လိုက်တာဗျာလို့လည်း အသည်းအသန် မတောင့်တပါဘူး၊ အခုတော့ ကျွန်တော့်အစ်ကိုကို ကြည့်ပြီး မိန်းမတွေကို ပိုတောင် လန့်မိသလိုပဲဗျ၊ သူတို့က ငွေကို ချစ်တာလား၊ လူကိုချစ်တာလား၊ ဒါကို စဉ်းစားတတ်သွားပြီလေ"

"ရှင်ကတော့ ပြောရင်းနဲ့ ဖောက်လာပြန်ပြီ"

"ဝိုင်နီက နားလည်ရခက်တယ်နော်"

"ရှင်. . ."

"ကျွန်တော့်ကိုတော့ ဖုန်းလက်ခံပြောတယ်၊ ကိုအာကာဖုန်းဆက်ရင်တော့ နားမထောင်ဘူး၊ ချပစ်တယ်ဆို"

ဝိုင်းသည် နှုတ်ခမ်းလေး ပွင့်ဟပြီးမ်သက်သွားမိ၏။

သူ့စကားကြောင့် ရင်ထဲ မလုံမလဲနှင့် ရှက်သွေးလည်း ကြွလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ . . .။ သူ့ကိုကျတော့ ဖုန်းအကြာကြီး ပြောခဲ့သလို ဖြစ်နေပြီ။

စကားလက်စုံတွေပင်ကျလို့။

"သြော် . . . ဒါလား၊ ရှင်က ကိုအာကာမှမဟုတ်ဘဲ၊ ဒီတော့ ကျွန်မကလည်း . . ."

'ဝိုင်နီမမှ မဟုတ်ဘဲ' ဟု ပြောလိုက်ချင်မိတာမို့ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်မိသည်။

"ဝိုင်နီ . . . ခင်ဗျား အသည်းတော်တော်မာတဲ့ မိန်းမပဲ"

"ဖြစ်နိုင်ပါတယ်"

"ကျွန်တော့်အစ်ကိုကို ပြန်စဉ်းစားမပေးတော့ဘူးလား"

"စဉ်းစားလို့ မရနိုင်တော့ဘူး"

"မင်းသီဟကိုပဲ့ လက်ထပ်မယ်ပေါ့"

"သေချာတာပေါ့"

"ဘယ်တော့ လက်ထပ်မှာလဲ"

သူက ခပ်တင်းတင်းမေးသည်။ ဝိုင်း ဘယ်လိုဖြေရမလဲ။

"ရှင် သိရမှာပါ"

"အခုပြော. . ."





"စက်ဘ်ပူရောက်မှ. . ."

"ဘယ်တော့သွားမလဲ"

"ရောက်နေလောက်ပြီ"

"စိတ်ထဲကနေ ရောက်နေတာလား"

"ဒါပေါ့ . . . မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားခံစားချက်ဆိုတာ အရမ်းသိမ်မွေ့တယ်၊ ပင်လယ်ကြီးလိုပဲ နက်ရှိုင်းတယ်၊ ခန့်မှန်းလို့ မရဘူးလေ"

"ပင်လယ်ပြင်ကြီးကို မခန့်မှန်းတော့ပါဘူး၊ စက်ဘ်ပူ ဘယ်နေ့ထွက်မလဲဆိုတာပဲ ပြော. . ."

"သြော် . . . ရောက်နေပြီဆိုမှ"

"ဝိုင်နီ . . . ကျွန်တော် တကယ်မေးနေတာ"

"လက်ထပ်ပွဲက ဧပြီလကုန်၊ ဒါမှမဟုတ် မေလဆန်းအတိအကျတော့ မပြောတတ်ဘူး"

ရန်ကြီးအောင်က ဒီနေ့ ဘယ်နှစ်ရက်နေ့လည်း စိတ်ထဲက တွက်သည်။

ဒီနေ့ ဧပြီ ဆယ်ရက်။

အချိန်အနည်းငယ်တော့ ရနိုင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မိုက်မိုက်မဲမဲနှင့် တစ်ခုခုကို ဆုံးဖြတ်ချင်လာသည်။ ကိုအာကာနှင့် တိုင်ပင်ကြည့်ရမလား။

သူ့နှုတ်ခမ်းက ယောင်ယောင်လေး ပြုံးမိသည်။

"ဒါဆိုရင် ဝိုင်နီ လက်မထပ်ခင် ကိုအာကာနဲ့ တစ်ခါလောက် တွေ့နိုင်မလား"

"ဆောရီးပဲ . . . "

"မတွေ့နိုင်ဘူးဆိုပါတော့"

ဝိုင်းက ငြိမ်နေမိသည်။

"ကျွန်တော်နဲ့ရော . . . "

သူနဲ့ ဝိုင်းက တွေ့ကို တွေ့ရဦးမှာ။

အေးအေးဆေးဆေး ရှင်းပြအသိပေးချင်တာတွေ ရှိသေးတယ်လေ။

ပြန်ပေးစရာ လက်စွပ်တစ်ကွင်းလည်း ရှိနေသေးတယ်။

"ကျွန်တော်နဲ့ တွေ့ချင်ရဲ့လား. . . "

သူက တိုးလျှိုးသော အသံတစ်မျိုးလေးနှင့် မေးပါသည်။ အဲဒီအသံမှာ ဝိုင်းနှလုံးသားတွေက တိမ်းမူးခုန်လှုပ်ချင်သည်။

"ဩော် . . . ရှင်နဲ့က ဘာကြောင့် မတွေ့ချင်စရာရှိမှာ





လဲ ကိုရန်ကြီးအောင်ရယ်၊ ဒါပေမယ့် ကတိတစ်ခုတော့ပေး ကိုအာကာကို ခေါ်မလာရဘူး"

"စိတ်ချ . . . ခေါ်မလာပါဘူး"

"ကျွန်မလည်း ပြောပြစရာတွေ ရှိတယ်"

"အခုပြောလေ. . . "

"ဟင့်အင်း . . . အခု မပြောသေးဘူး"

"တွေ့မှ ပြောမှာလား"

"အင်း. . . "

"ကောင်းပြီလေ၊ ဝိုင်နီ ဘာပြောမလဲဆိုတာ ကြိုတင် စဉ်းစားထားကြည့်မယ်"

"ရှင်စဉ်းစားလို့ အဖြေထွက်မှာမဟုတ်ဘူး"

"ခန့်မှန်းကြည့်မှာပေါ့"

သူ့စကားကြောင့် ဝိုင်း ပြုံးမိသည်။

"ခန့်မှန်းလို့ ရရင် ရှင်သိပ်တော်မှာပေါ့၊ ဒါပေမယ့် ရမှာမဟုတ်ဘူး၊ ကျွန်မရဲ့စကားတစ်ခွန်းကိုကြားရင် ရှင် သိပ်အံ့သြသွားလိမ့်မယ်၊ နောက်ပြီး ကျွန်မကိုလည်း အကြီးအကျယ် စိတ်ဆိုးသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဝိုင်နီရာ၊ ကျွန်တော် သိချင်အောင် လုပ်ပြန်ပြီ"

"အခု မပြောဘူးနော် ဒါပဲ . . . ဂွတ်နိုက် . . . ဂွတ်နိုက်"

သူမက ဖုန်းကို ဦးအောင် ချသွားလေသည်။

ရန်ကြီးအောင်က မျက်ခုံးကြီး ရှုံ့လျက်သား ငြိမ်သက်တွေးတောနေမိသည်။

ဝိုင်နီမမ . . .

ခင်ဗျားပဲ အံ့ဩအောင် လုပ်နိုင်မှာလား"

ကျွန်တော်ပဲ ခင်ဗျားကို စိတ်လှုပ်ရှားအောင် ဖန်တီးနိုင်မလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့ဗျာ။

ခင်ဗျားလေး ဘာပြောမလဲဆိုတာ ကျွန်တော် မခန့်မှန်းနိုင်သလို ကျွန်တော် ဘာလုပ်မယ်ဆိုတာလည်း ခင်ဗျား ခန့်မှန်းလို့ မရနိုင်ပါဘူး။





ဝိုင်းစိန်မသည် စိမ်းလန်းစိုပြေဥယျာဉ်ထဲက ကော်ဖီဆိုင်လေးမှာ တစ်ဦးတည်း ထိုင်၍ အေးအေးလူလူ ကော်ဖီသောက်နေသည်။

သကြံန်ရောက်တော့မှာမို့ သကြံန်သီချင်းလေးတွေ နေရာတကာ ကြားနေရပြီ။

ရင်ထဲမှာ ဆွတ်ပျံ့ကြည်နူးသလိုလို . . .။

အင်းလျားလမ်းတစ်လျှောက်လုံးမှာလည်း ရေကစားမဏ္ဍပ်တွေ စီတန်းဆောက်နေတာ နေရာလပ်ပင် မရှိတော့သလောက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘောက်စ်ကြီးတွေ ဘေးချပြီး အသံစမ်းနေကြသလို၊ ဒစ္စကိုလိုက်တွေလည်း အစမ်းဖွင့်ထားကြတာမို့ ကြည့်ရတာနှင့်ပင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းနေပါသည်။

မြူးကြွသော DJ တီးလုံးတွေက လူကို မြူးတူးပျော်ရွှင်စေသည်။

သင်္ကြန်ရောက်ရင် ဘယ်လောက်များ စည်ကားလိုက်မလဲ။

အင်း . . . သဘက်ခါဆို သင်္ကြန်အကြိုနေ့ . . .။

သူမတို့ကုမ္ပဏီရုံးကတော့ ဒီနေ့ကစပြီး ပိတ်ထားလိုက်ပြီ။

ရုံးပိတ်ရက် ဆယ်ရက်ရတာမို့ သွယ်လေးကလည်း ဒီနေ့ မနက်ကတည်းက ပဲခူးပြန်သွားပြီ။

သွယ်လေးကို ကားဂိတ်လိုက်ပို့တုန်းကတော့ သူမရဲ့ စူပါဆလွန်းက စက်သံကောင်းသေးသည်။

အပြန်ကျမှ စက်သံက ဟူးဟူးနှင့် ဘာဖြစ်မှန်းမသိ ဖောက်လာတာ။

အဲဒါနှင့် ကားကို ဝပ်ရှော့တစ်ခါတည်း အပ်ခဲ့ရ၏။





အခုညနေ ကားအခြေအနေသိရအောင် တက္ကစီစီးပြီးလာမေးတော့ ဝပ်ရှော့ကနေ သင်္ကြန်ပြီးမှ ထွက်မှာဟု ဆိုသည်။

ကပ်သီးကပ်သပ် သင်္ကြန်ရက်မှာမှ ကားက ပြင်ရတော့တာမို့ စိတ်ဓာတ်တောင် ကျချင်သည်။

ညနေစောင်းလေးက သာယာပြီး တိမ်တောက်နေတာမို့ အိမ်မပြန်ချင်သေးဘဲ မ်းလန်းစိုပြေထဲ လျှောက်လာခဲ့တာ။

သင်္ကြန်မှာ ဝ ယောက်တည်း ဖျင်းဝေါင်ဝေါင်နှင့် ဘာလုပ်ရင် ကောင်းမလဲ ထိ စဉ်းစားမရသေး။

စကားပြော ရတဲ့ သွယ်လေးကလည်း အိမ်ပြန်သွားပြီမို့ သူမရဲ့ အထီးကျ သို့လိုဖြစ်နေသော ဘဝရဲ့ နေ့ရက်တွေအကြောင်း သတိပြု ရာ ဖြစ်လာပါသည်။

အစကတေ ဂစ်နေ့တစ်နေ့ ရုံးလေးသွားလိုက်၊ အလှလေး ပြင်လိုက်၊ န ကဲမှာ သွယ်လေးနဲ့အတူ အပြင်ထွက်လည်ချင်လည် . . .

ဒါမှမဟုတ် ဝိုင်နီခေါ်ရာနောက် တတန်းတန်း လိုက်နှင့်မို့ ကိုယ်အထီးကျန်မှန်းလားဆိုတာပင် ကိုယ့်ဖာသာ မေ့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလောလောဆယ် သူမရဲ့အနားမှာ သွယ်လေး လည်း မရှိ။

မမပိုင်နီလည်း မရှိ။

ဒါဖြင့်ရင် ပိုင်းကရော ရန်ကုန်မှာ ဘာကြောင့် တစ်ယောက်တည်း ချန်နေခဲ့မိပါလိမ့်။

ဦးထုပ်ပိုက်စိုက်လေးကို မသိစိတ်ကနေ မျှော်လင့်မိတာလား။

ဒါမှမဟုတ် ကိုရန်ကြီးအောင်အပေါ် သံယောဇဉ်တစ်မျိုး ငြိတွယ်နေမိလို့လား။

ပိုင်းက ပိုင်းစိန်မပဲဆိုတာသိလျှင် သူကရော ဆက်ပြီး ခင်မင်ပတ်သက်နေမှာမို့လို့လား။

မသေချာပါဘူး။

သို့သော် သာယာအေးမြသော ရှုခင်းလေးကို ကြည့်ရင်း သူမစိတ်ထဲမှာ ကိုရန်ကြီးအောင်ကို သတိရလာသည်။

အချိန် ထပ်မဆွဲတော့ဘဲ သူ့ကို ဖွင့်ပြောလိုက်ရကောင်း မလား။

သူ အခု ဘယ်နေရာမှာ ဘာလုပ်နေပါလိမ့်။





ဘီယာဆိုင်မှာပဲ ရှိနေမလား။

ဘာပဲဖြစ်ဖြစ် သူ့ဖုန်းကို ဆက်ကြည့်လိုက်ရင် ကောင်းမယ်။

ပိုင်းလည်း တစ်ယောက်တည်း ပျင်းနေတာ။

ဤသို့ စပ်စပ်ဆော့ဆော့နှင့် စကားပြောချင်မိတဲ့ စိတ်ကူးကပင် သူမဘဝရဲ့ အချိုးအကွေ့လေးတစ်ခုကို စတင်ဖို့ ဖိတ်ခေါ်လိုက်တာ ဖြစ်သည်။

ပိုင်းသည် ထိုညနေက ကချင်ထည် ချည်သားကော်ဖီရောင် အစထူထူလေးကို ဘောင်းဘီရှည်နှင့် ဘလောက်စ်အကျီ ပုံစံ အထက်အောက်ဆင်တူ ဝတ်ထားပြီး ဆံထုံးမြင့်မြင့်လေးကို ထုံးထားသည်။

ဆံထုံးကို အပြောင်သိမ်းထားတာ မဟုတ်ဘဲ နဖူးပေါ် နားထင်ပေါ် ဆံပင်အချောင်းကလေးတွေ ကပိုကရို ကျနေတဲ့ ပုံစံလေးနှင့် ထုံးဖွဲ့ထားတာ ဖြစ်သည်။

ညနေခင်း ဆည်းဆာလေးမှာ တစ်မျိုးတစ်ဖုံ ဆွတ်ပျံ့ဖွယ်လေး ဖြစ်နေတာကို ငေးမောရင်း သူမစိတ်ထဲမှာ ကိုရန်ကြီးအောင်ကို တွေ့ချင်ပြင်းပြလာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမက ရန်ကြီးအောင်ရဲ့ ဖုန်းကို ခေါ်ဆိုလိုက်သည်။

"ဟက်လို. . ."

"ကိုရန်ကြီးအောင် . . . ရှင် အခု ဘယ်မှာလဲ"

"ကျွန်တော် အပြင်မှာ"

"ဒီမှာ စိမ်းလန်းစိုပြေမှာ ကျွန်မတစ်ယောက်တည်း ကော်ဖီသောက်နေရတာ ပျင်းစရာကောင်းလိုက်တာ၊ ရှင် အချိန်ရရင် ဒီကို လာခဲ့ပါလား၊ ကျွန်မတို့ အေးအေးဆေးဆေး စကားပြောရအောင်"

"အိုကေလေ. . . ကျွန်တော် အချိန်ရပါတယ်၊ အခုပဲ လာခဲ့မယ်. . . စောင့်နေ၊ အခုနတောင် ကျွန်တော် ဖုန်းဆက်ဦးမလို့ဘဲ"

"ကျွန်မ အိမ်ကထွက်လာခဲ့တာ ကြာပြီ၊ ကားကို ဝပ်ရှော့ပို့ထားရတာလေ၊ အဲဒါသွားမေးတာ၊ သင်္ကြန်ပြီးမှ ရမယ်တဲ့"

"ဒါဆို အခု ဘာနဲ့လာတာလဲ"

"တက္ကစီနဲ့ပေါ့"

"အထူးအဆန်းပါလား"





"ဘာလို့လဲ"

"မမပိုင်နီလို သူဌေးမလေးက အငှားကားစီးတယ်ဆိုတော့. . ."

"ရှင့်ကို ဘယ်သူက သူဌေးမလို့ ပြောတာလဲ"

"ဟ . . . ပြောစရာလိုသေးလား"

"လိုတယ် . . . လိုတယ်၊ ဒါကြောင့်ပဲ ရှင့်ကို ပြောမှာ"

"ကောင်းပြီလေ . . . ကျွန်တော် ချက်ချင်း လာခဲ့မယ်"

သူ လာခဲ့ပါမယ်ဆို၍ ပိုင်းက ပြုံးပြုံးလေးနှင့် စိတ်ချမ်းသာသွားမိပါသည်။

သူ့အပေါ် ပိုင်းစိန်မအနေနှင့် နွေးနွေးထွေးထွေး ပြောဆို ဆက်ဆံခွင့်ရချင်သည်။

ပိုင်နီမမအဖြစ် ဆက်လက်မှေးပြီး ဟန်မဆောင်လို။

အခုဆို မမပိုင်နီလည်း ဒီမှာ မရှိတော့ဘဲ။

သူ့ကို အားလုံး ဖွင့်ဟဝန်ခံလိုက်တော့မည်။

ထိုသို့ ဆုံးဖြတ်လိုက်သောအခါ ပိုင်းရဲ့စိတ်တို့ လန်းဆန်းပေါ့ပါးလွတ်လပ်သွားရသည်။ အင်း . . . သူရောက်လာရင် ဘယ်ကနေ စကားစရမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း အမှန်အတိုင်း ပြောလိုက်တာနှင့် သူ တအံ့တဩ စိတ်ဆိုးခံပြင်းသွားမှာလည်း မြင်ယောင်စိုးထိတ်မိသည်။

ဒါပေမယ့် ဒီအတိုင်းလည်း ဆက်မညာနိုင်။

သူ့ကို ဝိုင်းအကြောင်း သိစေချင်လှပြီ။

ဒါမှလည်း ကိုအာကာကိစ္စ လက်လျှော့သွားပြီး ဝိုင်းတို့ နှစ်ယောက် ပွင့်ပွင့်လင်းလင်း ခင်မင်နိုင်ဖို့ ဝိုင်း မျှော်လင့်ထား သည်။

သူ ခွင့်လွှတ်နိုင်ပါစေ။

မျှော်လင့်ထားတဲ့အတိုင်း အဆင်ပြေပါစေဟုလည်း စိတ် ထဲက ဆုတောင်းနေမိသည်။

သူမရင်ထဲမှာ တသိမ့်သိမ့်နှင့် လှုပ်ရှားနေသည်။

တအောင့်မျှကြာလျှင် ကော်ရိုလာဗင်ကား ကိုးကကြီး အကွာရာ အဖြူရောင်သန့်သန့်လေး တစ်စီးက စိမ်းလန်းစိုပြေ ဉယျာဉ်၏ အပြင်ဘက် ကားပတ်ကင်နေရာသို့ ညင်ညင်သာသာ မောင်းဝင်လာခဲ့သည်။

အဲရိုးရှင် အပြာဖျော့ဖျော့ပေါ် အဖြူလိုင်းသေးသေး ကွမ်းရိုးစင်းလေးတွေပါသော အင်္ကျီလက်ရှည်နှင့် ပုဆိုးနက်မှောင်





မှောင်ကို သပ်ရပ်စွာ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် သည် ကားသော့လေး ခါးမှာချိတ်၍ ခြေလှမ်းမှန်မှန်နှင့် လှေကား ထစ်ရှိရာ လျှောက်လာသည်။

အမှန်တော့ သူ့နှလုံးသားမှာ တဒုတ်ဒုတ် မြည်အောင် ပင် လှုပ်ရှားခုန်ပေါက်နေသည်။

အပေါ်ယံ တည်ငြိမ်သယောင် ဟန်ဆောင်ထားရတာ။

စားသောက်ဆိုင်လေးရဲ့ အပြင်ဝရံတာ စားပွဲမှာ တစ်ဦး တည်း ထိုင်နေသော ဝိုင်နီက သူ့ကိုတွေ့လျှင် လက်ကလေး ဝှေ့ယမ်းပြ၏။

ထိုစားပွဲရှိရာသို့ ရန်ကြီးအောင်က ဣန္ဒြေရရ လျှောက် လာသည်။

တိုက်ပုံနှင့် မဟုတ်လည်း ရှင်းသန့်အေးချမ်းနေသော သူ့စတိုင်လ်က ခါတိုင်းလိုပဲ ဆွဲဆောင်မှု ရှိနေပါသည်။

သူ့မျက်ဝန်းများက ဝိုင်းနှလုံးသားကို အဝေးမှပင် လှမ်း ညှို့နိုင်သည်။

ချင်းပုတီးလေးတွေနှင့် အလှဆင်ထားသော ပုန်းလွယ် ခပ်ရွယ်ရွယ်လေးကို စားပွဲပေါ်တင်ကာ ခြေချိတ်ထိုင်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ဟန်ပန်က တစ်ခြားမိန်းကလေးတွေနှင့် မတူဘဲ တစ်မျိုးတစ်ဖုံ ဆန်းနေသည်။

ဘာရယ်လို့တော့ ရန်ကြီးအောင် မပြောတတ်။

သို့ပေမယ့် ဝိုင်နီရဲ့ မျက်နှာလေးမှာ တည်ငြိမ်သည်။ သတ္တိရှိသည်။ မျက်လုံးလေးတွေက ရယ်မြူးရိပ်နှင့် ဖော်ရွေနေသည်။

သူမကိုယ်သူမ ယုံကြည်သေချာဟန် ပေါက်သည်။ လူတွေကြားထဲမှာ အမြဲလို ထင်ပေါ်ဝင်ဆန့်နေမည့်သူလေးဆိုတာ သူမရဲ့ပုံစံက ဖော်ပြနေသည်။

အခုလည်း ကြည့် . . .။

ကော်ဖီဆိုင်မှာ တစ်ယောက်တည်း ထိုင်နေပေမယ့် မငံ့မရဲ ရှိုးတို့ရှန်းတန်းမဖြစ်။

လောကကြီးကို အမြဲတစေ အေးအေးလူလူ ရင်ဆိုင်ဖို့ အသင့်ဖြစ်နေတဲ့ သဏ္ဌာန်လေး။

သူမရဲ့ ထက်မြက်သတ္တိရှိဟန်ကြောင့် ရန်ကြီးအောင်သည် သူ့စိတ်ကူးကို အကောင်အထည်ဖော်လို့ ဖြစ်ပါ့မလား တစ်ချက်တော့ တွေဝေမိသေးသည်။





ဒါပေမယ့် သူမရဲ့ဘဝမှာလည်း လက်တွဲခေါ်ဆောင်မယ့် ဘဝအဖော်တစ်ယောက်တော့ လိုအပ်မှာပါ။

သူမရဲ့ ရင်ထဲမှာလည်း အချစ်ဆိုတဲ့ ခံစားချက်က ရှိကိုရှိနေဦးမှာ။

"ရှင်ရောက်လာတာ မြန်လိုက်တာ"

ရန်ကြီးအောင်က နှုတ်ခမ်းစေ့ပြုံးလျက် သူမရှေ့က ကုလားထိုင်မှာ ထိုင်လိုက်သည်။

"ကျွန်တော်ကတော့ ဝိုင်နီခေါ်ရင် ပြေးလာရမယ့်သူလေဗျာ"

"အံမယ် . . . ပြေးလာတာ မဟုတ်ပါဘူး၊ ကားနဲ့လာတာ မဟုတ်လား"

"ဒါပေါ့ . . ."

"ကဲ . . . ရှင်ဘာစားမလဲ"

"မစားတော့ဘူး"

"ဒါဆို ကော်ဖီဖြစ်ဖြစ်၊ ဂျူ့စ်ဖြစ်ဖြစ် သောက်ပေါ့"

"ဘာမှ မသောက်တော့ဘူး"

"ဟင် . . . ဘာတွေ အရေးကြီးလာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အရေးကြီးကိစ္စတစ်ခု ရှိတယ်"

သူ့လေသံကြောင့် ဝိုင်းက မျက်ခုံးလေးပင့်မိရင်း. . .

"ဟင် . . . ရှင်ကလည်း၊ အေးအေးဆေးဆေး ပြောစရာ ရှိတယ်ဆိုမှ. . ."

"ဝိုင်နီ ပြောစရာရှိတာ နောက်မှ ပြောပါ၊ ရပါတယ်"

"ရှင်က အခု ဘယ်သွားမလို့လဲ၊ ဖုန်းထဲက ပြောတော့ အားပါတယ်ဆို၊ ကျွန်မကို အားနာလို့ ညာပြောတာမို့လား"

"အရေးကြီးတာက ကျွန်တော့်ကိစ္စတော့ မဟုတ်ပါဘူး"

သူ့စကားကြောင့် ဝိုင်းက သူ့မျက်လုံးထဲ ဖျပ်ကနဲ ကြည့်မိသည်။

"ကိုအာကာ့ကိစ္စ. . ."

"ဘာဖြစ်ရပြန်ပြီလဲ"

"သူ ခင်ဗျားကို လက်ဆောင်ပေးဖို့ ပန်းချီကားဆွဲထားတယ်"

အို . . . လာပြန်ပြီ။

လက်ဆောင်က ပေးဦးမယ်. . .၊ စိတ်များပင် ညစ်ပါရဲ့။

"တော်ပြီ . . . ဘာလက်ဆောင်မှ မယူဘူး"





"ဟာ . . . ဒါလေးကတော့ လက်ခံမှဖြစ်မယ်"

"ဟင့်အင်း. . ."

"အစ်ကိုက ခင်ဗျားကို သိပ်တွေ့ချင်နေတယ်"

ဝိုင်းက ခေါင်လေးယမ်းသည်။

"ရှင်ထင်သလို မဟုတ်ဘူး ကိုရန်ကြီးအောင်၊ ကျွန်မ ရှင့်ကို အဲဒါတွေ ရှင်းပြမလို့ဘဲ"

"မရှင်းပြနဲ့တော့ . . . လာ. . . အခုလိုက်ခဲ့"

"အိုး. . ."

ဝိုင်းလက်ကို ဆွဲမထူရုံတမယ်. . . ဝိုင်းရဲ့ အိတ်အညိုလေးကို သူ ကောက်သယ်ပြီးနှင့်ပြီ။

"နေပါဦး. . ."

"နေလို့ မဖြစ်ဘူး"

"ရှင်ကလည်းနော်၊ ဘယ်လိုဖြစ်နေတာလဲ၊ ကိုအာကာနဲ့ မတွေ့ချင်ပါဘူး"

ရန်ကြီးအောင်က မျက်မှောင်ကြုတ်ပြီး. . .

"မတွေ့ပါဘူးဗျာ၊ ကိုအာကာလည်း မရှိပါဘူး၊ သူ ခရီးထွက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ မလိုက်မှာစိုး၍ ရန်ကြီးအောင်က ညာလိုက်တာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူမကို အစ်ကို့ရှေ့သို့ တစ်ခါလောက်တော့ ဆွဲခေါ်သွားချင်သည်။

သူမ ငြင်းဆန်မယ်ဆိုတာလည်း သူ တွက်ပြီးသားပါ။

ဒါပေမယ့် သူမကို မပါပါအောင်ခေါ်ဖို့က သူ့တာဝန်။

"ဟုတ်လား . . . ခရီးထွက်သွားပြီလား"

ဝိုင်းက နည်းနည်း အသက်ရှူချောင်သွားသလိုဟန်နှင့် ပြန်မေးမိသည်။

သူက ခေါင်းညိတ်ပြ၏။

"သူ ခရီးမသွားခင် မှာသွားတယ်၊ လက်ဆောင်ပန်းချီကားကို ခင်ဗျားလက်ထဲ ထည့်ဖြစ်အောင် ထည့်ရမယ်တဲ့"

"တော်ပြီ . . ."

"မပေးနိုင်ရင် ကျွန်တော့်ကို သူ့ဆိုင်မှာ မထားဘူးတဲ့၊ အလုပ်ဖြုတ်ပစ်မယ်တဲ့"

ရန်ကြီးအောင်က ပိုပိုသာသာ ပြောလိုက်တာဖြစ်သည်။

ဝိုင်းက သူ့စကားကြောင့် ခဏမျှ ငြိမ်တွေသွားသည်။





"နောက်မှ မလိုချင်လို့ ဆွဲဆုတ်ဖြဲပစ်ချင်ပစ်ဦး၊ ကျွန်တော်ကတော့ အဲဒီပန်းချီကားကို ခင်ဗျားလက်ထဲရောက်အောင် ပေးကို ပေးရမယ်"

တကယ့်ကို ပြဿနာကိုယ်တော်ချောလေးပဲ။

"ခဏလေး ထိုင်ဦး၊ ကျွန်မပြောတာ အရင်နားထောင်"

"နားမထောင်ဘူး . . . ပန်းချီကားကို အရင်လိုက်ယူ"

"ကိုရန်ကြီးအောင်ရယ် . . ."

စိတ်လောကြီးလှတဲ့ သူ့ကို ဝိုင်းမှာ ညည်းညူရင်းသာ မော့ကြည့်နေမိသည်။

ရှင်းပြခွင့်လေးတောင် မပေးပါလား။

"ကဲဗျာ . . . လာပါ၊ မထရင် ကျွန်တော် ဆွဲခေါ်မှာနော်"

"ဩော် . . . တကယ်ပဲ၊ ကျွန်မက ဘယ်ကို လိုက်ရဦးမှာလဲ"

"ကျွန်တော့်ကို ယုံတယ်မဟုတ်လား"

သူက ဝိုင်းကို ဂျစ်ကန်ကန်လေး စိုက်ကြည့်ကာ အဲသလို မေးလျှင် ဝိုင်း တကယ်ပဲ မငြင်းရက်။

"ပန်းချီကားကို ကိုယ်တိုင် လိုက်ယူပါဗျာ၊ ကျေးဇူးပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မပြတ်အောင်တော့ ကူညီစမ်းပါ၊ ပြီးရင် ခင်ဗျားလေးကို အိမ်ပြန်ပို့ပေးမယ်. . . ဟုတ်ပြီလား”

သူသည် ပိုင်းလက်ကို ဆွဲထူဖို့ လက်ကြီးတစ်ဖက်ခဲလာလျှင် ပိုင်း ရင်ဖိုပြီး ထိုင်နေရာမှ အမြန်ထရပ်ရသည်။

ပြီးလျှင် သူ့ရဲ့ဝင်ကားနှင့် အတူလိုက်ခဲ့မိသည်။

တကယ်တော့ ပိုင်းကိုယ်၌က ပျော့ညံ့တာပါ။ သူခေါ်ရာ လွယ်လင့်တကူ ပါလာမိတာ။

အပြစ်က ပိုင်းအပြစ်။

သူက တည်တည်ငြိမ်ငြိမ်ပင် ကားကို ခပ်အေးအေး မောင်းကာ အင်းလျားလမ်းကနေ ပြည်လမ်းပေါ်သို့ တက်လာသည်။

ပြည်လမ်းပေါ် ရောက်လျှင် ကားကို စက်ရှိန်တင်လိုက်သည်။ ပါရမီ မီးပွိုင့်လည်း မမိ။ ရှစ်မိုင် မီးပွိုင့်လည်း မရပ်ရဘဲ ကိုးမိုင်ဖက်သို့ စောလျှင်စွာ ရောက်လာ၏။

ရန်ကြီးအောင်သည် ပိုင်နီမမကို စကားမစ။

သူ့ခေါင်းထဲမှာ အစီအစဉ်တွေက ပြေးလွှားနေသည်။

အစ်ကို. . .





မတွေဝေပါနဲ့. . . အစ်ကိုသိပ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ရတဲ့နည်းနဲ့ ပိုင်ဆိုင်ဖို့ ကြိုးစားပါ. . .။

ဒီရက်ထဲမှာ ရန်ကြီးအောင်စိတ်တွေ မောပြီး ရင်ထဲလည်း လေးလံနေရတာ အမှန်။

သူ စီစဉ်သလို မဖြစ်မှာဘဲ စိတ်ပူသည်။

ကိုအာကာနှင့် ပိုင်နီတို့ နီးစပ်ဖို့ ရေကုန်ရေခမ်း ကူညီမယ် ဆုံးဖြတ်ထားပြီးသားမို့လို့သာ သူ ဒီလို စွန့်စားတာပါ။

ကိုအာကာ့ သူ့ကို နားလည်မလား။

“ကိုရန်ကြီးအောင်. . .”

“ဗျာ. . .”

“ဘယ်အထိ မောင်းရမှာလဲ”

“ဒီကိုးမိုင်ကျော်တင်ပါ”

“ကြယ်တံခွန်ကိုလား”

“ဟုတ်တယ် . . . လိုက်ခဲ့မယ် မဟုတ်လား”

“မလိုက်ချင်ဘူး”

“ကိုအာကာမှ မရှိဘဲဗျာ၊ ဘာဖြစ်လဲ လိုက်ခဲ့ပါ၊ ပန်းအိုးကားလေး ဝင်သယ်ရုံပဲ၊ ပိုင်နီကားပေါ်ကပဲ စောင့်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကချော့ ဖွတ်ပဲနော်"

"ဟုတ်တယ် . . . ဟဲ . . . ဟဲ"

"ဟွန်း . . . မုန်းစရာပဲ"

ဖွတ်တရွတ်ဆန်တာကို ဝိုင်း မကြိုက်။

သို့သော် ဝိုင်းမကြိုက်တဲ့ အကျင့်တစ်ခု သူ့ဆီမှာ တွေ့ရ၏။

နောက်ထပ် ဘယ်နှစ်ခု တွေ့ရဦးမလဲ။

ပင့်သက်ငွေ့လေး ရှိုက်မိသည်။

လွယ်လွယ်လေးနဲ့ စိတ်မပျက်နိုင်တာလည်း ဝဋ်ဒုက္ခတစ်မျိုးပဲပေါ့။

ဘယ်တုန်းကစပြီး သူ့ထံမှာ ဒီလောက်ထိ နစ်မြုပ်ကျရှုံးနေသလဲ ဝိုင်း မသိ။

သူ့နားထိုင်ပြီး သူ မောင်းတဲ့ကားကို စီးခွင့်ရတာလေးကို ပင် ကျေနပ်ပျော်မြူးနေမိသည်။

ကျန်တာတွေ နောက်ထား။

ဝိုင်းက သူနဲ့ တစ်လမ်းလုံး စကားတွေ ပြောနေချင်သည်။ ဒါပေမယ့် သူက ငြိမ်တိတ်နေသည်။





ဘာလို့လဲ . . ။

သိပ်မိုက်တဲ့ ဝိုင်းက သူ့ကို လုံးဝ သံသယမဝင်။

သူ့ကို ယုံကြည်တာ သူ သိစေချင်သည်။

ဝိုင်းအနေနှင့် ဝိုင်း သူ့အပေါ် ယုံကြည်မှုလွန်ကဲမိတာပါ။

ရန်ကြီးအောင်သည် တစ်ဖက်က တက်ကြွစွာ ကားကို အရှိန်ပြင်းပြင်း မောင်းနေမိသော်လည်း တစ်ဖက်ကလည်း ဘာကြောင့်မှန်းမသိ၊ စိတ်ထဲ ထိခိုက်ကြေကွဲနေသည်။

ဒီလို လုပ်ချဖို့ကို သူ အိပ်ရေးပျက်ခံပြီး အထပ်ထပ် ပြန်တွေးထားရတာ။

ဒါပေမယ့် ကိုအာကာက သူ့ဘဝအတွက် အရေးကြီးတဲ့ လူတစ်ယောက်။ ရင်ထဲမှာ ဆို့နင့်နေလည်း ဒါကိုတော့ ဖြစ်မြောက်အောင် ကူညီရမှာပဲလေ။

အခုလို အခွင့်အရေးလေးရတုန်းမှာ သူတို့ချင်း နီးကြဖို့ စီစဉ်ပေးရမည်။

ရန်ကြီးအောင်သည် ကြယ်တံခွန်ရက်စတောရင့်ရှိရာ ခြံဝန်းထဲသို့ ကားကို ချိုးချလိုက်သည်။ ပြီးလျှင် ကားတံခါးဖွင့် ဆင်းလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး စောင့်နော်"

သူက သူ့ရဲကောင်းပမာ ခြေလှမ်းကျဲနှင့် လျှောက်ဝင်သွား၏။ ဝိုင်းသည် ထုံးစံအတိုင်း သူ့သဏ္ဌာန် သူ့ဟန်ကို ငေးနေမိပါသည်။

ရန်ကြီးအောင်သည် ဆိုင်နောက်ဘက်ထဲ အရေးတကြီး ပျာယီးပျာယာ လှမ်းဝင်လာရင်း . . .

"ဟေ့ကောင်တွေ. . . အစ်ကိုရော၊ အစ်ကို ဘယ်မှာလဲ၊ ငါ ဒီမှာ အစ်ကိုနဲ့ မြန်မြန်တွေ့မှ ဖြစ်မယ်၊ ကားပေါ်မှာ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက် ပါလာတယ်ကွ"

သူ့ရဲ့ ပျာပျာသလဲပုံစံကြောင့် မင်းမင်းက ကပျာကယာ ပြေးထွက်လာပြီး . . .

"အစ်ကိုမရှိဘူး ကိုရန်ကြီးအောင်၊ မန္တလေးသွားပြီ"

"ဘာ. . ."

မင်းမင်းစကားကြောင့် သူ အံ့သြသွားရသည်။ လမ်းမှာ ပြောမိတဲ့ စကားတစ်ခွန်းက တကယ် နမိတ်ပြနေပြီ။

"ကိုရန်ကြီးကို စောင့်နေတာ တော်တော်နဲ့ ပေါ်မလာလို့ ကျွန်တော်ပဲ အောင်မင်္ဂလာ အဝေးပြေးကို လိုက်ပို့ပေးလိုက်ရတာ





ဆယ်မိုင်ကနေ ဘယ်လိုကဘယ်လို မြို့ပြင်ဖက်ထိရောက်လာရသလဲ။ ကားက မင်္ဂလာဒုံကို ကျော်ဖြတ်ပြီး မြို့ပြင်က တစ်နေရာဆီ ဦးတည်နေတာ အလန့်တကြား သတိထားလိုက်မိ၏။

ဒီတော့မှ သူမက မျက်လုံးလေး ဝိုင်းသွားမိကာ. . .

"ဟင် . . . ဒါက ဘယ်ထိ မောင်းနေတာလဲ ကိုရန်ကြီးအောင်၊ ပန်းချီကား သွားယူရမှာ ဒီလောက် အဝေးကြီးလား၊ ဒီလောက်ဝေးရင် မသွားတော့ဘူး"

"ရောက်တော့မှာပါ၊ သိပ်မလိုတော့ဘူး"

"ရှင်က ဘာမှန်းလည်း မသိဘူး၊ မိုးပဲ ချုပ်နေပြီ"

"ကျွန်တော် တစ်ယောက်လုံး ပါတာပဲ၊ ဘာ ကြောက်စရာလဲ"

သူ့စကားကြောင့် နှုတ်ဆိတ်သွားမိပေမယ့် ဝိုင်းရင်ထဲ ဘဝင်မကျဘဲ တစ်ခုခုကို ထင့်လာ၏။

သူ့ပုံစံကတော့ ရိုးရိုးသားသားပါပဲ။

ဘာမှလည်း ရှည်ရှည်ဝေးဝေး တွေးပုံမရ။

ဝိုင်းမှာ ကူရှင်ကို သက်တောင့်သက်သာ မှီမထိုင်ရဲတော့ဘဲ၊ မတ်မတ်ကလေး ခေါင်းထောင်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းတွေလည်း ထူပူနေပြီ။

သူ့ရဲ့ အစီအစဉ်ထဲမှာ အစ်ကိုအာကာ ခရီးထွက်ဖို့ ရှိတာ ပါကိုမပါ။ အခြေအနေက ထင်သလိုမဖြစ်တဲ့အခါ ရုတ်တရက် သူ အကျပ်ရိုက်သွားရ၏။

တောက် ! ဝိုင်နီ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ပါလာပါပြီဆိုမှ အစ်ကိုက အရေးထဲ မရှိဘူးတဲ့ကွာ။

သူ စိတ်ပျက်လက်ပျက်နှင့် မချင့်မရဲ ဖြစ်သွားရသည်။

အမှန်ဆို ပွဲက သိမ်းပြီ. . .။

အခုလည်း ငါ လက်မလျှော့ဘူး. . .

ဖြစ်အောင် ဆက်လုပ်ရမှာပဲ. . .

မှားမှားမှန်မှန်၊ ကောင်းကောင်း မကောင်းကောင်း သူ ငါ့ကို ဘယ်လိုထင်ထင်။

"မင်းမင်း. . ."

"ဗျာ. . ."

"ငါ တစ်ရက်နှစ်ရက်လောက် ဆိုင်ကို ပြန်မအိပ်ဘူး"

"ရတာပဲ . . . သင်္ကြန်အကြိုဆို ဆိုင်ပိတ်ပြီ၊ မနက်ဖြန်တောင် ပိတ်ချင် ပိတ်တော့လို့ အစ်ကိုအာကာက မှာသွားတယ်"





"အေး . . . အဲဒါလည်း ကောင်းတာပဲ၊ မင်းပဲ ကြည့်စီစဉ်လိုက်၊ ငါ စိတ်ချမယ်နော်၊ ဟော့ကောင်. . ."

ရန်ကြီးအောင်သည် မင်းမင်းကို လိုအပ်တာတွေ ကရားရေလွှတ် တရစပ် မှာကြားပြီးနောက် ကျောပိုးအိတ်ကို ဆွဲလျက် ကားဆီ ပြန်ထွက်လာသည်။

ဝိုင်းက သူ့လက်ထဲ ပန်းချီကားလို ကားချပ်ဆို၍ ဘာတစ်ခုမှ ပါမလာတာကို ကြည့်ရင်း . . .

"ကြာလိုက်တာ ကိုရန်ကြီးအောင်ရယ်. . ."

"ကျွန်တော် ဝင်ရှာနေတာ"

"ဘယ်လို . . ."

"အစ်ကိုက သူ့ပန်းချီကားတွေ ဒီမှာ မထားတော့ဘူး တစ်ခြားကို သယ်သွားပြီ"

'ကဲ . . . အဲဒါဆိုလည်း နေပစေလေ၊ ကိစ္စမရှိပါဘူး ကျွန်မတို့ တစ်နေရာမှာ ညစာ သွားစားရအောင်"

ရန်ကြီးအောင်က ကားပေါ် ပြန်တက် စက်နှိုးထွက်လိုက်သည်။

"နောက်တစ်နေရာမှာ သွားယူပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်မလျှော့ဘဲ ထပ်ပြောသည်။

"ဟင် . . . ကျွန်မက လိုက်ခဲ့ရဦးမှာ"

"ဒါပေါ့ . . . ဘာဖြစ်လို့လဲ"

"မိုးပဲ ချုပ်တော့မယ်"

ဝိုင်းက ကားပြင်ကို ကြည့်လျက် မျက်နှာလေး ရှုံ့မဲ့သွားမိ၏။

"သိပ်မကြာပါဘူး"

သူ့စိတ် သူ့သဘောနဲ့ သူထင်ရာကို ဖြစ်အောင်လုပ်မယ့်သူမို့ ဝိုင်း စောဒကတက်လည်း အပိုပဲပေါ့။

"ဒါဖြင့် . . . ဘယ်မှာ သွားယူရမှာလဲ၊ မြန်မြန်သွားယူ၊ တကတည်း ဒီလက်ဆောင်က မပေးရရင် သေတော့မလိုဘဲ၊ စိတ်ညစ်ပါတယ် . . . ဘာမှန်းလည်း မသိဘူး"

ဝိုင်းကဖြင့် ညစာ စားရင်း အေးအေးဆေးဆေး စကားပြောမည် စိတ်ကူးတာ။ အခုတော့ ကားချည်းပဲ ထိုင်စီးနေရသည်။

မကျေမနပ်နှင့် နံဘေးက လူကြီးကို ဝိုင်းက မျက်စောင်းနှစ်ချက်ဆင့်ကာ ရွယ်လိုက်မိပါသည်။

သူကတော့ အသက်ပင် ရှူရဲ့လားမသိ။





ကားကိုပဲ တရှိန်ထိုး စွတ်မောင်းနေတော့တာ။ စက်ရုပ်ကြီးလို ငြိမ်ငြိမ်တောင့်တောင့်ကြီးနှင့် ဘာမှလည်း ပြန်မပြော။

ဝိုင်းက ကူရှင်ကို မှီကာ ဘေးဘီကို ငေးမောလိုက်ပါလာရင်းက သက်ပြင်းတစ်ချနှင့် စိတ်ကို လျှော့ထားလိုက်ပါသည်။

ဒီနေ့တော့ ဝိုင်း ဘယ်သူဆိုတာ သူ့ကို ပြောဖြစ်အောင်ပြောမည်ရယ်လို့ စိတ်ကူးထားကာမှ . . .

ပန်းချီကားလေး တစ်ချပ်လောက် လက်ခံလိုက်တာကိုတော့ မမဝိုင်းနီလည်း အပြစ်တင်မယ် မထင်ပါဘူးလေ။

မမြင်ဘူးသေးတဲ့ ကိုအာကာကိုပင် သူမ ကရုဏာသက်နေမိသည်။ သူတို့နှစ်ဦး တကယ် ဝေးသွားကြပြီလေ။

စိတ်လေလေနှင့် ခရီးထွက်သွားပြီဆိုတော့လည်း အချစ်သစ် ထပ်မံ တွေ့ပါစေဟုသာ ဆုတောင်းပေးရမှာပေါ့။

ဝိုင်းသည် ဟိုတွေးဒီတွေးနှင့် ကားပေါ် ငြိမ်သက် ငေးမောနေမိသည်။ ပဲခူးက အိမ်အကြောင်းလည်း ပါသည်။

သကြံန်ရောက်တော့မှာဆိုတော့ ငယ်ငယ်တုန်းက အုန်းလက် မဏ္ဍပ်လေးမှာ သူငယ်ချင်းတွေနှင့် ရေကစားခဲ့၊ ပျော်ခဲ့ကြတာတွေလည်း ပြန်သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝတုန်းက အပူအပင်ကင်းကင်း၊ စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ရတဲ့ ဗီလင်ကို အခုတော့ ပြန်လွမ်းမိသည်။

အခုသကြ်န်တော့ ဒီလို မပျော်နိုင်တာ ကြာပြီ။

"ကိုရန်ကြီးအောင်"

"ဗျာ. . ."

"သကြ်န်မှာ ရှင်တို့ဆိုင် ပိတ်မှာပေါ့နော်"

"အင်း. . ."

ရန်ကြီးအောင်က မဖြေချင့်ဖြေချင် မပွင့်တပွင့်နှင့် ဖြေသည်။

"ရှင် သကြ်န်မှာ ဘာလုပ်လဲ၊ ရေပက်ခံထွက်လား"

"ကျွန်တော် သကြ်န်ကို ကြိုက်တယ်"

"ဘာလို့လဲ"

"ဘီယာ အမူးသောက်ပြီး ကခုန်ပစ်ရလို့"

"ရှင်က မူးတယ်. . . ကတယ်"

သူမ တအံ့တသြလေး ပြန်မေးမိသည်။

"ဒါပေါ့ဗျ. . ."

"ရှင့်ပုံကဖြင့် အဲ့လို မထင်ရဘူး"





ဒီလို ရှင်းသန့်တည်ငြိမ် မွန်ရည်ယဉ်ကျေးတဲ့သူက အရက်မူးအောင် သောက်ပြီး တပျော်တပါး အားရပါးရ ကခုန်သတဲ့လား။

သူ့ပုံစံနှင့် သူ့စကားက အဆက်အစပ်မရှိဘဲ၊ မလျော်ညီသလို ဖြစ်နေပါသည်။

ဝိုင်းက မျက်မှောင်လေးကုပ်ရင်း သူ့ဖက်သို့ ခပ်တွေတွေလေး ကြည့်မိသည်။

ဝိုင်နီက ဒီဖက်လှည့်ကာအကဲခတ်သဖြင့် ရန်ကြီးအောင်က သူ့စကား မှားသွားပြီလားဟု ကမန်းကတမ်း ပြန်တွေးသည်။

ဖြစ်နိုင်ရင် အခုအချိန်မှာ သူ သိပ်စကားများများ မပြောချင်။

ကိုအာကာ့ဆီ ဖုန်းဆက်ပြီး မနက်ဖြန် ရန်ကုန်ပြန်လာဖို့ ပြောရမည်လေ။

ခေါင်းထဲမှာ အစီအစဉ်တွေက တန်းစီနေသည်။

အရေးကြီးတာက သူ့အကြံအစည်ကို သူမ မရိပ်မိဖို့ပဲ။

ဟိုကို မရောက်ခင်အထိတော့ သူ့ဖက်က ပိပိရိရိလေး လှည့်ပတ်နိုင်မှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပိုင်နီကို ကိုအာကာ လက်လွှတ်ဆုံးရှုံးခဲ့လို့ မဖြစ်ဘူး လေ။

သူ့ဆုံးဖြတ်ချက်ကို ပိုင်နီကတော့ သိမှာမဟုတ်။

သိရင်တော့ ဆွေ့ဆွေ့ခုန်အောင် စိတ်ဆိုးသွားလိမ့်မည် ထင်သည်။

စိတ်ဆိုးရင်လည်း မတတ်နိုင်။

ခွင့်လွှတ်ဖို့ တောင်းပန်ရမှာပဲ။

မင်းသီဟ ရင်ခွင်ထဲတော့ ဘယ်နည်းနှင့်မှ အရောက် မခံနိုင်။

ကိုအာကာ့ ရင်ခွင်ထဲပဲ သူ ထည့်ပေးမည်။

ဒီအခွင့်အရေးမျိုး နောက်တစ်ကြိမ် ပြန်စောင့်ဖို့ဆိုတာ လည်း အချိန်မရှိတော့။

ဒီတစ်ကြိမ်မှာပဲ သေချာ စီစဉ်ရမည်။

သူသည် ဘာမှ မဖြစ်သလို ဟန်ဆောင်ဖုံးကွယ်၍ ကား ကို တရကြမ်း မောင်းလာခဲ့သည်။

ပိုင်းသည် ပထမ သူ့မျက်နှာကိုပဲ ကြည့်နေမိ၏။

နောက်မှ အပြင်ဖက်က နေရာဒေသကို ကြည့်သည်။





ဗျ၊ ရွှေမန္တလာနဲ့ ပါသွားပြီ၊ ငါးနာရီကတည်းက ကားထွက်တာ၊ အစ်ကိုတို့ ကားထွက်သွားမှ ကျွန်တော် ပြန်လာတာဗျ”

ရန်ကြီးအောင်က နာရီကို မြှောက်ကြည့်သည်။

အခု ခြောက်နာရီပဲ ကျော်နေပြီ။

“ကျွတ်. . .”

သူ့နှုတ်မှ ကျွတ်ကနဲ ရေရွတ်သည်။

ကဲ . . . အခု ဘာလုပ်ရမလဲ။

“အစ်ကိုကလည်း အရေးထဲမှာကွာ၊ စိတ်ကူးပေါက်ရင် ပေါက်သလို လစ်ချသွားတာပဲ၊ ငါ့ကိုတောင် မတိုင်ပင်ဘူး၊ ဘယ် နေ့ပြန်လာမယ် ပြောသွားလဲ မင်းမင်း”

“မသိဘူးဗျ”

“အေးလေ . . . ကိစ္စမရှိဘူး၊ ငါ ရအောင် ပြန်ခေါ် မယ်၊ လုပ်စရာရှိတာတော့ လုပ်ကြရမှာပဲ”

“ဘာလုပ်မှာလဲ ကိုရန်ကြီးရ. . .”

“မင်း မသိပါဘူး”

ရန်ကြီးအောင်က စိတ်လှုပ်ရှားစွာ ဟိုဖက်ဒီဖက် ခေါက် တုန့်ခေါက်ပြန် လျှောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်ထိ ဦးတည်မောင်းနေတာပါလိမ့်။

ဒါ မှော်ဘီဖက်လမ်းချိုး။

"မှော်ဘီထိ သွားနေတာလားဟင်၊ ကျွန်မကို စောစောတ ပြောမပြဘဲ ညာခေါ်လာတယ် ကြည့်စမ်း. . ."

"ကြိုပြောရင် ဝိုင်နီ မလိုက်မှာစိုးလို့ပါ၊ ညာတာ မဟုတ်ပါဘူး"

"ရှင် မကောင်းဘူး. . ."

"ကျွန်တော် ကောင်းပါတယ်"

"ဘာကောင်းတာလဲ"

"ကားကို ခဏလေးရပ်ပြီး၊ ပန်းချီကား ဝင်ယူရုံပဲလေဗျာ၊ ဒီ့ထက် ပိုမယ်လို့ ထင်လို့လား၊ ကျွန်တော့်ကို မယုံဘူးလား"

"ရှင့်ကို မယုံရင် ဒီထိလိုက်မလာဘူး သိလား"

သူမစကားလေးကြောင့် ရန်ကြီးအောင် နည်းနည်းတော့ စိတ်မကောင်း ဖြစ်သွားရသည်။

ခင်ဗျားရဲ့ ယုံကြည်မှုကို အသုံးချရတာ ဝမ်းနည်းပါတယ်။ ဒါပေမယ့် ဒီလိုမှ မလုပ်ရင်လည်း မဖြစ်ဘူးလေ။

ခင်ဗျားက သူများလက်ထဲ ပါတော့မှာ။





"ကဲပါဗျာ . . . ဒါဆိုလည်း စိတ်အေးအေးထားစမ်းပါ"

ဝိုင်း စိတ်မအေးနိုင်ပါ။

အချိန်က မှောင်ရီပျိုးရုံထက် ပိုပြီး အမှောင်ဖက် တစ်စတစ်စ ရောက်သွားပြီ။

သူသွားလိုတဲ့ ခရီးဆုံးက တော်တော်နှင့် မရောက်နိုင်။

ဒီအချိန်မှာ ပြန်လှည့်ရင်တောင် ရန်ကုန်ကို ဘယ်အချိန် ပြန်ရောက်မလဲ။

ဝိုင်း မျက်နှာလေး ပျက်လာသည်။

အတန်ကြာအောင် ထပ်မောင်းလာပြီးမှ ခြံဝင်းကျယ်ကြီး တစ်ခုဆီသို့ ရောက်လာ၏။

သူက ကားကို ထိုခြံကျယ်ထဲသို့ မောင်းဝင်လိုက်သည်။

ခြံထဲကနေ သစ်သားအိမ်လေးတစ်အိမ်ဆီသို့ ခပ်ဝေးဝေး မောင်းရသေးသည်။

မီးရောင်မှိန်ပျပျနှင့် ပျဉ်ထောင်အိမ်လေးတစ်လုံးကို လှမ်းမြင်ရလျှင် သူမရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားမိ၏။

ရန်ကြီးအောင်က သူ့ရည်ရွယ်ရာနေရာသို့ ရောက်လာပြီမို့ ရင်ထဲ တဒုန်းဒုန်းမြည်အောင် ခုန်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကို စက်သပ်၍ ဖျပ်ကနဲ တံခါးဖွင့်ဆင်းလိုက်သည်။ ပြီးလျှင် . . .

"ဗျို့ . . . ဦးညို"

"ဟေ . . . လာပြီ လူလေး"

ဘက်ထရီ မီးသီးလေးကို ထွန်းနေသော ဦးညိုက အိမ်ပြင်သို့ လှမ်းကြည့်ရင်း အသံပြုကာ ထွက်လာသည်။

"ဒီမှာ ဧည့်သည်ပါလာပြီ ဦးညို"

ရန်ကြီးအောင်က သူမဖက်က တံခါးကို လာဆွဲဖွင့်ရင်း . . .

"အိမ်ပေါ် ခဏလောက် တက်ပါလား"

"ရပါတယ် . . . ကျွန်မ မတက်တော့ဘူး"

"လာပါဗျာ . . . ခဏလောက်တော့ ဆင်းကြည့်စမ်းပါ"

သူ အတင်းအကြပ် ဖွတ်ခေါ်နေသဖြင့် ဝိုင်းက အားနာစွာ ကားထဲကဆင်းလိုက်သည်။ အနားမှာရပ်စောင့်နေတဲ့သူ့သက္ကာန်ကို မော့ကြည့်ကာ ဝိုင်းက တွန့်ဆုတ်ဆုတ်လေး ဖြစ်နေသည်။

သူက ရှေ့ကနေ အုတ်လှေကားထစ်လေးမှတဆင့် အိမ်ပေါ်ကို လှမ်းတက်သွား၏။





"ဦးညို . . . ကျွန်တော်တို့နှစ်ယောက်အတွက် ညစာ စီစဉ်လိုက်ပါ"

"ကောင်းပြီ . . . လူလေး"

"ဦးညိုက ကိုအာကာ့ဦးလေးလေ၊ ဒီခြံမှာ သူ တစ်ယောက်တည်း နေတာ"

"ဦးလေး . . . ဘာမှ မစီစဉ်ပါနဲ့၊ ကျွန်မတို့ အခုချက်ချင်း ပြန်မှာ"

ဦးလေးကြီးက ကွမ်းစားထားသော သွားတွေပေါ်အောင် ပြုံးရင်း . . .

"ဘယ်ဟုတ်မလဲ . . . မောင်ရန်ကြီး ကြိုပြောထားလို့ ထမင်းဟင်းတွေ ချက်ထားပြီးသား . . . စားသွားပါ"

ဝိုင်း အံ့အားသင့်သွား၏။ သူက ကြိုပြောထားတယ်၊ သူ့ဖက် ဆတ်ကနဲမော့ကြည့်လျှင် သူက ဘာမှမဖြစ်သလို မျက်နှာလွှဲထားပြီး ဧည့်ခန်းက သစ်သားကုလားထိုင်မှာ ထိုင်လိုက်၏။

"ကိုရန်ကြီးအောင်"

ဦးညို အောက်သို့ ဆင်းသွားလျှင် သူမက ခပ်ဆတ်ဆတ်လေး ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ . . . ရှင့် ပန်းချီကား . . ."

"ဟို . . . ဟိုဟာလေ၊ ဒီမှာ မရှိဘူး"

"ဘာ. . ."

"စိတ်မဆိုးပါနဲ့ ဝိုင်နီ၊ ကျွန်တော် ခင်ဗျားကို ခိုးလာခဲ့တာ"

"ဟင်. . ."

သူမ မယုံနိုင်စွာ အံ့သြတကြီး ကြက်သေသေ သွားမိ၏။ ခိုးလာခဲ့တာ. . . ဘုရားရေ၊

"ကိုအာကာ့အတွက်. . ."

"ရှင်မနောက်နဲ့နော်. . . ရှင် အခုပြန်ပို့"

သူမက တံခါးဝသို့ ပြန်လှည့်ပြေးဖို့ ပြင်၏။

သူက ရုတ်တရက်ကို သူမပုခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်လျက် ကုလားထိုင်ပေါ် ဖိထိုင်ချစေသည်။

"အို. . . လွှတ်၊ ရှင်ဘာလုပ်တာလဲ"

ဝိုင်းရင်တွေ တဒိန်းဒိန်း တုန်အောင်ပင် လန့်ဖျပ်တုန်လှုပ်သွားမိသည်။ သူ့အမူအရာမှာလည်း နောက်မဆုတ်တော့မည့် ဟန်က အထင်းသား ပေါ်နေသည်။





"ခင်ဗျား ဒီမှာပဲ နေရမယ်၊ မကျေနပ်ရင် ကျွန်တော့်ကို ရိုက်ပစ်လိုက်၊ ပြန်ပို့ဖို့တော့ လုံးဝ စကားမဟနဲ့၊ ကိုအာကာ့အချစ်ကို ရေကုန်ရေခမ်း ကူညီမယ်လို့ ဆုံးဖြတ်ထားလို့ပါ၊ ခင်ဗျားကို ဒေါက်တာ မင်းဒီဟာလက်ထဲ ဘယ်နည်းနဲ့မှ မထည့်နိုင်ဘူး ဒါပဲ"

"ရှင် . . . ရှင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မက ဝိုင်နီမမ မဟုတ်ဘူး"

သူမ ခုမှ ကြောက်လန့်တကြား ပြန်အော်မိ၏။

"ရှင် မှားနေပြီ ကိုရန်ကြီးအောင်၊ ကျွန်မ ရှင့်ကို ဒီည အေးအေးဆေးဆေး ရှင်းပြမယ်ဆိုတာ အဲဒီကိစ္စပဲ၊ ကျွန်မက မမဝိုင်နီရဲ့ စက္ကူထရီပါ၊ ဝိုင်းစိန်မပါ၊ ရှင် တောက်လျှောက် အထင်မှားနေတာ၊ လူလွဲနေတာ"

"ဟား . . . ဟား. . . စက္ကူထရီ"

သူက ဟာသတစ်ခုကို ကြားရသလို မချိမဆန့် ရယ်လိုက်၏။ သူ အဲလိုရယ်လိုက်တဲ့အခါမှာ ငိုးအာရုံထဲ နှုတ်ခမ်းစေ့စ်ခုကို ပြန်းကနဲ သွားမြင်ယောင် အမှတ်ရလိုက်၏။

"ရှင် . . . ရှင် . . . ရှင်က ဦးထုပ်ပိုက်စိုက်ဆောင်းပြီး ကျွန်မနောက်ကို လိုက်ကြည့်နေတဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ဝေါ့စွာ ရေရွတ်မိ၏။ လက်စသပ်တော့ သူပဲ၊ နေသချာသည်။ ရုပ်ပြောင်းရုပ်လွဲအောင် ပုံစံကို တသီးတခြား ပြောင်းလိုက်တာ။ ဝိုင်း မှတ်မိသွားပြီ။

"ဟုတ်တယ်လေ . . . ခင်ဗျားကို သေချာအောင် လိုက်ကြည့်ပြီး လေ့လာထားတာပါ ဝိုင်နီ"

"ဒီလောက် လေ့လာပြီး ရှင် ဝိုင်းစိန်ကို မသိတာ အံ့ပါရဲ့"

"ဘာ ဝိုင်းစိန်လဲ၊ ဘယ်က ဝိုင်းစိန်လဲ၊ ခင်ဗျား သိပ်ပညာမပြနဲ့၊ မလိမ့်တပတ် မလုပ်နဲ့ပ၊ ခင့်ဗျားတို့ လက်ထပ်ပွဲကို ဖြစ်တဲ့နည်းနဲ့ ဖျက်မှာနော်၊ မယုံရင် စောင့်ကြည့်လိုက်၊ ရန်ကြီးအောင်က ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်"

ဝိုင်းရဲ့စကားကို သူက တစ်စက်ကလေးမှ ယုံပုံမရ။

"အင်းလေ . . . ရှင်မယုံလည်း မတတ်နိုင်ဘူး၊ ဒါပေမယ့် ကျွန်မ ဒီမှာ မနေနိုင်ဘူး၊ ပြန်မယ် . . ."

ပြန်မယ်ဆိုတာနှင့် သူက ဝိုင်းပုခုံးကို ပြန်ဖိချပြန်၏။

"ဒီမှာ ဝိုင်နီ . . . ငြိမ်ငြိမ်လေး အေးအေးဆေးဆေး နေနော်၊ သူများ ရည်းစားကို ကျွန်တော် လက်ဖျားနဲ့ မတို့ချင်ဘူး၊ ဒါပေမယ့် ခင်ဗျားရှန်းရင်တော့ ကျွန်တော့်အဆိုးမဆိုနဲ့"





"ရှင့် ရူးနေလားဟင်၊ ဒါ ဘာအဓိပ္ပာယ်လဲ၊ ရှင့်ကို ယုံလို့ ဒီထိလိုက်လာခဲ့တာကို ရှင်က ဒီလို ကြံရက်တယ် ဟုတ်လား ရှင် အင်မတန် ကြောက်စရာကောင်းတဲ့ ယောကျ်ားပဲ၊ ဖယ် . . . ကျွန်မကို မထိနဲ့"

"ခင်ဗျား ထွက်ပြေးမှာစိုးလို့ပါ"

"ကျွန်မ အော်လိုက်မှာနော်"

"အော်ချင်အော် . . . ဂရုမစိုက်ဘူး၊ ဦးညိုကို မိန်းမခိုးလာမယ်လို့ ပြောပြီးသား၊ ခင်ဗျားအော်လည်း သူ ကူညီမှာ မဟုတ်ဘူး၊ နောက်ဖေးက ထမင်းချက်တဲ့တဲထဲကို ရောက်နေလောက်ပြီ"

ဝိုင်းသည် နီးကပ်နေသော သူ့မျက်နှာကို စိတ်ပျက်လက်ပျက် မယုံနိုင်အောင် စိုက်ကြည့်နေမိသည်။

တဖွတ်ထိုး . . . တဖောက်ကန်းနှင့် ထင်ရာစိုင်းတဲ့လူ၊ အလကားလူ . . .။

"ရှင်တော်တော် ရယ်ရတဲ့လူပဲ၊ လုံးဝ ဆင်ခြင်ဉာဏ်မရှိဘူး"

"ခင်ဗျား ပြောချင်ရာ ပြော"

"မမဝိုင်နီက ရှင် ပန်းစည်းလက်ဆောင်လာပေးတဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



ကဘည်းက စက်ာပူ ထွက်သွားပြီ၊ ကိုမင်းသီဟလည်း ပါတယ် သိလား။ ရှင် ပထမဆုံး ရုံးကို ရောက်လာတဲ့နေ့က အတွင်းဖက် မှန်ခန်းလေးထဲမှာ သူတို့ နှစ်ယောက် ထမင်းစားနေတယ်၊ မမ ဝိုင်နီက ကိုအာကာနဲ့ ပတ်သက်တဲ့လူမှန်သမျှ လုံးဝ မတွေ့ချင်ဘူး လို့ မှာထားလို့သာ ရှင်က ကျွန်မကို ဝိုင်နီမမလို့ ထင်တာကို ကျွန်မ မဖြေရှင်းဘဲ ချော်လဲ ရောထိုင် ငြိမ်နေမိတာ၊ ရှင်ပေးတဲ့ လက်စွပ်ကို လက်ခံထားမိလို့ မမက ကျွန်မကို ဆူတယ်၊ သူ့ကိစ္စ အနှောက်အယှက်ပေါ်မှာ သိပ်စိုးရိမ်နေလို့ ကျွန်မက ကူညီတဲ့ သဘောပါ။ ဒါကို ရှင်က ဘုမသိဘမသိနဲ့ ကျွန်မကို ဝိုင်နီမမပဲ ထင်နေတယ်”

“ဟုတ်လား . . . ဪ. . . ဪ”

သူက မခိုးမခန့် သရော်တော်တော် ခေါင်းဆတ်၏။

“ရှင် ခုထိ မယုံဘူးလား”

“ဘာကို ယုံရမှာလဲ”

“ကျွန်မက ဝိုင်းစိန်မ”

“မင်းပြောတဲ့ ဇာတ်လမ်းက မဆိုးပါဘူး”

ဝိုင်းသည် ဘယ်လို သက်သေပြရမှန်း မစဉ်းစားတတ်။





သူမရဲ့ ပုခုံးလွယ်အိတ်ကလေးကို အတင်းလှမ်းဆွဲယူ ကာ တစ်အိတ်လုံး ပေါ်ပေါ် မှောက်သွန်ချသည်။

မှတ်ပုံတင်လည်း မပါ။ ရုံးကတ်ပြားလည်း မပါ။

ကျွတ်. . . အရေးထဲမှာ အိတ်ထဲကို ပိုက်ဆံ၊ တစ်ရှူး၊ မှန်၊ ဘီးနှင့် တိုလီမိုလီလေးတွေပဲ ထည့်လာမိသည်။

ကဲ. . . အခုတော့ ခက်ပြီ။ ဘယ်လိုလုပ်ရမလဲ။

သူမက မမဝိုင်နီရဲ့ ဟန်ပန်စတိုင်လ်အတိုင်း ပိုးရင်ဖုံး လေးတွေ ချိတ်ကလေးတွေ ဝတ်ဆင်ခဲ့သည်။

မမ လှုပ်ရှားမှုကို အတုခိုးသည်။

အဲဒီတော့ လူတိုင်းက သူမကို ကုမ္ပဏီပိုင်ရှင် သူဌေးမ လား ထင်ယောင်ထင်မှားကြမှ သူမက တိပ်တိတ်ကြိတ်ပြီး ဂုဏ် ယူကျေနပ် မာန်ဝင်ခဲ့တာ. . .။

ဒေါင်းယောင်ဆောင်သော ကျီးလိုမျိုး ဖြစ်နေပါပြီ။

ဒါကိုမှ သူက ခေါင်းဆို ခေါင်းပဲ အတတ်စွပ်စွဲနေသည်။

“ဪ . . . ဒီမှာ သူ့ကို ပြန်ပေးဖို့ စိန်လက်စွပ်ဘူး လည်း ပါတယ် . . . ကြည့်. . .”

ဝိုင်းက လက်စွပ်ဘူးကို သူ့လက်ထဲ ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ပြန်ပေးမလို့ ထည့်ယူလာတာ၊ ကိုအာကာ့ပစ္စည်းတာ ကျွန်မနဲ့မှ မဆိုင်တာ"

သူက ဘူးကို ဖျပ်ကနဲ ဖွင့်၍ လက်စွပ်ကို ဆတ်ကနဲ ထုတ်ယူကာ ဝိုင်း မထင်မှတ်သော အံပြုအမူကို ပြုမူလိုက်၏။

"ဟင်. . ."

ဝိုင်းလက်ကို အတင်းဆွဲယူ၍ လက်သူကြွယ်မှာ အဲဒီစိန်လက်စွပ်ကို ဇွတ်ဝတ်ပေးလိုက်၏။

"အို. . . ဝိုင်းနဲ့ မဆိုင်ဘူးဆိုမှ . . . ဘာလုပ်တာလဲ"

လက်စွပ်က ချက်ချင်း ဆွဲချွတ်တာ ချွတ်မရ။

"ညာလို့ မရဘူး တွေ့လား၊ ခင်ဗျားလက်နဲ့ ကွက်တိပဲ"

ဝိုင်းမှာ ငိုရမလား. . . ရယ်ရမလားပင် မသိ။

သူ အပိုင်ပြောနေပုံတွေက စိတ်ညစ်ရှာ ကောင်းလိုက်တာ၊ ဘယ်လို ဖြေရှင်းရမလဲ. . .။

"ဝတ်ထားလိုက်ပါ ဝိုင်နီရယ်. . ."

"ဝိုင်နီ မဟုတ်ဘူး၊ ကျွန်မက ဝိုင်း"

"နာမည်က ဘယ်လိုဖြစ်ဖြစ်၊ ခင်ဗျား ကိုအာကာရဲ့ ဇနီးပဲ ဖြစ်ရမယ်"





"ဘာဇနီးလဲ. . . သေလိုက်ပါလား၊ သူ့ကို တစ်ခါမှ တောင် မမြင်ဖူးဘူး၊ သူလည်း ကျွန်မကို သိမှာမဟုတ်ဘူး"

"အဲဒါတော့ ကိုအာကာ မန္တလေးက ပြန်လာမှပဲ ဆုံးဖြတ်ပစေ"

"ဘာရယ် . . . သူ မန္တလေးက ပြန်လာတဲ့အထိ ကျွန်မက ဒီမှာနေရမယ် . . . ဟုတ်လား"

ရန်ကြီးအောင်က ခေါင်းညိတ်သည်။ ဝိုင်းသည် ဘယ်လို ဖြေရှင်းလို့မှ မရသဖြင့် စိတ်ဓာတ်ကျလာမိ၏။

"ရှင် ထင်ချင်ရာ ထင်တာ အရေးမကြီးဘူး၊ ဒီအိမ်ထဲမှာ ကျွန်မကို ပိတ်လှောင်ထားမယ် . . . ဟုတ်လား"

"ဘာမှ စိတ်မပူပါနဲ့၊ စောင့်ရရင် တစ်ရက်နှစ်ရက်ပေါ့"

"ဘာတစ်ရက် နှစ်ရက်လဲ၊ ကဲ . . . ကဲ"

ဝိုင်း စိတ်တိုတိုနှင့် သူ့ကို ထရိုက် ကုတ်ဖွဲ့ပစ်၏။

သူက ဝိုင်းလက်တွေကို ဖမ်းချုပ်ဆုပ်ကိုင်ထားသည်။

"လွှတ်. . ."

လက်ကို ရုန်းရင်းက ဝိုင်းပါးပေါ်သို့ ဘယ်လိုကဘယ်လို မျက်ရည်တွေ စီးကျလာမှန်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ဗျာ . . . ချစ်သူနဲ့ ပေါင်းရအောင် ကျွန်တော်က တည်တာပါ"

"ဩော် . . . ရှင့်ကို ကျေးဇူးတောင် တင်ရမှာပေါ့လေ၊ တဲ . . . ကဲ"

ဒေါသဖြစ်လွန်းသဖြင့် ဝိုင်းက သူ့ကိုသာ ထုံးကိုး ကြိုးစားနေမိသည်။

သူက ဖမ်းချုပ်ထားတော့ ရုန်းရင်းဆန်ခတ် သူ့ရင်ခွင်ထဲ ထိကပ်ထားသလို ဖြစ်နေသည်။

ရန်ကြီးအောင်လည်း ဒီလိုအခြေအနေမျိုးကို မမျှော်လင့်ထား။

ကိုအာကာ့ချစ်သူမို့ သူ စည်းစောင့်ပြီး၊ အသားချင်း မထိအောင် နေမယ်လို့ ကြိုတင် စဉ်းစားထားတာ။

တကယ်တမ်း သူမက ရုန်းကန် ထုရိုက်နေတော့ သူမ ကိုယ်လုံးကလေးကို နီးနီးကပ်ကပ် ဖမ်းချုပ်ထိန်းသိမ်းရတာ သောချော့ပျကာသည်။

"ခင်ဗျား ငြိမ်ငြိမ်နေစမ်းပါ ဝိုင်နဲ့ရာ၊ ကျွတ်"

"ရှင့်ကို မုန်းတယ် . . . သိလား"





"မုန်းဗျာ . . . မုန်း . . ."

"ရှင် နှမချင်း မစာနာဘူး"

"ကျွန်တော် ခင်ဗျားကို ဘာလုပ်လို့လဲ"

"ဒီအိမ်ထဲမှာ ကျွန်မက ရှင့်နဲ့ နှစ်ယောက်တည်းနေရမှာလား"

"ဦးညိုလည်း ရှိတာပဲ၊ ထမင်းစားပြီးရင် ဟိုအတွင်းခန်းမှာ ခင်ဗျား သွားအိပ်ပေါ့၊ ကျွန်တော် အပြင်က စောင့်ပေးမယ်"

"ဩော် . . . တော်တော် အစီအစဉ်ကောင်းပါလား"

ဝိုင်းက ရွဲ့ပြောမိ၏။ ဒါကိုပင် သူက . . .

"ဟုတ်တယ် . . . ကြိုပြီးတော့ စီစဉ်ထားတာ၊ တကယ်က ခင်ဗျားနဲ့ အစ်ကိုနဲ့ ဒီအိမ်လေးကို ခိုးပြေးလာရမှာ၊ ဒီမှာ ခင်ဗျားအတွက် အဝတ်အစားရော၊ ကိုအာကာအတွက် အဝတ်အစားရော ယူထား၊ ဝယ်ထားပြီးသား၊ စားစရာ သောက်စရာ အခြောက်အခြမ်းတွေလည်း ဦးညိုကို ကြိုဖြည့်ခိုင်းပြီးသား၊ ကိုအာကာက ပြုန်းစားကြီး မန္တလေး ထွက်သွားလို့သာ"

"အို . . . သွားစမ်းပါ။ ရှင် တကယ့်အရူးပဲ"

သူ့ကို ယုံပြီး လိုက်လာမိတာကိုက ဝိုင်းရဲ့ မဟာသမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအပြစ်။

သူ့စကားကို ဆက်လက်နားမထောင်လိုဘဲ နားကို လက်နှစ်ဖက်ဖြင့် ပိတ်ထားမိသည်။

သူ့ကို နားဝင်အောင် ပြောဖို့လည်း ကြိုးစားဖို့မှ မလွယ်ဘဲ။

ဘယ်လို ဝဋ်ကြွေးကြောင့် ညကြီးမင်းကြီးမှာ ဒီလောက် အဝေးကြီးက လူမနီးသူမနီး ငှက်ပျောခြုံကြီးထဲကို ရောက်လာခဲ့ရတာပါလိမ့်။

ပတ်ဝန်းကျင် တစ်ခုလုံးဟာ တောကြီးမျက်မည်းလို တိတ်ဆိတ်ငြိမ်သက်နေသည်။

ပတ်ဝန်းကျင်က အသံဗလံတို့လည်း မကြားရ။

ဝိုင်း ဘယ်လိုလုပ်ရမလဲ။

ဖြစ်ချင်ရာဖြစ်ဆိုပြီးတော့ စိတ်လျှော့ပြီး သူ့ကို အရှုံးပေးရမှာလား။

ဒီကနေ ရတဲ့နည်းနဲ့ ထွက်ပြေးရမှာလား။

သူက ဝိုင်းနဲ့ နားပိတ်ထားတဲ့ လက်ကို ဆွဲဖယ်ပြီး. . .

"ဘာဖြစ်လို့လဲ"





"ရှင့်အသံကို မကြားချင်လို့"

"စိတ်ပင်ပန်းလည်း သိပ်မခံပါနဲ့၊ ကားစီးရတာ ညောင်းလာတယ် မဟုတ်လား၊ အခန်းထဲမှာ သွားနားပါလား ဝိုင်နီ"

ဩော် . . . ဒီက ဟန်းနီးမွန်း ထွက်လာသလို သက်တောင့်သက်သာ သွားနားရဦးမတဲ့။

"အပိုတွေ လာမပြောနဲ့"

"ထွက်ပြေးဖို့တော့ စိတ်မကူးနဲ့နော်"

ဝိုင်းက သူ့ကိုတော့ လုံးဝ မကြောက်မိ။ စိတ်နာနာနှင့် မျက်စောင်းသာ ဖိရွယ်မိ၏။ ရန်ကြီးအောင်ကတော့ ဘက်ထရီမီးချောင်းရဲ့ အလင်းရောင်အောက်မှာ သူမမျက်နှာလေးကို နီးကပ်စွာ ခပ်ငေးငေး ကြည့်နေမိသည်။

မျက်ရည်က မခြောက်တခြောက်နှင့် ဆံပင်လေးတွေက ပွနေသည်။ မျက်လုံးလေးတွေကတော့ သူ့ထံ မကျေမနပ်နှင့် စူးစူးရဲရဲ တုန့်ပြန်စိုက်ကြည့်လျက်။

ဒီလောက်လှတဲ့ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် ကိုအာကာလည်း ရောက်တဲ့နေရာကနေ ဝမ်းသာအားရ ပြန်လှည့်လာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်သူဆိုတာ မသိဘဲ မြင်ကာစက သူ့နှလုံးသား တွေ ဝုန်းဒိုင်းကြဲအောင် ခုန်ခဲ့မိသေးတာပဲ။

အခုတော့လည်း စေတနာသက်သက်နှင့် သူမကို ရအောင် ခေါ်လာခဲ့မိတာ။

"ဝိုင်နီ..."

"သွား ...လာမခေါ်နဲ့၊ အဲဒါ ကျွန်မနာမည်လည်း မဟုတ်ဘူး"

တကယ်တော့ သူမက ဝိုင်နီဆိုသောအမည်နှင့် တကယ်ပဲ လိုက်ဖက်ပါပေသည်။ အနီရောင် ဝိုင်ချိုလေးတစ်ခွက်လိုပဲ ရီဝေယစ်မူးသွားအောင် ညှို့ငင်ဖြားယောင်းနိုင်သည်။

"ခင်ဗျား ထွက်ပြေးရင် ရုပ်ပျက်ဆင်းပျက် ဖြစ်မယ်နော်၊ ဒီမှာပဲ ကောင်းကောင်းနေ"

"ရှင်က ဘယ်သွားမလို့လဲ"

"ဦးညိုကို ထမင်းပွဲ ပြင်ခိုင်းမလို့လေ"

"ကျွန်မ မစားဘူး"

"ဟာ ... ဘယ်ဖြစ်မလဲ၊ ညစာ စားချင်ပြီဆို ဝိုင်နီဆာပြီ မဟုတ်လား"





"မဆာဘူး ... ရှင့်ကို အမြင်ကပ်လို့ ရင်တွေပြည့်နေပြီ"

"စိတ်ဆိုးနေတုန်းပဲလား ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ အခြေအနေက မလွှဲသာလို့ပါ၊ နားလည်ပေးပါ"

"အို ... မသိဘူး၊ သွား ... ရှင်ထွက်သွား"

"သွားမှာပါ ... ကောင်းကောင်းနေနော်"

"မနေဘူး"

"ကိုအာကာနဲ့ လက်ထပ်ပြီးရင် ဝိုင်နီ ပျော်မှာပါ၊ အဲဒီကျရင် ကျွန်တော့်ကိုတောင် ကျေးဇူးတွေ တင်ဦးမှာ"

"ဘာကျေးဇူးလဲ၊ မဝိုင်နီဆိုရင်တော့ ဘာလုပ်မလဲ မသိဘူး၊ ကျွန်မကတော့ ရှင် အဲလို တဇွတ်ထိုး ထင်ရာလျှောက်လုပ်နေတာနဲ့ သေချင်စော်နံနေပြီ"

"စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့ဗျာ၊ စိတ်ရင်းနဲ့ ကူညီတာပါ"

"ဘာစိတ်ရင်းလဲ၊ ရှင် မိန်းကလေးတစ်ယောက်ကို အနိုင်ပိုင်း ခေါ်လာတာပဲ၊ ကျွန်မဆန္ဒ မပါဘဲနဲ့..."

"ဟာ ... ခင်ဗျားဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားအတွက် သူ ရှက်ဒ်ပြင်းသွားရ၏။

"ဟုတ်တယ်လေ. . ကျွန်မပြောတာ မဟုတ်ဘူးလား"

"အစ်ကိုက ခင်ဗျားကို ချစ်တယ်လေ၊ ခင်ဗျားကလည်း အစ်ကို့ကို ချစ်လို့သာ နှစ်နှစ်သုံးနှစ် တွဲခဲ့တာမို့လား"

"ရှင့်အစ်ကိုကို အခုချက်ချင်း ကျွန်မရှေ့ ဆွဲခေါ်လာပြစမ်းပါ၊ ကျွန်မက ဝိုင်နီလား. . . ဘယ်သူလဲဆိုတာ ရှင်သိသွားမယ်"

"ဟား . . . ဟား. . . ဟား"

"ဘာရယ်တာလဲ"

"ဝိုင်နီရယ် . . . ခင်ဗျားက လှသလောက် ဉာဏ်များချင်တာပဲ၊ ကြမ်းပိုး မြင်နေတာတောင် လိပ်ပါလို့ ပြောင်ပြင်းနေတယ်"

"ဘာရယ် . . . ရှင်က ကျွန်မကို ဂျပိုးတေလေမလို့ ပြောတာပေါ့လေ"

"မဟုတ်ပါဘူး . . . ခင်ဗျားရဲ့ ပလီပလာစကားလေးတွေကို သဘောကျလို့ပါ၊ လုပ်ကြံပြောတတ်တဲ့နေရာမှာတော့ တကယ်တော်တာပဲဗျာ . . . နော်"





"မယုံရင်လည်း နေတော့ရှင်"

ဝိုင်းလည်း မောလာပြီ။ သူနှင့် စကားနိုင် မလုနိုင်တော့။

ညနေခင်းက ကော်ဖီလေးတစ်ခွက်ပဲ သောက်ထားတာမို့ ဗိုက်ကလည်း တကြုတ်ကြုတ် ဆာလောင်လာပြီ။

ပြီးတော့ စိတ်လှုပ်ရှားရ၊ စိတ်ဆိုးရနှင့်မို့ ရင်ထဲလည်း ကတုန်ကယင်ကြီး ဖြစ်နေပါသည်။

ဒါကြောင့် ကုလားထိုင်မှာ အရုပ်ကြိုးပြတ် မှီထိုင်နေမိတော့သည်။ သူက အပြင်ကနေ တံခါးပိတ်၍ အိမ်ကလေးရဲ့ လှေကားထစ်မှ ဆင်းသွားသည်။

သူ့ခြေလှမ်းတွေက ဦးညိုရဲ့ ထမင်းဟင်းချက်တဲ့ တဲလေးဆီသို့ ဦးတည်လိုက်သည်။

ခဏအကြာမှာပဲ သူ ပြန်ရောက်လာ၏။

သစ်သား ထမင်းစားပွဲအဝိုင်းလေးကို အိမ်ရှေ့ဧည့်ခန်းမှာပဲ ခင်း၍ ပလပ်စတစ် စားပွဲခင်းတစ်ခုကို သူကိုယ်တိုင်ပဲ ခင်းသည်။

ဦးညိုက ကိုယ်တိုင် ချက်ပြုတ်ထားသော ထမင်းဟင်းအိုးတို့ကို တစ်အိုးပေါ် တစ်အိုး ထပ်ဆင့်၍ ယူဆောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒန်အိုးတွေက မည်းတူးမနေ၊ မီးသွေးမီးဖိုနှင့် ချက်ထားဟန်တူသည်။

ပန်းကန်ခွက်ယောက် အသစ်တွေ ထုတ်ပြီး ခူးခတ်ပေး၏။

ချဉ်ပေါင်ဟင်း ပူပူနဲ့ ရနံ့က မွှေးပျံ့စွာ ဆွဲဆောင်သည်။ ကြက်သားဆီပြန်ဟင်းလည်း ပါသည်။ ငါးခြောက်ဟင်းနှင့် အသီးအရွက်ကြော်လည်း ပါသည်။

ဘယ်အချိန်ကတည်းက စီမံထားသလဲ မသိ။

သူ့ရဲ့ ကြိုတင်တွက်ကိန်းနှင့် အစီအစဉ်တွေပဲပေါ့။

ပထမတော့ ဝိုင်းက ထမင်းပွဲဖက် မျက်နှာလွှဲကာ မစားဘဲ စိတ်ကောက်နေပစ်လိုက်ဖို့ ရည်ရွယ်သည်။

သို့သော် ပြန်စဉ်းစားတော့လည်း ညကြီးသန်းခေါင် ဒီကနေ အသာလစ်ပြေးရချင်လည်း ပြေးရဦးမည် မဟုတ်လား။

ထမင်းစားထားမှသာ လူက အားရှိပြီး ပြေးနိုင်လွတ်မြောက်နိုင်မှာလေ။

ဘာပဲဖြစ်ဖြစ် သွေးအေးအေးနှင့် အလိုက်သင့်နေပြီး ကိုရန်ကြီးအောင်ကို အယုံသွင်းရမည်။





သူ့ဖက်က စိတ်ချလက်ချ ရှိပြီဆိုမှ သူ့ကားသော့ကို အသာခိုးပြီး သူ့ကားပေါ် တက်မောင်းပြီး ပြေးရမှာပဲ။

အခြေအနေကို ကြိုးမပြောနိုင်သေးသဖြင့် ကိုယ့်ဝမ်းကိုယ်တော့ အာဟာရ ဖြည့်တင်းထားရမည်။

“ဝိုင်နီ . . . လာလေဗျာ၊ ထမင်းပူပူ . . . ဟင်းပူပူလေးနဲ့ စားကောင်းမှာပါ၊ ခင်ဗျားကြိုက်တဲ့ ဟိုတယ်စာတွေကိုတော့ ဘယ်မီမလဲ၊ မဟုတ်ဘူးလား”

သူက ဝိုင်းကို ဟိုတယ်စုံမှာ ထမင်းတက်စားနိုင်တဲ့ ဝိုင်နီမမလို့သာ ထင်မြင်ယူဆနေတုန်း။

သုံးဆောင်ပါ သမီးလေး . . . ဒီအိမ်မှာ ဘာမှ အားနာစရာ မလိုဘူးနော်၊ လိုအပ်ရင် ဦးလေးကို ခေါ်လိုက်ပါ”

ဦးညိုဆိုသော အဘိုးကြီးမှာ ရိုးရိုးသားသားနှင့် အလွန်သဘောကောင်းဟန်ရှိသည်။

သောက်ရေကအစ၊ လက်သုတ်ပုဝါ၊ သွားကြားထိုးတံအဆုံး အဆင်သင့် ယူထားပေးသည်။ ပြီးလျှင် အချိုတည်းစရာ သင်္ဘောသီးနှင့် ငှက်ပျောသီး ဖီးကြမ်းပါ အဆင်သင့်။

“ကဲ . . . ခင်ဗျား လာစားမှာလား၊ ခွဲကျွေးရမှာလား”



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက မျက်စောင်းတဝင့်နှင့် ကုလားထိုင်ပေါ်ကနေ ဆောင့်အောင့် လာထိုင်လိုက်တာကိုပဲ ရန်ကြီးအောင်က ကျေနပ်သွားမိပါသည်။

ဝိုင်းကလည်း သူ့စိတ်ကူးနှင့် သူ. . .။

နှုတ်ခမ်းစူစူလေးနှင့် ငုတ်တုတ်ထိုင်နေမိလျှင် ရန်ကြီးအောင်က သူမပန်းကန်ထဲသို့ ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ခပ်ထည့်ပေးပါသည်။

အရသာ တွေ့မည်ဟု မထင်သော်လည်း လတ်ဆတ်သည့် ကြက်သား ကာလသားချက် မွှေးမွှေးစပ်စပ်လေးက မထင်မှတ်အောင် ထမင်းမြိန်စေ၏။

အသီးအရွက်တွေကို ခရုဆီနှင့် ခပ်စိမ်းစိမ်းလေး ကြော်ထားတာလည်း အရမ်းကောင်းသည်။

ကန်စွန်းပလိန်းသည်ပင် ချိုအိပြီး စိမ့်နေသည်။

ရန်ကြီးအောင်က အိုက်တင်မများဘဲ ဆံနွယ်လေးတွေ ဖရိုဖရဲနှင့် ထမင်းငုံ့စားနေတဲ့ ဝိုင်နီမျက်နှာလေးကို ချစ်စနိုး ကြည့်နေမိသည်။

"ကောင်းရဲ့လား ဝိုင်နီ"





"အင်း. . ."

စားကောင်းသဖြင့် ဟန်မဆောင်ဘဲ စားလိုက်ရာ၊ ထမင်းတစ်ပန်းကန် ခဏလေးနှင့် ကုန်သွားပါသည်။ ရန်ကြီးအောင်ကလည်း ပီတိနှင့် သူမ ပန်းကန်ထဲ ဟင်း ထည့်ပေးတုန်း. . .။

"တော်ပြီ . . . ဝပြီ"

"ဟုတ်ရဲ့လား . . . ထည့်ပါဦး"

"ဟင့်အင်း. . ."

"ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော်တို့ရဲ့ ဆင်းရဲသားထမင်းဟင်းကို ချေးမထူတဲ့အတွက်"

"ကျွန်မကလည်း ဆင်းရဲသားပဲ၊ မမဝိုင်နီနဲ့ အမျိုးတော်တယ်ဆိုပေမယ့် ဝိုင်းတို့ မချမ်းသာပါဘူး ကိုရန်ကြီးအောင်၊ ရှင်မကြည့်တတ်လို့ပါ၊ ဝိုင်းက တောသူမပါ၊ စမ်းချောင်းက တိုက်ခန်းလေးမှာ ဖုန်းနဲ့ဘာနဲ့ ကျကျနန နေရတယ်ဆိုတာလည်း မမဝိုင်နီက ပေးနေထားလို့ပါ၊ မယုံရင် ဝိုင်းသူငယ်ချင်း နုနုသွယ်ကို မေးကြည့်၊ အင်း . . . သွယ်လည်း ဒီမနက်ပဲ ပဲခူးပြန်သွားတယ်၊ ရုံးကလည်း ဆယ်ရက် ပိတ်သွားပြီ၊ ကျွန်မ ဝိုင်နီမမ မဟုတ်ဘူးဆိုတာ ရှင့်ကို ဘယ်လို သက်သေထူရမလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ဒီလောက် သက်သေမထူပါနဲ့"

"ရှင် ဘာလို့ မယုံတာလဲ"

"စိတ်ချ . . . ဝိုင်နီ ဘယ်လိုပဲ ပြောပြော၊ ကျွန်တော့် ဆုံးဖြတ်ချက်ကို ပြင်မှာ မဟုတ်ဘူး"

"ကဲရှင် . . . ဒီလောက်တောင်းပန် ရှင်းပြနေတာတောင် ရှင်က နားမဝင်ဘူး ဆိုတော့လည်း မတတ်နိုင်တော့ဘူး"

ဝိုင်းက စိတ်ပျက်ပျက်နှင့် နှုတ်ဆိတ်သွားပါတော့သည်။

ကိုရန်ကြီးအောင်က ထမင်းစားပွဲကို သိမ်းသည်။

ပြီးလျှင် သူ့ဖာသာ စီးကရက်တစ်အလိပ်ကို အေးအေးဆေးဆေး မီးညှိရှိုက်ဖွာနေလိုက်ပါသည်။

အပြင်ဖက်မှာ သစ်ကိုင်းတွေ အသံမြည်အောင်ပင် လေက ခပ်ပြင်းပြင်း တိုက်ခတ်နေသည်။

ဖွင့်ထားတဲ့ ပြတင်းပေါက်တံခါးတွေ တဒုန်းဒုန်း ရိုက်ကုန်၍ သူက တံခါး ဆွဲပိတ်သည်။ တံခါးပိတ်နေစဉ်မှာပဲ မိုးက မထင်မှတ်ဘဲ ရွာလာသည်။ ဒါ သကြံ့န်ကို ကြိုဆိုတဲ့မိုးပဲလား။

ဆိတ်ငြိမ်သော ပတ်ဝန်းကျင်မှာ မိုးရွာနေသံကပင် ခြောက်ခြားစရာ ကောင်းသလို ဖြစ်နေ၏။





ဒီသစ်သားအိမ်လေးထဲမှာ ကိုရန်ကြီးအောင်သာ ရှိမနေဘူးဆိုရင် သူမ ဘယ်လိုမှ တစ်ယောက်တည်း နေရဲမှာ မဟုတ်ပေ။

ဘက်ထရီ မီးချောင်းရဲ့ အလင်းရောင်ကလည်း တစ်စထက်တစ်စ ပိုမှိန်လာသလိုပင်။

ဝိုင်းသည် ကိုယ်လက်တွေ ညောင်းညာ တောင့်တင်း၍ ဝိုက်မြည်းစပြုလာသည်။

ဘယ်လိုမှ တင်းထားလို့ မရတော့ပေ။

"အခန်းထဲမှာ သွားအိပ်လိုက်ပါလား"

ဝိုင်းလည်း ဘာမှ ရှည်ရှည်ဝေးဝေး မတွေးနိုင်တော့ပါ။

ဇာစ်ခါတရံမှာ လက်တွေ့ကြုံလာရသော အဖြစ်အပျက်လေးတွေက ဂ်ယ် ဘယ်လိုမှ တွေးမထားတတ်အောင် ဆန်းကြယ်နေသည်။

မိုး တစိမ့်စိမ့်ရွာသော စနေညတစ်ညမှာ ဝိုင်းက သစ်သားအိမ်လေးတစ်လုံးထဲ ကိုရန်ကြီးအောင်နှင့်အတူတူ ရှိနေရသတဲ့။

အတွင်းခန်းထဲသို့ ဝင်လာသောအခါ ဝိုင်းက သူသေသော ဖယောင်းတိုင်လေးတစ်တိုင်ကို ထွန်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စတာအရွယ်ဆိုဒ် ကုတင်တစ်လုံးမှာ မွေ့ရာခင်းဖြူဖြူကို ပြန့်ပြန့်ခန့်ခန့်တလေး ခင်းပြီးသား။

ခေါင်းအုံးစွပ်ဖြူဖြူနှင့် ဂွမ်းစောင်လည်းအသင့်။

ဝိုင်းက မွေ့ရာလေးပေါ် လဲလျောင်း၍ မျက်စိကို စုံမှိတ်ထားလိုက်သည်။

ပြီးမှ . . . ဖယောင်းတိုင်မီးကို သတိရ၍ ဟူးကနဲ လှမ်းမှုတ်ပစ်လိုက်သည်။

အခန်းတွင်းမှာ မှောင်သွား၏။ သို့သော် အပြင်က အလင်းရောင်လေးတော့ ရှိနေပါသည်။

ဝိုင်း အိပ်ပျော်ကာနီးမှာ မိုးရွာသံတဖျောက်ဖျောက်နှင့် အတူ ဂစ်တာသံလေးပါ ကြားရသည်။

ရန်ကြီးအောင်က ပျင်းပျင်းနှင့် ဂစ်တာထိုင်ခေါက်ကာ တစ်ယောက်တည်း သီချင်းဆိုနေတာ ဖြစ်သည်။

. . . အချစ် . . အောင်မြင်ခြင်းရဲ့တန်ခိုးရှင်ပါ . . .
စွမ်းအားများပေးပါ . . . အချိန်အခါကျရောက်လို့
လာပြီ . . .
ဘဝကြုံမယ် မသိကိန်းများစွာနဲ့ . . .





လျှို့ဝှက်တဲ့ ပုစ္ဆာများ . . .
ကိုယ်ဖြေရှင်းဖို့ အင်အားများ . . .
အတူတူတွဲ . . . မင်းလက်များ ခိုင်ရဲ့လား . . .
ဒီတိုက်ပွဲတိုက်နိုင်ဖို့ ခုခံအား . . .
သိမ်မွေ့သော မင်းအချစ်များ ဆုပ်ကိုင်ရင်း . . .
ကမ္ဘာမြေဆုံးတဲ့ထိတိုင် . . .
အချစ်အတွက်နဲ့ ကူးခတ်ဆဲ . . .
ကမ်းစပ်မဲ့တဲ့ ဘဝလှိုင်းတွေထဲ . . .
အချစ်အတွက်နဲ့ ပျံသန်းဆဲ . . .

အိပ်ချင်မူးတူး ရီဝေဝေအာရုံလေးမှာ ဝိုင်းနားထဲ သူ့အသံ ချိုရှရှလေးက တိုးဝင်နေသည်။

သူက ဂစ်တာ တီးခတ်ရာမှာ ပိုင်နိုင်ကျွမ်းကျင်ပုံရသည်။ ဆိုပုံဆိုပေါက်ကလည်း တကယ့် ဂဆိုတော်တစ်ယောက် လာဆိုနေသလား မှတ်ရအောင် အဝင်အထွက် အတက်အကျတွေက သေသပ်သည်။

ဝိုင်းကတော့ ဒီအချိန်မှာ စိတ်အေးလက်အေး သီချင်းဆိုနေနိုင်သော သူ့ရဲ့ သွေးအေးမှုကို အံ့သြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တကယ် ဘာကိုမှ အပူအပင် မထားတဲ့လူ. . .။

လောကကြီးကို ပျော်ပျော်လေးသာ ဖြတ်သန်းသွားမည့် သူး သူ့ရဲ့ စိတ်နေစရိုက်သဘာဝလေးကို နှစ်သက်မိ၏။

အပြင်ဖက်မှာ ကိုရန်ကြီးအောင် ရှိနေ၍ ဝိုင်းရင်ထဲမှာ လုံခြုံမှုတစ်မျိုး ရှိနေသည်။

သူဟာ အရင်တုန်းက ဝိုင်းရဲ့အနောက်မှာ အရိပ်တစ်ရိပ် လို လိုက်နေတတ်တဲ့ ဦးထုပ်ဒိုက်စိုက် ဆောင်းတတ်တဲ့သူပဲတဲ့။

ဝိုင်းကို စိတ်ဝင်တစား စောင့်ကြည့်ခဲ့သူက ရည်မွန်သန့် ပြန့်တဲ့ ကိုရန်ကြီးအောင်ပဲတဲ့။ သို့သော် သူ့ရဲ့ နွေးထွေးလှိုက်လှဲ သော၊ ငြိတွယ်နစ်မျောဟန်တို့က ပျောက်ကွယ်ခဲ့ပြီ။

သူက ဝိုင်းကို ဝိုင်နီမမလို့ပဲ တထစ်ချ ထင်သတဲ့။

ရယ်စရာ မကောင်းဘူးလား။

ဝိုင်းမှာ ဝိုလည်း ဝိုချင်။ ဝမ်းလည်း နည်းမိသည်။

သူ့စကား အခွန်းစေ့ကို ဝိုင်း ယုံကြည်ပေမယ့် ဝိုင်းရဲ့ စကားလေးတစ်ခွန်းကို သူ ဘာကြောင့် မယုံကြည်နိုင်သလဲ။

ကိုယ်ပေးမိတဲ့ အရာနှင့် ကိုယ်ပြန်ရတဲ့အရာဟာ သိပ်ကို ကွာခြားလွန်းတော့လည်း ဝိုင်းက သူ့ကို စိတ်နာချင်ပါသည်။





ဝိုင်းရဲ့ ဂုဏ်သိက္ခာအပြည့်နဲ့ မိန်းမသားဘာဝလေးကို သူ ပစ်စလက်ခတ် ဖန်တီးရက်သည်။

တကယ်လို့ ဝိုင်းက သူထင်နေတဲ့ ဝိုင်နီမမ မဟုတ်ဘဲ တခြား မိန်းမတစ်ယောက်ဖြစ်နေရင် သူ့အမှားအတွက် ဘာနှင့် လျော်ကြေး ပြန်ပေးမှာတဲ့လဲ။

*တို့ အသာယာဆုံး . . . အချစ်တိုင်းပြည်ရယ်. .*
*တစ်နေ့နေ့တော့ ရောက်မယ်. . .*
*ရင်ခွင်ထဲ မင်း အမောဖြေကွယ်. . .*
*ဘာဝအကြိမ်ကြိမ် အရှုံးနဲ့ လဲပြိုခိုက်. . .*
*အနမ်းများနဲ့ ဖေးကူလိုက်. . .*
*မလိုသူတွေဟာ တို့နှစ်ယောက်ကြား. . .*
*လှုလစ်တုန်း သွေးခွဲမယ့်လေပြေများ. . .*
*ကိုယ်နဲ့မင်း အချမ်းသာဆုံး. . .*
*ကိုယ်ကျင့်တရား. . .၊ ကွယ်ရာလည်း တို့ရင်ထဲ*
*ညီညာဆဲ. . . ကမ္ဘာမြေဆုံးတဲ့ထိတိုင်. . .*
*အဆုံးအစမဲ့တဲ့ ကောင်းကင်နက်ထဲ. . .*
*အချစ်အတွက်နဲ့ ကူးခတ်ဆဲ. . .*



www.burmeseclassic.com

www.burmeseclassic.com



တမ်းစပ်မဲ့တဲ့ ဘဝလှိုင်းတွေထဲ. . .

အချစ်အတွက်နဲ့ ပျံသန်းဆဲ. . .

အချစ်အတွက်နဲ့ ပျံသန်းဆဲ. . .

အချစ်အတွက်နဲ့ ပျံသန်းဆဲ. . . . . .

ရင်ထဲမှာ အလိုမကျသော အတွေးများနှင့် မွန်းကြပ်နေသော်လည်း ပင်ပန်းနွမ်းလျနေပြီဖြစ်သော အာရုံတွေကတော့ သီချင်းသံတိုးတိုးလေးက ချော့သိပ်နေသလို တဖြေးဖြေးနှင့် မျက်တောင်လေးတွေ မေးမှိတ်ကာ အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေသည်။





သူ့မပါးပြင်ကို တစ်စုံတစ်ယောက်က ဖွဖွလေး ထိကပ်နမ်းရှိုက်နေသလို ခံစားရသည်။

နှလုံးသားမှာ လိပ်ပြာလေးတစ်ကောင် လာနားပြီး တောင်ပံလေး တဖျပ်ဖျပ်ခတ်နေသကဲ့သို့ ညွတ်နူးသောအာရုံဟာ မိန့်မိန့်မူးမူးနှင့်. . .။

သူမနဖူးပြင်လေးဆီမှာလည်း နွေးကနဲ. . .။

"မင်းကို သိပ်ချစ်တယ်ကွာ"

နားထဲမှာ တိုးတိတ်ငြင်သာသော အသံလေးကိုလည်း ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမမျက်လုံးတွေက ဖွင့်မရ။

ကြင်နာယုယနေဖသော တစ်စုံတစ်ယောက်ဟာ ဘယ်သူလဲဟု သူမ မျက်လုံးတွေဖွင့်ပြီး ကြည့်လိုက်ချင်သည်။

ဤမျှ ငြင်သာသော အနမ်းလေးများကို သူမ အရင်က တစ်ကြိမ်မှ မခံစားဘူးတာ သေချာသည်။

"ရှင် ဘယ်သူလဲ. . . ဘယ်သူလဲဟင်"

"မင်းကို ချစ်တဲ့သူပါ"

သူက ခပ်တိုးတိုး ဖြေသည်။ သို့သော် သူ့အသံကို မကျွမ်းဝင် မရင်းနှီး။

သူမရဲ့ အပေါ်အောက် မျက်တောင်တို့ဟာ အချင်းချင်း ပူးကပ်စေ့ပိတ်နေသလို မျက်လုံးကို အားယူဖွင့်လည်း ဖွင့်မရ။

ဒါပေမယ့် သေချာတာတစ်ခုက သူမ နိုးနေပြီ။

အနားမှာ တစ်စုံတစ်ယောက် ရှိနေတာကိုလည်း အလိုလို သိနေသည်။

"ဟင့်အင်း . . . ရှင် ဖယ်ပါ"

"ကိုယ် မင်းနားမှာပဲ အခုလို နေချင်တယ်၊ မင်းကို တစ်သက်လုံး ဖက်ထားချင်တယ်"





"အို. . . "

သူက ပြောပြောဆိုဆို သူမကို ကျစ်ကျစ်တိုးဖက်ထားသည်။

သူ့ရင်ခွင်ရဲ့ နွေးထွေးသော အငွေ့အသက်မှာ သူမဟာ ခြင်းဆန် မရုန်းကန်နိုင်ဘဲ ငြိမ်သက်နစ်မျောနေမိသည်။

သူက အားတက်သွားသလို သူမနှင့် ပါးချင်းထိကပ်ထားသည်။

သူ့ရဲ့ အသက်ရှုသံနှင့် ထွက်သက်ငွေ့ငွေ့ကို သူမ တွေ့ထိ ခံစားနေရသည်။

တခဏ ငြိမ်နေမိပြီးလျှင် သူမက အလန့်တကြား ရုန်းဖယ်သည်။

သူ့ရင်ဘတ်ကို လက်ဖဝါးနှစ်ဖက်ဖြင့် စုံတွန်းထုတ်နေသည်။

"ရှင် ထွက်သွားနော်၊ မသွားရင် ကျွန်မ အော်လိုက်မှာ"

"အော်ချင်သလောက် အော်လေ၊ ကိုယ် ဂရုမစိုက်ဘူး"

သူ့မျက်နှာဟာ သူမမျက်နှာလေးပေါ် အုပ်မိုးလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ထပ်နမ်းရှိုက်ရင် သူမစိတ်တွေ လျှော့ယိုင်အရှည်ပျော်မှာ စိုးသည်။ သူ့ရင်ခွင်ထဲက ရုန်းထွက်နိုင်မှ ဖြစ်မည်။

အချိန်မီ ရုန်းထွက်ရမည်။

"အိုး . . . ဟင့်အင်း. . ."

နှုတ်က အသံတစ်ခု ဝိုးတဝါး အော်ဟစ်ရင်းနှင့် ဝိုင်းစိန်မ ဖျပ်ကနဲ လန့်နိုးလာခဲ့သည်။

ထို့အတူ အိမ်ရှေ့က နှစ်ယောက်ထိုင်ကုလားထိုင်မှာ ဒူးကွေး၍ ကပ်သီးကပ်သပ် အိပ်မောကျနေသော ရန်ကြီးအောင်လည်း တစ်ပြိုင်နက်တည်းလို ဖျပ်ကနဲ နိုးလာပါသည်။

အား . . . တော်ပါသေးရဲ့ကွာ။

အိပ်မက် . . . အိပ်မက်မို့လို့။

ငါ မဆင်မခြင်နဲ့ ဟိုကောင်မလေး အခန်းထဲ ယောင်ပြီး ဝင်သွားမိသတဲ့။

ပြီးတော့ ချစ်စရာကောင်းအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ သူမနားမှာ အသာဝင်လှဲလိုက်သတဲ့။

အဲဒီနောက်မှာ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ သူမ မျက်နှာလေးကို စိမ်ပြေနပြေ ထိကပ်နမ်းရှိုက်နေမိသည်။





ပါးလေးကို နမ်းလိုက်၊ နဖူးလေးကို နမ်းလိုက်နဲ့ အကြာကြီးပင်။

နှုတ်ခမ်းဖူးဖူးလေးကို ထိတွေ့ဖို့ ကြိုးစားတဲ့အချိန်မှာပဲ ကောင်မလေးက နိုးသွားပြီး သူ့ရင်ဘတ်ကို အလန့်တကြား တွန်းထုတ်တာ။

ဒါကိုတောင် သူက ချစ်တယ်လို့ နှုတ်က တဖွဖွရေရွတ်ပြီး ဖက်ထားမိသေးသည်။

ဝိုင်နီက တခဏငြိမ်သက်သွားပြီးမှ သူ့ကို တအား ဆောင့်တွန်းလိုက်တာမို့ သူ ကုတင်ပေါ်ကနေ အောက်ကို ဝုန်းကနဲ ပြုတ်ကျသွားသည်။

ကျပြီဟ့ဆိုပြီး လူက တုန့်ကနဲဖြစ်ကာ နိုးလာပါသည်။

သူ မျက်လုံး ဖွင့်လိုက်မိတဲ့အချိန်မှာပဲ အတွင်းခန်းက မသဲမကွဲအော်သံလေးကိုလည်း တဆက်တည်း ကြားရတာမို့ ရန်ကြီးအောင်က စူးစိုက်နားထောင်လိုက်သည်။

ဝိုင်နီ ဘာဖြစ်တာပါလိမ့်။ ယောင်အော်လိုက်တာလား။

ဝိုင်းသည် ကုတင်ပေါ်မှာ အသာအယာ ထထိုင်၍ ရင်ဘတ်ကို လက်ကလေးနှင့် ဖိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . . ဘုရား. . . ဒါက ဘယ်လိုအိပ်မက်ပါလိမ့်။

ရင်ထဲမှာ ရှက်ပူနွေးစွာ တုန်ခါကျန်ရစ်နေဆဲ။

အခုန်ကြမ်းနေတဲ့ ရင်ကလေးကို ဖိကာ သူမ ငြိမ်သက်နေမိသည်။

အခုန သူမ့ပါးစပ်က ဘာများ ယောင်အော်မိပါလိမ့်။

ကိုရန်ကြီးအောင်လို့ နာမည် မခေါ်မိတာဘဲ တော်ပါသေးရဲ့။

အိပ်မက်ကလည်း နော်. . . ကပ်သီးကပ်သပ်။

သူလည်း ဒီလိုလူစား မဟုတ်တာ ဝိုင်း သိသားနဲ့။

ဝိုင်းသည် အိပ်ရာက နိုးသွားပြီဖြစ်သဖြင့် အခုန လက်ကနေ ချွတ်ထားတဲ့ ရွှေရောင်နာရီလေးကို အမှောင်ထဲမှာ စမ်းလိုက်သည်။

ဟော . . .။

နာရီကိုတော့ စမ်းမိပါရဲ့။

မီးစုန်းလက်တံ မဟုတ်တော့ အမှောင်ထဲမှာ ဘာမှ မမြင်ရ။

အခု ဘယ်အချိန်ရှိပြီလဲ။





ကြက်တွန်သံတွေဘာတွေ မကြားရဘူးဆိုတော့ မိုးမလင်းသေးတာ သေချာသည်။

အင်း . . . ငါ တစ်ရေးနိုးလာပုံကလည်း. . .။

အာခေါင်ထဲမှာ ခြောက်သွေ့ပြီး သူမ ရေဆာလာသည်။

ရေထွက်သောက်ရမည်။

ဝိုင်းက ကုတင်ပေါ်မှ ဆင်းတာ ခြေသံဖွဖွနှင့် အပြင်သို့ ထွက်လာခဲ့သည်။

အပြင်မှာ တိတ်ဆိတ်လို့။

ကြည့်လိုက်တော့ ဟော်လိုက်စ်တာကို ခေါင်းရင်းမှာ ထောင်ထားပြီး ကိုရန်ကြီးအောင်က ကုလားထိုင်ပေါ် အိပ်ပျော်နေသည်။

သို့ပေမယ့် သူမခြေသံကြားတာနှင့် ဆတ်ကနဲ ခေါင်းထောင်ကြည့်၏။

"ဘာဖြစ်လို့လဲ ဝိုင်နီ"

သူက ဂရုတစိုက် မေးသည်။

"တစ်ရေးနိုးတာလား"

"အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"အခုနခင်ဗျား တစ်ခုခု ယောင်အော်မိသေးလား"

သူမ မလုံမလဲ ခေါင်းလေးယမ်းကာ. . .

"မယောင်ပါဘူး"

ဟု ပြောင်ပြင်းလိုက်မိသည်။ စောစောက အိပ်မက်ကြောင့် သူ့ကို ဝိုင်း အလိုလိုနေရင်း စေ့စေ့မကြည့်ရဲသလို ဖြစ်နေမိသည်။

ရန်ကြီးအောင်ကတော့ ဆံနွယ်ခွေခွေလေးတွေ ကပိုကရိုကျနေတဲ့ အိပ်ရာနိုးစ သူမဟန်ပန်ကို အမှတ်တမဲ့ ငေးကြည့်နေမိသည်။

ဆံထုံးနှင့်မဟုတ်ဘဲ ဆံပင်လေးတွဲကျနေတော့ အသက်နှစ်ဆယ်စွန်းစ မိန်းမငယ်လေးလို နုပျိုကလေးဆန်နေသည်။

ဝိုင်းက စားပွဲပေါ် တင်ထားတဲ့ ရေသန့်ဘူးထဲက ရေကို ဖန်ခွက်တစ်ခွက်ထဲ အပြည့်ထည့်ကာ မော့သောက်လိုက်၏။

"အခန်းထဲမှာ ရေသန့်ဘူး ယူထားလေဗျာ၊ ညတုန်းက ကျွန်တော် ပြောဖို့ မေ့သွားလို့"

အဲဒီတုန်းက သူ ဖယောင်းတိုင်နှင့် မီးခြစ်ပဲပေးလိုက်မိတာမို့လား။





ရန်ကြီးအောင်က ကျိန်းစပ်စပ် မျက်လုံးတွေနှင့် ကုလားထိုင်ပေါ် ငုတ်တုတ်ထထိုင်လိုက်သည်။

အိမ်ရဲ့ သစ်သားတံခါးလေးကို အတွင်းမှ သော့ခတ်ထားသည်။ ဝိုင်း ဒီကနေ ထွက်ပြေးမှာ စိုးရိမ်လို့လား။

အင်းလေ . . . သူ စိုးရိမ်မှာပေါ့။

"ဝိုင်နီ အိပ်မပျော်ဘူးလား"

"ဘယ်လိုလုပ် အိပ်ပျော်နိုင်မလဲ"

"သိပ်လည်း စိတ်အနှောက်အယှက် ဖြစ်မနေပါနဲ့ဗျာ"

"ဩော် . . . ဒီအခြေအနေမှာ စိတ်ဆင်းရဲမနေဘဲ ကျွန်မက ပျော်နေရမှာလား"

ဝိုင်းက သူ့ကို ဘုကျကျပဲ ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

သူက အပြစ်ရှိသူလို ခေါင်းငုံ့သက်ပြင်းချသည်။

ဝိုင်းက အခန်းထဲ လှည့်ဝင်ဖို့ ခြေလှမ်းပြင်သည်။

ဒါပေမယ့် သူမ ဒီအတိုင်း သွားအိပ်လို့ ရမှာမဟုတ်။

ညကတည်းက ရှက်လို့ ရှုံ့အောင့်ထားတာ။ အခု ဆက်ပြီး မအောင့်နိုင်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝမှာ သူမ ခြေလှမ်းရပ်သွားတာကို လှမ်းကြည့်ရင်း ရန်ကြီးအောင်က. . .

"ဝိုင်နီ . . . နောက်ဖေးဘက်သွားမလား၊ ကျွန်တော် အဖော်လိုက်ပေးရမလား"

ဝိုင်းက မရှက်နိုင်တော့ဘဲ ခေါင်းညိတ်လိုက်သည်။

သူက ဝိုင်းအနီးသို့ လျှောက်လာသည်။

အခန်းနံဘေးက စင်္ကြံလမ်းကလေးက ဖြတ်ကာ နောက်ဖေးကပြင်သို့ ထွက်သည်။ အဲဒီမှာ ဖယောင်းတိုင်မီး ထွန်း၍ တံခါးချက် ခပ်ကြပ်ကြပ်ကို ဖွင့်သည်။

ပြီးလျှင် လက်နှိပ်ဓာတ်မီးရောင် ဝင်းကနဲနှင့် သူက ရှေ့မှ ဦးဆောင်ဆင်း၏။ နောက်ဖေးကပြင်ကနေ သစ်သားတံတား ခပ်ကျဲကျဲတစ်ခု ထိုးထားတာ တွေ့ရ၏။

ထင်တဲ့အတိုင်းပဲ အိမ်သာက တမျှော်တခေါ်မှာ၊ အိမ်နှင့် မနီးကပ်။ တံတားရှည်ကို လျှောက်ပြီးမှ ဟိုးက မြက်တောထဲမှာ။

တောခလေ့အတိုင်းပဲ ထမင်းဟင်းချက်တဲ့ တဲအိမ်က တစ်နေရာ၊ အိမ်သာက တစ်နေရာ၊ အားလုံးက အလှမ်းမနီးလှပါလား။





ညက မှောင်မဲ တိတ်ဆိတ်ပြီး ခြောက်ခြားစရာ ဖြစ်နေသည်။

သူသာမပါရင် ဝိုင်း ဒီအပြင်ကို ထွက်ရဲပါ့မလား မသေချာ။

ညက မိုးရွာထားသဖြင့် သစ်သားတံတား ကျဉ်းကျဉ်းလေးက စိုစွတ်နေသည်။

ကိုင်စရာ လက်ရန်းလေးဘာလေးလည်း မပါ။

သူက အားတုံ့အားနာ ပြန်လှည့်ကြည့်ပြီး. . .

"ဖြစ်မလား. . . ရဲရဲလျှောက်"

ဟု အားပေးသည်။

ဝိုင်းရဲ့ပုံစံလေးက တွန့်ဆုတ်ဆုတ်။

လက်နှိပ်ဓာတ်မီးရောင်ကလွဲရင် ကောင်းကင်ရဲ့အလင်း ဖျော့ဖျော့အရောင်သာ ရှိသည်မဟုတ်လား။

ထူးထူးဆန်းဆန်း ဖားအော်သံကို ကြားရသည်။

မိုးကဖြင့် ဒီညမှ ရွာတာကို။

"မလာရဲရင် ကျွန်တော့်လက်ကိုတွဲ"

သူက လက်ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက သူ့လက်ဖဝါးထဲ ကိုယ့်လက်ကလေးကို ခပ်ရွံ့ရွံ့ ထည့်ပေးမိသည်။

ဝိုင်းလက်ဖျားကလေးကို သူ ဆုပ်ကိုင်လိုက်လျှင် ဘာ ကြောင့်မှန်းမသိ၊ နှလုံးသားမှာ ဓာတ်လိုက်သလို တုန်ကနဲ ဖြစ် သွားသည်။

ပြီးလျှင် တစ်ကိုယ်လုံး တစိမ့်စိမ့်ဖြာပြီး နွေးလာသည်။

ပူနွေးသော သူ့လက်ဖဝါးရဲ့ အတွေ့အထိဟာ ညဥ့်နက် သန်းခေါင်မှာ ဝိုင်းရင်တွေကို ဗရမ်းဗတာ ယိမ်းထိုးသွားစေသည်။

သူ ရိုးရိုးသားသား တွဲခေါ်တာကိုလည်း သိပါသည်။

ဒါပေမယ့် ရင်ထဲမှာ သူ့အလိုလို ရှိန်းမြိုမြနွေးသွားရတာ ဝိုင်းလည်း ဘာမှမတတ်နိုင်။

မျက်နှာလေးကို ငုံ့ချလျက် သူ့နောက်မှ တစ်လှမ်းချင်း ဖြေးဖြေး လျှောက်ရသည်။

တံတားရဲ့အောက်မှာလည်း မြက်ပင်ရှည်တွေ ရှိတာမို့ ဝိုင်းက သတိထား၍ နင်းလျှောက်သည်။

တံတားရဲ့ အရှည်ဟာ ပေရှစ်ဆယ်တော့ အနည်းဆုံး ရှိလောက်သည်။





တစ်လှမ်းချင်း သတိထားလျှောက်နေရသဖြင့် တော် တော်နှင့် မရောက်။

"ကျွန်တော် ဒီကိစ္စတစ်ခု လိုသွားတယ်"

သူက အားနာဟန်နှင့် ရေရွတ်သည်။

"ကဲ . . . ရပြီ၊ ရှင် ဒီမှာ နေခဲ့တော့"

"ဟ . . . ဖြစ်ပါ့မလား"

"ဖြစ်တယ် . . . နေခဲ့"

ဝိုင်းက သူ့ဆီမှ လက်နှိပ်ဓာတ်မီးကို ယူလိုက်သည်။

အိမ်သာက တံခါးတစ်ဝက်သာ ရှိတာကို လှမ်းတွေ့လျှင် သူမက စိတ်ရှုပ်သွားရကာ . . .

"ကိုရန်ကြီးအောင် . . ."

"ဗျာ . . ."

"ရှင် ဟိုဖက်လှည့်ပြီး နားရော၊ မျက်စိရော ပိတ်ထား"

"ဟား . . . ဟား၊ နားပါပိတ်ရမယ်"

"ဟုတ်တယ်"

သူမ အရှက်သည်းပုံကြောင့် ရန်ကြီးအောင် ခပ်တိုးတိုး ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို မိန်းကလေးပါလိမ့်။

ကိုအာကာက သူမကို သူ့ထက်အရင်တွေ့ပြီး သူ့ထက် အရင် ဘာလို့ ချစ်ခဲ့ပါလိမ့်။

အချစ်ရေးမှာ တကယ်ပဲ သူ ကံမကောင်းပါလား။

နှမြောဝမ်းနည်းစိတ်က ဘယ်ကဘယ်လို ရင်ကို လာ ဆောင့်မှန်း မသိပေ။

ကျွတ် . . . ထားလိုက်ပါပြီဆိုမှ . . .။

သူမဖက်ကို သူမရဲ့စကားအတိုင်းပဲ ကျောခိုင်းထားတာ က သူ တိတ်တဆိတ် တွေးမိတာဖြစ်သည်။

ဝိုင်းက ကြောက်ကြောက်နှင့်ပဲ တံခါးဖွင့်ဝင်လိုက်ပါ သည်။

သူ့ကျောပြင်ဆီလည်း မလုံမလဲ လှမ်းကြည့်မိသေး သည်။ သူက ဝိုင်းစကား နားထောင်တာမို့ ပြုံးမိ၏။

အင်း . . . အခုနေ ထွက်ပြေးဖို့ အခွင့်အရေးရလျှင် တောင် ဒီမှောင်မဲကြီးထဲ ဝိုင်း အပြင်ထွက်ရမှာတောင် မဟုတ်ပေ။

မိန်းကလေးတစ်ယောက် သတ္တိရှိတယ်ဆိုတာဟာ တ ကယ်တမ်း သတ္တိရဲ့ အဓိပ္ပာယ် မပြည့်စုံ။





ဝိုင်းစိတ်ထဲမှာ ယောက်ျားတစ်ယောက်ပေါ် မှီခိုအားထား လိုစိတ် အကြီးအကျယ်ရှိနေတာ ဒီညမှ ရိပ်မိသည်။

သူ့ကိုမို့လို့ပဲ ယုံကြည်အားထားမိတာလား မသိပါ။

စိတ်ဆိုတာကလည်း ထူးဆန်းသား။

ညတုန်းက သူ့ကို ဒေါသဖြစ်ပြီး စိတ်တွေ ပူပူပန်ပန်ရှိ ခဲ့သလောက် အခု တစ်ရေးနိုးချိန်မှာတော့ ဝိုင်းရင်ထဲ အတန်ငယ် ညံ့သက်ကာ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖို့ ဆုံးဖြတ်ရလာသည်။

မနက်မိုးလင်းရင်တော့ ဝိုင်း တစ်ခုခု သက်သေထူနိုင် ကောင်းရဲ့။

အဲဒီကျ သူ မှားမှန်းသိလျှင် ပျာပျာသလဲ တောင်းပန် လိမ့်ဦးမှာ မြင်ယောင်သည်။

ဝိုင်းဖက်က . . . 'ရပါတယ် . . . ကိစ္စမရှိပါဘူး' လို့ ပြန်ပြောပြီး ခွင့်လွှတ်ပေးလိုက်ရမှာလား။

ဒီထက်ပိုပြီးရော ဘာတတ်နိုင်ဦးမှာလဲ။ ဝိုင်းသည် တံတားပေါ် အသာကလေး ပြန်လျှောက်လာသည်။

သူ့နား မလှမ်းမကမ်းရောက်လျှင် ခါးကြားမှာ ထိုးထား တဲ့ ကားသော့ကိုမြင်ပြီး ဝိုင်းက နည်းနည်းစမ်းကြည့်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ."

ဝိုင်းက သူ့နောက်က မလှုပ်တလှုပ် ပြန်လျှောက်ရင်း အလယ်တစ်နေရာ၌. . .။

"အိုး . . . အမေ့"

ခြေချော်ယိုင်တော့မလို ဟန်ဆောင်ရင်း သူ့ခါးကို နောက်ကနေ၍ သိုင်းဖက်ပစ်လိုက်သည်။

"ဟာ . . ."

ရန်ကြီးအောင် ကိုယ်ကြီး ငြိမ်သက်တောင့်တင်းကာ အသက်ရှူဖို့ပင် မေ့သွားရ၏။

စဉ်းစားကြည့်လေဗျာ. . .။

ကောင်မလေးတစ်ယောက်က နောက်ကနေ ခါးကို တင်းတင်းဖက်ပြီး ရုတ်တရက် တစ်ကိုယ်လုံး ထိကပ်ယိုင်နွဲ့လာတာ။

သူ ဘယ်လို ဖြစ်သွားမှန်းမသိ။

နွေးနွေးအိအိ ကိုယ်လုံးလေးက သူ့ကျောပြင်မှာ နီးနီးကပ်ကပ် ထိတွေ့နေတာမို့ သူ ကယောင်ကတန်း ပြန်ဖေးမရမလိုနှင့်. . .။





"ဖြေးဖြေး . . . သတိထားလေ"

"အဟင်း . . . လန့်သွားတာပဲ"

ဝိုင်းက သူ့ခါးက ကားသော့ကို အသာကလေး ညင်ညင်သာသာ ဖြုတ်ယူလိုက်ပါသည်။

ချက်ချင်း လူချင်းမခွာတာကို ရန်ကြီးအောင် ပထမတော့ သံသယမဖြစ်မိ။ သူမ တကယ် အလန့်တကြား ဖက်တွယ်ထားတာပဲဟု ထင်နေသည်။

သို့ပေမယ့် ဝိုင်နီက သူထင်သလို ရိုးရိုးလေးမဟုတ်ပေ။

ရန်ကြီးအောင်သည် သူမ ဉာဏ်များပုံ၊ မာယာများပုံလေးကို ရုတ်တရက် ရယ်ချင်သဘောကျသွားမိကာ. . .

"ဒါကြောင့် လက်ကို တွဲထားလို့ ပြောတာပေါ့"

သူ့ခါးကြားက သော့ကို နှိုက်ယူသွားသော လက်တစ်ဖက်ကို သူ ရအောင်ဖမ်းဆုပ်ကိုင်လိုက်သည်။

"ဟောဗျာ . . . ဒါက ဘာကြီးလဲ"

လက်ဖဝါးထဲ ဆုပ်ထားတဲ့သော့ကို သူက မသိချင်ယောင်ဆောင်၍ မေးလျှင် . . .

"သွား . . . ရှင်လူလည်"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်နီက ပိုလည်တာပါ"

"အံမယ်. . ."

သူသိသွားသဖြင့် ဝိုင်းက ရှက်ရမ်းရမ်းကာ သူ့ကျောပြင်ကို လက်သီးဆုပ်နှင့် ထုမိသည်။

"သော့ကို ခိုးတာ ဘာလုပ်မလို့လဲ၊ ကျွန်တော့်ကားကို မောင်းပြေးမယ်ပေါ့ ဟုတ်လား . . . ဟား. . . ဟား. . . ဟား"

"ဘာခိုးတာလဲ၊ ဘယ်မှာခိုးလို့လဲ. . . ရှင်နော်. . ."

"ခိုးတာ မဟုတ်ဘူး၊ အသာလေး ဖြုတ်တာ"

"ဖြုတ်တော့ ဘာဖြစ်လဲ"

"ဟုတ်ကဲ့ . . . ဘာမှ မဖြစ်ပါဘူး"

"ရှင်သာ ဥစ္စာခြောက်ပြီး ကားသော့ကြီး ခါးကြားညှပ် အိပ်ရတယ်လို့"

"ကောင်မလေးတွေက စိတ်မချရဘူးလေ"

"ကျွန်မ တကယ်လွတ်အောင် မပြေးနိုင်ဘူးထင်လား၊ ရှင့်ကိုတောင် အမှုဖွင့်လို့ရတယ်၊ တရားစွဲလို့ရတယ်"

"ကိစ္စမရှိဘူး. . . ဝိုင်နီ အပြစ်ပေးရင် ကျွန်တော် ခံလိုက်မယ်"





"ရှင် တကယ် ထင်ရာစိုင်းတဲ့သူပဲ၊ အံ့သြစရာကောင်းတယ်၊ ရှင့်လို အူကြောင်ကြောင်လူမျိုး တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်လား. . ."

"ရှင် တော်တော်ပိန်းတာပဲ သိလား၊ သိန်းပေါင်းသောင်းချီ၊ သိန်းပြန်ချီပြီး ချမ်းသာတဲ့ မိန်းမဆိုတာ ကျွန်မလိုပုံစံ ဟုတ်မလား. . . စဉ်းစားကြည့်ပါလား၊ လေးလွှာက တိုက်ခန်းကျဉ်းလေးမှာ နေမလား၊ မမဝိုင်နီက ရွှေတောင်ကြားမှာနေတာ၊ သူ့အိမ်က နန်းတော်ကြီးလိုပဲ၊ ကိုယ့်ဆရာရဲ့ ရည်းစားဟာ ဘယ်လိုပုံစံလည်းတောင် မသိဘူးလား၊ လူကို မမြင်ဘူးရင်တောင် ဓာတ်ပုံလေးဘာလေးမှ မကြည့်ဖူးဘူးဆိုတာ တကယ် မယုံစရာဘဲ၊ ကျွန်မကို ဘာကြောင့် မမဝိုင်နီလို့ တစ်ထစ်ချ ထင်ရတာလဲ၊ ကျွန်မက စူပါဆလွန်လေး မောင်းတတ်ဖို့တောင် ဖုတ်ပူမီးတိုက်သွားသင်ရတာ၊ မမဝိုင်နီက ရုံးကိုလာရင် လင့်ခ်ရှူဗာနဲ့၊ ရှင် ဘာကြောင့် ဒီလောက်လေးမှ မတွေးတတ်ရတာလဲဟင်၊ ကျွန်မက သူ့အတုခိုးပြီး သူ့လို လုပ်ချင်တာမှန်ပါတယ်၊ သူ အဝတ်အစားဝတ်တာ, ပြောတာဆိုတာ, နေတာထိုင်တာ အားလုံးက အရမ်းစမတ်ကျနေတော့ သဘောကျမိတာပေါ့၊ ဒါပေမယ့် အတုဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အတုယဲ့ ဘယ်တော့မှ အစစ်မဖြစ်နိုင်ဘူး၊ ဒါကို ကျွန်မ နားလည်ပါတယ်၊ ရှင်ကိုညာပြီး အလိုက်အထိုက် ပြောဆိုဆက်ဆံနေတယ်ဆိုတာလည်း မလွှဲသာတဲ့ အခြေအနေ အကြောင်းကြောင်းကြောင့်ပါ၊ ဒါပေမယ့် ကျွန်မက အမှန်ကို ပြောတာနဲ့ ရှင့်ဖက်က တန်းယုံမယ်လို့ပဲ ထင်ထားတာ၊ ရှင်က လုံးဝ လက်သင့်မခံတော့ ကျွန်မ တကယ် ဘာလုပ်ရမှန်းတောင် မသိတော့ဘူး”

ဝိုင်းသည် ရင်ထဲက စကားတွေ သူ့ကို တစ်ခွန်းချင်း ခံစားချက်ပါပါ ပြောနေမိသည်။

တံတားကလေးမှတဆင့် ဖြေးဖြေးလျှောက်ကာ နောက်ဖေးကပြင်လေးဆီ ရောက်လာသည်။

ထိုသစ်သားကပြင်လေးမှာ အတူတူ ရပ်မိရင်း ဝိုင်းက တိတ်ဆိတ်နေသော ကောင်းကင်မှောင်ပြာပြာကို မော့ကြည့်နေမိသည်။

ရန်ကြီးအောင်သည် သူမမျက်နှာလေးကို ငေးကြည့်နေမိကာ ရင်ထဲတွင် ဇဝေဇဝါ ဖြစ်လို့လာပါသည်။

သူမ ပြောနေတာတွေဟာ တကယ်ပဲလား။

သူမဟာ စက္ကူထရီ ဝိုင်းစိန်မတဲ့လား။





ဒါဖြင့်ရင် ကိုအာကာအတွက် သူ မိုက်မိုက်မဲမဲ ကြိုးစားပမ်းစား ခေါ်ဆောင်လာပေးတဲ့ မိန်းကလေးဟာ ဝိုင်နီမမ မဟုတ်ဘူးပေါ့။

သူဟာ ဝိုင်းစိန်မကို မှားယွင်းပြီး ကြိုတင် ခိုးထားပေးနှင့်မိတာပေါ့။

ဝိုင်းက သူ့ထံ စိတ်ပျက်ပျက်လေး ပြန်ကြည့်သည်။

အမှောင်ထဲမှာ မျက်လုံးချင်း ဆုံမိကြ၏။

သူ့မျက်လုံးတွေက ဝိုင်းကို စေ့စေ့ကြည့်ပြီး တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးတောနေဟန် ပေါက်သည်။

ဒီတော့ သူမလည်း ရင့်ခုန်အားတက်လာပါသည်။

“ကိုရန်ကြီးအောင်. . . ရှင်က ကူညီချင်ဇော၊ ဖြစ်စေချင်ဇောနဲ့သာ ဝိုင်နီမမ ထင်နေတာပါ၊ ရှင် သတိမပြုမိလို့ပါ၊ သတိထားမိတာနဲ့ တကယ်တော့ တခြားစီပဲဆိုတာ ရှင် သဘောပေါက်သွားမှာပါ”

သူက ခေါင်းဆတ်ပြီး. . .

“ကျွန်တော်က ပိန်းတယ်လေ. . .”

“ရှင် ဝိုင်းကို လုံးဝ မယုံဘူးပေါ့နော်”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက လိမ်တတ်ညာတတ်တာပဲ၊ တကယ်ဆို အစ တတည်းက ခင်ဗျား ဝန်ခံသင့်တာပေါ့"

"ဩော် . . . ဘယ်သူကရော ညာချင်ပါ့မလဲ၊ ရှင့်ကို တွေ့ကတည်းက ဝိုင်းဘဝအမှန်နဲ့ပဲ ခင်မင်ချင်ခဲ့တာပါ"

"ခင်မင်ချင်တယ်"

"အင်းလေ. . ."

"ဘာလို့လဲ"

"မသိဘူး. . . ဒါပေမယ့် ကျွန်မ ရှင့်ကို တစ်ခုလောက် မေးချင်တယ်. . . ရမလား"

"ရတယ် . . . မေး"

"ရှင်နဲ့ ကျွန်မနဲ့ ပထမဦးဆုံး ဆုံခဲ့တဲ့နေရာ. . ."

"ကက်ပီတယ်မှာ. . ."

သူက မဆိုင်းမတွ ဖြေ၏။

"အဲဒီတုန်းက ကျွန်မ ဘယ်သူဆိုတာ သိနေပြီလား၊ ဒေါ်ဝိုင်နီမမဆိုပြီး ရှင် လှေလာနေခဲ့တာလား"

သူက ချက်ချင်း မပြောသဖြင့်. . .

"ရှင် အမှန်အတိုင်း ဖြေနော်. . ."





ဝိုင်းက လက်ညှိုးလေး တစ်ချောင်းထောင်ကာ ချောင်းပိတ်မေးသည်။

"မသိဘူး . . . ဒီတိုင်းပဲ လှလို့ ကြည့်နေတာ"

"ဘာရယ်. . ."

"ခင်ဗျားပုံစံလေးက ချစ်စရာကောင်းနေတယ်လေ၊ ဝတ်ထားတာလေးကစပြီး တခြားမိန်းကလေးတွေနဲ့မှ မတူတာ၊ ဆရာမလိုလို ဘာလိုလိုနဲ့. . ."

သူ့စကားကြောင့် ဝိုင်းရင်ထဲ ရှက်သွေးဖြာကာ မနေတတ်အောင် ဖြစ်သွားမိသည်။

ပါးပြင်လေးကို လက်ချောင်းထိပ်နှင့် ပွတ်ဆွဲရင်း သူ့ထံမှ အကြည့်လွှဲမိသည်။

နှုတ်ကတော့ ဆက်လက်ပြီး. . .

"ဒါဆို နောက်တစ်ခါ ဘုရားကအဆင်းမှာ တွေ့တုန်းကရော. . ."

"အဲဒါလည်း တိုက်ဆိုင်တာပါ"

"ရွှေပုဇွန်ရှေ့နားမှာ. . ."

"ခင်ဗျား ဘာလို့ မှတ်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်သည် အောင့်သီးအောင့်သက် ဖြစ်လာပါသည်။

ကြာရင် စိတ်ဝင်စားလို့ နောက်က တကောက်ကောက် လိုက်ကြည့်မိတာ ပေါ်သွားလိမ့်မည်။

သူ့ရဲ့ လျှို့ဝှက်ချက်ကို မထုတ်ဖော်ချင်ပါဘူးဆိုမှကွာ။

"အဲဒီတုန်းက ရှင့်ကားက နောက်က ကပ်ပါလာတာ"

"ခင်ဗျား ဒီလောက်ထိ မတွက်သင့်ဘူး၊ ကားတစ်စီးနဲ့ တစ်စီး လမ်းမှာ ဆုံတာ ဆန်းလားဗျာ"

"ဒါပေမယ့် . . . ရှင့်ပုံစံက ခိုးကြောင်ခိုးဝှက်နဲ့ ပုန်းလျှိုး ကွယ်လျှိုး. . ."

"လုံးဝ မဟုတ်ဘူး"

"မဟုတ်ရင်လည်း ပြီးရော"

ဝိုင်းက နောက်ဖက်တံခါးကို ဆွဲဖွင့်၍ အိမ်ထဲ လှမ်းဝင်လိုက်သည်။

သူမှ ဝန်မခံချင်ဘဲ မမေးတော့ပါဘူး။ ရှိပါစေတော့. . .။

သူ့ဖက်က ပြောင်းလဲသွားပြီဆိုလည်း အဲဒီအပြောင်းအလဲကိုပဲ လက်ခံရမှာပေါ့။





"ဟိတ် . . . နေဦးလေ"

သူက ဝိုင်းနောက်မှ ပါလာသည်။

"ဘာလဲ"

"ကျွန်တော့်ကို စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး"

"ပြန့်အိပ်တော့မှာလား"

"အင်း. . ."

ဝိုင်းက မပွင့်တပွင့် ဖြေလျက် ရှေ့မှ လျှောက်သွားသည်။

"ကျွန်တော်တော့ အိပ်ပျော်မှာ မဟုတ်တော့ဘူး"

"ဒါဆိုလည်း ရှင့်ဘာသာ ငုတ်တုတ်ထိုင်နေပေါ့"

"ကျွန်တော်နဲ့ အဖော်ရအောင် ကော်ဖီသောက်ပါလား"

သူက ဝိုင်း အခန်းထဲသို့ ဝင်မရအောင် ရှေ့မှ ပိတ်ကာဆီး၍ တောင်းဆိုသည်။

"လာပါဗျာ. . ."

သူက အိမ်ရှေ့ဧည့်ခန်းသို့ ခေါ်သည်။

ဝိုင်း မျက်စောင်းသာ ရွယ်မိ၏။ တကယ်တော့ ဝိုင်းလည်း သူနှင့် စကားပြောချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညလယ် သုံးနာရီ ရှိနေပြီ။

အိမ်ရှေ့ ဆက်တီမှာပဲ ဝိုင်းက ထိုင်သည်။

ဘက်ထရီ မီးရောင်တ မှိန်နေပြီမို့ သူက ဖယောင်းတိုင် ထွန်း၏။ ဖယောင်းတိုင်၏ ဖျော့တော့တော့ အလင်းရောင်သည် ရှိမန်တစ်ဆန်ဆန် ရင်ထဲကို ဖိုနွေးလှုပ်ရှားစေသည်။

ကြည့်စမ်းပါဦး။ ဒီလို အချိန်မှာ သူနှင့်ဝိုင်း နှစ်ယောက်တည်း မျက်နှာချင်းဆိုင် မလှမ်းမကမ်းမှာ အတူရှိနေကြသတဲ့။

သူ ဘယ်လိုခံစားချက်မျိုး ရှိသလဲ ဝိုင်း မသိပေမယ့် ဝိုင်းရဲ့ နှလုံးသားမှာ မကြုံစဘူး ထူးကဲ ဒီရေတက်လာသလို နွေးမြမြ ခံစားချက်က ရင်တစ်ခုလုံး ပြည့်ကာ လည်ချောင်းထဲထိ ရောက်လာနေပြီ။

သူက ခါတ်ဗူးထဲမှာ အသင့်ရှိနေတဲ့ ရေနွေးနှင့် ကော်ဖီ နှစ်ခွက် ဖျော်လိုက်သည်။

ပြီးလျှင် ဝိုင်းလက်ထဲ တစ်ခွက် ကမ်းပေးသည်။

မတ်ခွက်ကို ကိုင်းမှကိုင်ကာ ကော်ဖီမျက်နှာပြင်ထို နှုတ်ခမ်းနှင့် ထိရုံလေးမျှ အနည်းငယ်လေး စုပ်ယူပြီး ဝိုင်းထာ ပြန်ချထားလိုက်သည်။





သူက နူးညံ့ရှန်းရီ နွေးထွေးနေသော အကြည့်တို့ ထိန်းချုပ်ထားသလိုလိုနှင့် ဝိုင်းထံ မရဲတရဲ ကြည့်နေသည်။

အခုထိ သူ ဇဝေဇဝါ ဖြစ်နေတဲ့ပုံ။

"ကိုရန်ကြီးအောင်ရေ . . . ရှင် ကိုအာကာဆီ ဖုန်းဆက် ကြည့်ပါလား၊ ရှင့်ဆီမှာ ဖုန်းပါလာတယ် မဟုတ်လား"

"မရဘူးဗျ၊ ဧရိယာပြင်ပချည်းပဲ၊ ကားပေါ်မှာပဲ ရှိနေဦးမှာပေါ့"

"သူ့ဆီ ဆက်လို့ရရင် ရှင် ဘာပြောမလဲ"

"အစ်ကိုချစ်တဲ့ ဝိုင်နီကို ခေါ်ထားပြီ၊ ရန်ကုန်ကို လှည့်ပြန်လိုက်တော့လို့ ပြောမှာပေါ့"

"ရှင် တကယ် ရယ်ရတဲ့လူပဲ"

"ဘာရယ်ရတာလဲ"

"နေစမ်းပါဦး . . . တစ်ခုမေးပါရစေ၊ ကျွန်မကတော့ ရှင့်ရဲ့ ကိုယ်ကျင့်တရားကို ယုံပါတယ်၊ ရှင့်အစ်ကိုဆရာကရော ရှင်ကို ယုံရဲ့လားဟင်၊ ဝိုင်နီမမပဲ ထားပါဦး၊ ဒီအိမ်ထဲမှာ ဒီတစ်ည လုံး ရှင်နဲ့ ကျွန်မ အတူတူ ရှိနေကြတာကို"

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူက အလန့်တကြား ထအော်သည်။

ဝိုင်း ဒီလိုမေးချလိုက်တာကိုပင် သူ အကြီးအကျယ် အံ့ဩ ခံရခက်သွားပုံ. . .။

“ဘာစကားကြီးလဲဗျ၊ အစ်ကိုက ဘာလို့ မယုံရမှာလဲ”

“ရှင်လုပ်တာတွေ တောက်လျှောက်မှားနေတယ်”

“အဲလို မဝေဖန်နဲ့၊ ကျွန်တော့်ရင်ထဲက စေတနာ”

“ကောင်းပြီလေ . . . အဲဒီ စေတနာကို သေချာရှင်းပြလိုက်စမ်းပါဦး၊ ဟိုက ရှင့်ကို ဘာပြန်ပြောမလဲ သိချင်လို့ပါ”

“အစ်ကို ချက်ချင်း ပြန်လာမှာပေါ့”

“ဒါက ရှင့်အထင်ပါ”

“ခင်ဗျား စောင့်ကြည့်လိုက်”

“ရှင်ပဲ စောင့်ကြည့်ရမှာ ကိုရန်ကြီးအောင်၊ ရှင် ကျွန်မအပေါ် ဘယ်လိုနည်းနဲ့ တောင်းပန်မလဲဆိုတာပဲ အရင်စဉ်းစားထား၊ ဝိုင်း နာမည်ပျက်ရင်၊ ဝိုင်း သိက္ခာကျရင် ရှင့်ကို ဘယ်လိုနည်းနဲ့ ခွင့်လွှတ်ရမလဲ၊ ကျွန်မ ရှင့်ကို စိတ်မနာချင်ဘူး”

သူမ့စကားသံလေးက အဆုံးသတ်မှာ ကိုးတိမ် ဖျော့တော့ သွားသည်။





စိတ်မနာချင်ဘူးဆိုတဲ့ စကားလေးကြောင့် တင်းထားရတဲ့ ရန်ကြီးအောင် နှလုံးသားမှာ ငြိမ့်ကနဲ လှုပ်ရှားသွားရ၏။

သူမဟာ တကယ်ပဲ ဝိုင်းစိန်မသာ ဖြစ်စမ်းပါ။

သူ ယောင်ယမ်း တောင့်တလိုက်မိသည်။

ဒီအဖြေကို သူလည်း သိချင်လာပြီ။

ရွှေမန္တလာ အဝေးပြေး ကားပေါ်က ကိုအာကာရဲ့ဖုန်းကို ဘယ်အချိန် လိုင်းမိမလဲ သူ တရစပ် စောင့်ခေါ်နေသည်။

“ဧရိယာပြင်ပသို့ ရောက်ရှိနေသဖြင့် ခေါ်ဆိုမရနိုင်ပါရှင်”

“ကျွတ်. . .”

ရန်ကြီးအောင် စိတ်တိုလာမိ၏။

ဝိုင်းကတော့ စိတ်လျှော့လျက် သူ့ကိုသာ ခပ်ပြုံးပြုံးကြည့်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ရှင်ပဲ မေး၊ ကျွန်မ တစ်ခွန်းမှ ဝင်မမေးဘူးနော်၊ ခုနစ်လွှာက မမာချိုကို ခေါ်ပေးပါ၊ အရေးကြီးလို့ပါလို့ ပြော”

ရန်ကြီးအောင်က ဝိုင်းစိန်မ ပြောပြသော ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်ပါသည်။

စတိုးဆိုင်တစ်ခုရဲ့ ဖုန်း။

ခဏလေးကိုင်ထားပါဆိုပြီး ဝိုင်းရဲ့သူငယ်ချင်း မာမာချိုကို သွားခေါ်ပေးနေ၏။ တအောင့်ကြာမျှ စောင့်ဆိုင်းရပြီးလျှင် မိန်းကလေးတစ်ယောက် ဖုန်းလာကိုင်သည်။





“ဟက်လို. . .”

“မမာချိုလား ခင်ဗျာ. . .”

“ရှင် . . . ဟုတ်ပါတယ်၊ အခုပြောနေတာ ဘယ်သူလဲ မသိဘူး”

အောင်မြင်ကြည်လင်ပြီး သြဇာသံပါသော ယောကျ်ားတစ်ဦး၏ မေးမြန်းမှုကြောင့် မာချိုပင် အံ့အားတသင့် မျက်မှောင်လေး ကုပ်သွားမိသည်။

“ကျွန်တော်က ကိုရန်ကြီးအောင်ပါ၊ ဒေါ်ဝိုင်နီမမရဲ့ မိတ်ဆွေ. . .”

“သြော်”

“မင်းက အေရှကွင်းက မဟုတ်လား”

“ဟုတ်ကဲ့. . .”

“ဒေါ်ဝိုင်နီမမနဲ့ ပတ်သက်ပြီး ကိစ္စလေးတစ်ခု ရှိလို့ပါ”

“ရှင်. . ဘာကိစ္စများလဲ၊ အခုလောလောဆယ် မမဝိုင်နီက စက်ာပူ ရောက်နေပါတယ်၊ ပြီးတော့ ကျွန်မတို့ ကုမ္ပဏီဖုံးတလည်း သကြံန်ရုံးပိတ်ရက်မို့လို့ ပိတ်ထားပြီလေ”

“ဝိုင်နီ စက်ာပူသွားတာ သေချာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . သေချာပါတယ်၊ မမက မင်္ဂလာဆောင်ဖို့ရှိတော့ ဒီတစ်ခေါက် ကြာကြာနေမှာပါ"

"မင်္ဂလာဆောင်ဖို့ . . ."

"အစ်ကို မသိသေးဘူးထင်တယ်၊ မမဝိုင်နီက ဟိုတလောကပဲ စေ့စပ်လိုက်ပြီလေ"

"ဩော် . . . ဩော် . . . ဒါဖြင့် သူ့စက္ကထရီနဲ့ရော ဆက်သွယ်လို့ ရနိုင်မလား"

"စက္ကထရီ မဝိုင်းက စမ်းချောင်းမှာ နေပါတယ်၊ သူ့ဖုန်းနံပါတ်တော့ ကျွန်မ ပေးလိုက်မယ်၊ ဒါပေမယ့် ဝိုင်းလည်း အိမ်မှာရှိချင်မှ ရှိမှာ၊ သင်္ကြန်ရက်အတွင်း ပဲခူးပြန်ပြီ ထင်တယ်"

ပြောပြောဆိုဆို မာချိုက ဝိုင်းစိန်မတို့ အိမ်ဖုန်းနံပါတ်ကို တစ်လုံးချင်း ရေရွတ်ပြပါသည်။

သူ့ကိုလည်း ဒေါ်ဝိုင်နီမမ အသိမိတ်ဆွေဆိုသဖြင့် တလေးတစား တရိုတသေ ပြောဆိုသည်။

ကျွန်မရဲ့ ဒီဖုန်းကို ဘယ်လိုသိသလဲဟုမင် ပြန်မမေးရုံ။

"အိုကေ . . . ရပြီ၊ အဲဒီစက္ကထရီက မဝိုင်း . . ဟုတ်လား"

"အပြည့်အစုံက ဝိုင်းစိန်မပါ"





"သူ့ပုံစံကရော ဘယ်လိုလဲ"

"ဟို . . . ဆံပင်ကောက်ကောက်၊ အသားဖြူဖြူလေးနဲ့ အရပ်လည်း မြင့်တယ်၊ ဝိုင်းစိန်မက စက္ကထရီဆိုပေမယ့် မမဝိုင်နီရဲ့ ညီမလည်း တော်ပါတယ်၊ အစ်ကို သူနဲ့တွေ့ရင် အဆင်ပြေသွားမှာပါ"

"ဟုတ်ပြီလေ . . . မင်းကို ကျေးဇူးတင်ပါတယ်"

ဝိုင်းစိန်မက . . .

'ကဲ ဘယ့်နှယ်ရှိစ' ဟူသော ပုံစံလေးဖြင့် သူ့ကို မေးလေးချီလျက် မျက်စပစ်ပြပါသည်။

ရန်ကြီးအောင် ငိုင်စတွေတွေ ဖြစ်သွားမိသည်။

ဝိုင်နီမမက မင်္ဂလာဆောင်ဖို့ စကားပူ ထွက်သွားပြီဆိုပါလား။ အခု သူ တာဝန်ခံပြီး ခိုးလာတာက ဝိုင်းစိန်မတဲ့။

ခိုးတာက အစ်ကို့အတွက်။

ဒီလိုဆိုတော့ လူချင်းမှားပြီး ခိုးလာမိပြီပေါ့။

သူ သိတဲ့အချိန်မှာ တစ်ညတာလွန်မြောက်လို့ မနက်ခင်းပဲ ရောက်နေပြီ။

ဒါကို ဘယ်လို ပြန်ပြုပြင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစိန်မထံ ခပ်ငေးငေး ကြည့်နေမိသည်။

ခင်ဗျားဟာ တကယ်ပဲ ဝိုင်းတဲ့လားဗျာ. . .

သူ့ရင်ထဲမှာ မယုံမရဲနှင့် လှိုင်းထတုန်ခါလာသည်။

"သူ ဘာပြောလဲ ကိုရန်ကြီးအောင်. . ."

"ဝိုင်းနီက စက်ာပူထွက်သွားပြီတဲ့"

"ကျွန်မ ပြောသားပဲဟာ"

"ခင်ဗျား ကျွန်တော့်ကို ဒီလို မလှည့်စားသင့်ဘူး၊ အခု အားလုံး လွန်ကုန်ပြီ၊ ဝိုင်းနီလည်း လစ်သွားပြီ"

"ရှင်တို့ မနှောက်ယှက်နိုင်အောင် တားထားပေးပါတဲ့ မမဝိုင်းနီက အကူအညီတောင်းတယ်"

"ခင်ဗျားက သူ့ဖက်ပါတယ်"

"ကိုယ့်ရဲ့ မမဘော့စ်ကို သစ္စာရှိရမှာပဲလေ၊ ဒါ ကျွန်မ မှားလား"

"ခင်ဗျား အခု ဘာဖြစ်သွားပြီလဲသိလား၊ ကြားထဲကနေ ဓားစာခံ ဖြစ်နေပြီ"

"ဒါက ရှင့်ရဲ့ မစူးစမ်းမဆင်ခြင်, ကမူးရှူးထိုး ထင်ရာ လုပ်တတ်တဲ့ အကျင့်ကြောင့် ဖြစ်ရတာ"





"ကျွန်တော် ကြိုးပမ်းထားသမျှ ရေထဲ ရေသွန်းသလိုပဲ ဗျာ၊ အခု အစ်ကိုနဲ့ ဝိုင်းနီနဲ့ တကယ်ဝေးကြပြီပေါ့"

စိတ်မကောင်းသလို တဖွဖွ အခဲမကြေ ရေရွတ်နေတဲ့ သူ့ကို ဝိုင်း အမြင်ကပ်ချင်လာပါသည်။

သူ့ရဲ့ သဘောထားကိုလည်း ဝိုင်း ရိပ်တော့ ရိပ်မိလိုက် ပြီ။

သူဟာ အဲဒီအစ်ကိုအာကာအတွက်ဆိုရင် သူ့နှလုံးသား ကိုပင် ပေးဆပ်စတေးနိုင်သူ ဖြစ်သည်။

သူချစ်လည်း ကြိတ်မှိတ်မျိုသိပ်ထားမယ့်သူ။

"သူတို့ ဖူးစာအတိုင်းပဲပေါ့"

"ဒါပေမယ့် အစ်ကိုက အထီးကျန် အသည်းကွဲရတာ"

"အချိန်က ကုစားသွားမှာပဲလေ၊ ရှင်က ဘာကြောင့် အဲဒီလူအပေါ် ဒီလောက်ထိ အသေအလဲ ကောင်းနေရတာလဲ ကျွန်မ နားမလည်နိုင်အောင်ဘဲ"

"ကိုအာကာက ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ ဝိုင်း။ သူ ကူညီထားတာတွေက တစ်သက်လုံး ကျေးဇူးဆပ်လို့မကုန်နိုင်ဘူး"

"ဟွန်း . . . ဒီလောက်တောင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းလေးကို မဲ့လိုက်မိသည်။

ကြုံ . . . ကြုံဖူးပေါင်နော်။

ကိုယ်စိတ်ဝင်စား ချဉ်းကပ်ပြီးမှ အဲဒီမိန်းကလေးတို့

အစ်ကိုဆရာလက်ထဲ ထည့်ပေးဖို့ ကိုယ်တိုင်ခိုးပေးရသတဲ့။

ရှင်ဘာ ဘယ်လိုလူကြီးများလဲ ကိုရန်ကြီးအောင်ရယ်။

သူ့နှုတ်က ဝိုင်းကို ဝိုင်းဟု အသိအမှတ်ပြု ခေါ်လိုက်တာ

ကိုတော့ ရင်ထဲမှာ ကျေနပ်သွားမိတာ အမှန်။

"ဝိုင်းလည်း ကျွန်တော့်ကို ရက်စက်တာပဲဗျ၊ တမင်တကာ

အရှုံးလုပ်ထားတာ"

"ဟုတ်ပါ့ရှင် . . . အဲလို အရှုံးလုပ်ထားတာတောင်မှ

ကျွန်မကို ဒီအထိ ခိုးလာနိုင်တယ်နော် . . . အံ့ရော"

သူမက လက်ကလေးနှစ်ဖက်ပါ ခါပြလိုက်သည်။

လက်ဖျားခါရပါတယ်ဆိုတဲ့သဘော။

ရန်ကြီးအောင်သည် ရှက်ရမ်းပေါက်ကွဲချင်သော်လည်း

သူ့ရင်ထဲ မွန်းကြပ်လေးလံနေတဲ့ အလုံးကြီးလျှော့ကျသွားတာ

မအံ့သြ ဝမ်းမသာဘဲလည်း မနေနိုင်။

"ဒါပေမယ့် . . . တစ်ခုတော့ ရှိတယ်"





"ဘာတစ်ခုလဲ"

"ကျွန်တော်က ဝိုင်းကို အတင်းအကြပ်နဲ့ အလိုမတူဘဲ

ဆွဲခေါ်လာတာတော့ မဟုတ်ဘူး၊ ကျွန်တော့်ကားပေါ်မှာ အေး

အေးဆေးဆေးပဲ ပါလာတာ ဦးညိုတွေ့တယ်၊ ဦးညို သက်သေ

ရှိတယ်"

သူ့စကားကြောင့် ဝိုင်းမျက်နှာလေးမှာ ရဲတွတ်အောင်

နီအမ်းသွားရသည်။ ရုတ်တရက် သူ့ကို ဘာမှ ပြန်မချေပနိုင်။

သူက ဝိုင်းရဲ့ အားနည်းချက်ကို မငဲ့ညှာဘဲ ထောက်ပြ

လိုက်သည်။

"ပြီးတော့ ထွက်ပြေးဖို့ အခွင့်အရေးရပေမယ့် ဝိုင်း ထွက်

မပြေးဘူး၊ ဟုတ်တယ်မို့လား"

ဝိုင်းရင်မှာ တဆတ်ဆတ် တုန်ခါလာသည်။ ရှက်ရွံ့ခြင်း

ကလည်း တစ်ကိုယ်လုံးသို့ စိမ့်ပျံ့လာသည်။

သူက ဒီလိုမျိုး အထင်သေးရက်သလား။ သူ့အပြစ်ကို

လျော့ပါးသက်သာအောင် လျှောက်ပြောနေတာလား။

ဝိုင်းစိန်မက ထိုင်နေရာမှ ဆတ်ကနဲ ထရပ်လိုက်သည်။

"ကောင်းပြီလေ . . . ဒါဖြင့် အခု ရှင် ခွင့်ပြုတယ်မို့



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဝိုင်နီမမ မဟုတ်ဘူးဆိုတာ ရှင် ယုံကြည်ပြီ မဟုတ်လား၊ ဒါဆို ကျွန်မ ပြန်တော့မယ်”

“ဟာ . . . ဝိုင်းကလည်း”

သူက ဝိုင်းလက်ကောက်ဝတ်ကို ဖျပ်ကနဲ ဆုပ်ကိုင်၍ တားဆီးလိုက်သည်။

“ဖယ်”

ဝိုင်းက ဆတ်ကနဲ ရုန်း၏။ သူက မလွှတ်။

ထိုအချိန်မှာပဲ သူ့အိတ်ထဲက ဖုန်းက မြည်လာပါသည်။

ရန်ကြီးအောင်က သူမလက်ကို မလွှတ်စတမ်း ဆုပ်ကိုင်ထားရင်းကပဲ လက်တစ်ဖက်တည်းနှင့် ဖုန်းဖွင့် နားထောင်လိုက်သည်။

“ဟက်လို . . . ဟာ . . . အစ်ကို”

“(missed calls)တွေ့လို့ကွ၊ ငါတို့ကားက အခုမှ ကွဲဆည်ကန်ကို ရောက်မှာ၊ ဘာပြောစရာရှိလို့လဲ ညီလေး၊ ပြောလေကွာ”

ကိုအာကာ့အသံကို ကြားလျှင် ရန်ကြီးအောင် ခေါင်းနပန်း ကြီးသွားရ၏။

“ဟိုဟာပါ . . . အစ်ကိုက အစီအစဉ်မရှိဘဲ ကောက်ပြီး ခရီးထွက်သွားလို့ ဘာများ အရေးကြီးသလဲလို့ပါ”



BURMESE CLASSIC .com



“ငါက အရေးကြီးတာ မဟုတ်ဘူး၊ မင်းက အရေးကြီးနေတာ၊ မင်းကို လုံးဝ ဖမ်းလို့မမိဘူး”

“အစ်ကို . . . ဟို . . . မဝိုင်နီလည်း. . .”

“အေး . . . ငါသိတယ်၊ စင်္ကာပူ ထွက်သွားပြီး သူ သွားမယ့်နေ့က ငါ့ဆီ ဖုန်းဆက်တယ်၊ ဒီတိုင်း နှုတ်ဆက်တာအပြင် ပန်းစည်းလက်ဆောင် ပို့ပေးတာ ကျေးဇူးပဲတဲ့၊ အဲဒါ မင်း လက်ချက်မဟုတ်လား၊ မင်းနော်. . . ငါမသိဘဲ ဘာတွေ လျှောက်လုပ်နေလဲ၊ ငါပေးတဲ့ လက်စွပ်လည်း သူ လက်မခံဘူး၊ မင်းက သူ့စက္ကထရီဝိုင်းကို အတင်း ပေးထားတယ်ဆို”

“အဟဲ . . . ဟဲ . . . ဟဲ”

ရန်ကြီးအောင်က အရှက်ပြေ တဟဲဟဲသာရယ်နေမိသည်။

“မင်း အဲဒီကောင်မလေးကို ချိတ်တိတ်တိတ်သွားလုပ်နေတာ မဟုတ်လား၊ ငါ သိတယ် ဟေ့ကောင်၊ ငြင်းမယ်မကြံနဲ့”

“ကျွန်တော် ဘယ်မှာ ငြင်းသေးလို့လဲ”

“ဒါဖြင့် . . . မင်းက ကြိုက်နေပြီပေါ့”

“ဟဲ . . . ဟဲ . . . ဟဲ”

“ခွေးကောင်. . .”



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ချစ်စနိုးနှင့် သူ့ကို ထောပနာ ပြု၏။

"အစ်ကို့ကို တစ်ခုပြောရဦးမယ်"

"ဘာလဲကွ"

"အစ်ကို့ရဲ့လက်စွပ် ကျွန်တော် ဝယ်ချင်တယ်"

"မင်းကောင်မလေး ပေးဖို့လား"

သူ တိတ်နေလျှင် ကိုအာကာက . . .

"အဲဒါဆိုလည်း ဝယ်မနေပါနဲ့ကွာ၊ မင်းပဲ ယူလိုက်ပါ၊ အဲဒီ လက်စွပ်ကို မြင်ရင် ငါ့မှာ ဝေဒနာက အသစ်ဖြစ်ရဦးမယ်၊ ဒါကြောင့် မင်းကိုတောင် ကျေးဇူးတင်ရမယ်၊ ကဲ . . . ဒါပဲကွာ၊ ငါ နောက်ကြောင်းအေးရအောင် မင်းတို့ ဆိုင်မှာ ကောင်းကောင်း နေကြဦး . . . ကြားလား"

"ဟုတ်ကဲ့ . . . စိတ်ချပါ အစ်ကို"

"အိုကေ . . . ဒါဆို ဒါပဲ ညီလေး . . ."

ဖုန်းအဆက်အသွယ် ပြတ်သွားသည်နှင့် တပြိုင်နက် သူ က ပြုံးကာနဲ ဝိုင်းစိန်မကို တအား ကြုံးဖက်လိုက်ပါသည်။

"အို . . . ရှင်"

ဝိုင်းက အငိုက်တမိ သူ့ရင်ခွင်ထဲ ကျရောက်သွား၏။





"ကိုရန်ကြီးအောင် . . . ဖယ် . . . လွှတ်၊ ရှင် ဒါ ဘာသဘောလဲ"

"ဝမ်းသာလို့ပါ ဝိုင်းရယ်၊ မရှန်းစမ်းပါနဲ့၊ ခင်ဗျားကို ချစ်တယ် . . . အရမ်းချစ်တယ်၊ စတွေ့ကတည်းက ချစ်တယ်ဗျာ သိလား၊ ခင်[illegible]ဘာသာ ဝိုင်နီမမပဲ ဖြစ်ဖြစ်၊ ဝိုင်းစိန်မပဲဖြစ်ဖြစ် ကျွန်တော် ချ[illegible] ချစ်တာပဲ"

ပြုံးစားဒိုင်းစားကြီး သူ ချစ်ရေးဆိုပုံက ကျောချမ်းစရာ ဖြစ်၏။ ဝိုင်း တစ်ကိုယ်လုံးကို သူ့ရင်ခွင်ထဲ နစ်မြုပ်နေအောင် ပင် တင်းတင်းကြပ်ကြပ် တအားဖက်ထားတာ။

"ဝိုင်း . . . ကျွန်တော့်ကို ပြန်ချစ်ပါ၊ ဝိုင်းမချစ်ရင် သေလိမ့်မယ်"

"တော်စမ်းပါ . . . ရှင် အခုနပြောတော့ ကျွန်မက ကိုယ့်သဘောနဲ့ကိုယ် ဒီကို လိုက်လာတာဆို . . ."

"အဟဲ . . . အဲဒါချစ်လို့ စတာပါဗျာ၊ စိတ်မဆိုးပါနဲ့"

ဝိုင်းသည် သူ့ရင်ခွင်ထဲ ပူထူမွန်းကြပ်စွာ ရင်တွေ ဗလုန်းဗတာ ခုန်လာရင်း မျက်နှာလေးကိုမော့လျက် သူ့ရင်ဘတ်ကို အကြောက်အကန် တွန်းဖယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးမှာပဲ . . . မရဘူး"

"ဒါဆိုလည်း ကျွန်တော် ချော့လိုက်မယ်"

"အို. . ."

ခါးကလေးကို တင်းတင်းဖက်၍ သူ့ဖက် ပို့ဆွဲကပ်ကာ ဝိုင်းမျက်နှာလေးကို အငမ်းမရ ထိကပ်နမ်းရှိုက်သည်။

မထင်မှတ်သော အယုအယမှာ ဝိုင်းတစ်ကိုယ်လုံး ရှိန်းရှိန်းဖိန်းဖိန်း ပူနွေးတုန်ရီလျက် တစ်စစနှင့် ပျော့ယိုင်ညွတ်ခွေကာ သူ့ကို မှီထားလိုက်ရသည်။

"ချစ်လားဟင် . . . ဝိုင်း၊ ချစ်တယ် မဟုတ်လား"

သူက အခုမှ တိုးတိုးဖွဖွ ထပ်မေးနေသည်။

ဝိုင်းရင်ထဲ ခုန်ပေါက်ဆူညံကာ ဘာမှလည်း မဖြေနိုင်။

သူ့ရင်ခွင်ထဲ မှေးမှီကာ ရှက်မျက်လုံးလေးတွေကိုသာ မှေးမှိတ်ထားမိ၏။ တိတ်ဆိတ်သော အိမ်ကလေးထဲမှာ ချစ်သူနှစ်ဦးရဲ့ အသက်ရှူသံ ခပ်မှျင်းမှျင်းလေးသာ ပျံ့လွင့်နေလေသည်။

ဆုလေးနွယ်

♦ ညာဏ်ဝင်းစာပေ